ကြေးမုံ
The Mirror Daily
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 23 October 2019 ၉၈၁၁

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ဧကရာဇ် နာရူဟီတို၏ ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတကာမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အဆင့်မြင့်ကိုယ်စားလှယ်များ ဂျပန်ဧကရာဇ် နာရူဟီတို၏ ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။

**တိုကျို အောက်တိုဘာ ၂၂**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Ichiro Aisawa အား ယနေ့နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် The Imperial Hotel ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ သီလဝါစက်မှုဇုန်အပါအဝင် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတွင် ပါဝင်အထောက်အကူပြုရေး၊ ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းမှဦးစီး၍ မြန်မာ-ဂျပန်နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတွင် ချယ်ရီပင်များ စိုက်ပျိုးခဲ့သည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဘူတန်ဘုရင် Jigme Khesar Namgyel Wangchuck နှင့် ခေတ္တတည်းခိုသည့် The Imperial Hotel ၌ တွေ့ဆုံသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



ကြေးမုံ

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ခိုင်မာစွာစိုက်ထူ

ဂျပန်ဧကရာဇ်၏ ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ဂျပန်နိုင်ငံ၌ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အောက်တိုဘာလ ၂၁ ရက်နေ့က ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးပြီးနောက် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် "မြန်မာနိုင်ငံအနေနဲ့ ပွင့်လင်းမြင်သာမှုမရှိသော ယှဉ်ပြိုင်မှုမရှိသည့် ပုဂ္ဂိုလ်ရေးပတ်သက်ဆက်နွယ်မှုများကို အခြေခံတဲ့ စီးပွားရေးပုံစံကနေ ပိုမိုပွင့်လင်းမြင်သာ၊ ယှဉ်ပြိုင်မှုနဲ့ စည်းမျဉ်းဥပဒေများကို အခြေခံတဲ့ စီးပွားရေးပုံစံသို့ အသွင်ကူးပြောင်းနေပြီဖြစ်ပါတယ်။ အဆိုပါ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်ဟာ မလွယ်ကူပေမယ့် မိမိတို့အနေနဲ့ အောင်မြင်မှုရရှိလိုပါက အားလုံးဝိုင်းဝန်းကြိုးပမ်းအားထုတ်သွားကြဖို့ လိုအပ်ပါတယ်။ မြန်မာအစိုးရအနေနဲ့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကို ကြိုဆိုလျက်ရှိပြီး အဲဒီအသွင်ကူးပြောင်းမှုတွေမှာ အတူလက်တွဲပြီး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် အထီးကျန်နိုင်ငံအဖြစ်မှ စီးပွားရေးတံခါးဖွင့်မူဝါဒကျင့်သုံးခဲ့ရာ ပွင့်လင်းမြင်သာမှုမရှိ၊ ယှဉ်ပြိုင်မှုမရှိသည့် ပုဂ္ဂိုလ်ရေးပတ်သက်သော စီးပွားရေးပုံစံမှ ပွင့်လင်းမြင်သာမှုရှိပြီး စီးပွားရေးယှဉ်ပြိုင်မှုပုံစံဖြင့် အသွင်ကူးပြောင်းလျက်ရှိရာ ပိုမိုကောင်းမွန်သောမူဝါဒများ ချမှတ်ဆောင်ရွက်နိုင်မှုကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဖြစ်ထွန်းလာပြီး အလားအလာကောင်းသော စီးပွားရေးအခင်းအကျင်းများဖြစ်ပေါ်လာသည်။ အာရှဖွံ့ဖြိုးရေးဘဏ်က မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၁၉ ခုနှစ်တွင် အနေအထားကောင်းမွန်သည့် ၆ ဒသမ ၈ ရာခိုင်နှုန်းအဖြစ် ဆက်လက်ထိန်းသိမ်းနိုင်မည်ဟု မကြာသေးမီက ခန့်မှန်းထားပြီး အာဆီယံဒေသတွင် တတိယမြောက် စီးပွားရေးအမြန်ဆုံးတိုးတက်နေသည့်နိုင်ငံဖြစ်လာမည်ဟု ဆိုထားသည်။ ၂၀၂၀ ပြည့်နှစ်တွင် ဒေသတွင်း၌ အတိုးတက်ဆုံး စီးပွားရေးနိုင်ငံဖြစ်လာမည်ဟု ဟောကိန်းထုတ်ထားသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍသည် အာရှဖွံ့ဖြိုးရေးဘဏ်သာမက နိုင်ငံတကာ၏အသိအမှတ်ပြုမှုအရ မကြုံစဖူးထူးကဲသည့် အပြောင်းအလဲနှင့် တိုးတက်မှုများရှိလာသည်မှာ အမှန်ဖြစ်သည်။ မြန်မာနိုင်ငံက စီးပွားရေးဘက်၌ မဆုတ်မနစ် ကြိုးပမ်းအားထုတ်မှုများသည် တိုးတက်လာသည့် အာရှဒေသဘက်သို့ ကမ္ဘာ့စီးပွားရေးဗဟိုအား ယိမ်းယိုင်လာချိန်တွင် စီးပွားရေးအခွင့်အလမ်းကောင်းများ ပွင့်လင်းအားကောင်းလာစေသည်။ လက်ရှိတွင် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု၏ ၅၀ ရာခိုင်နှုန်းနီးပါးသည် အာရှဒေသတွင်ရှိနေပြီး အာရှဒေသသည် ၂၀၄၀ ပြည့်နှစ်တွင် ကမ္ဘာ့ဂျီဒီပီ၏ ၅၀ ရာခိုင်နှုန်းကျော်လွန်သွားမည်ဟု ခန့်မှန်းထားသည်။

ထိုသို့သောအနေအထားတွင် ခိုင်မာရှည်ကြာသော ရင်းနှီးဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိနှင့်ပြီးသော ဂျပန်နိုင်ငံနှင့် စီးပွားရေးဆက်ဆံမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဖြစ်ထွန်းလာသည်မှာ ခန့်မှန်းထားသည့် အလားအလာကောင်းများနှင့် ကြုံတွေ့လာမည်မှာ သေချာပါသည်။ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများသည် သီလဝါအထူးစီးပွားရေးဇုန်တွင် အသုံးပြုလျက်ရှိသည့် ပြတင်းတစ်ပေါက်စနစ်နှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၁ ဒသမ ၈၆ ဘီလီယံအထိ မြင့်မားလာပြီး တိုယိုတာကဲ့သို့ မော်တော်ကားကုမ္ပဏီကြီးများသာမက စီးပွားရေးလုပ်ငန်းအများအပြား မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်လိုက်ခြင်းသည် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ယုံကြည်မှုရှိကြောင်း ထုတ်ဖော်ပြသလိုက်ခြင်းပင် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဂျပန်နိုင်ငံခရီးစဉ်သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေကြသော ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသာမက ထပ်မံရင်းနှီးမြှုပ်နှံမည့် စီးပွားရေးလုပ်ငန်းရှင်များအတွက်ပါ မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများအပေါ် ပိုမိုယုံကြည်မှုရှိလာပြီး ရင်းနှီးမြှုပ်နှံမှု ခိုင်မာစွာတိုးတက်လာပြီဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တောင်ငူခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( တောင်ငူမြို့ )

၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ (၂၊ ၃)ရက်၊ (စနေ၊ တနင်္ဂနွေ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ခပေါင်းခန်းမ၊ တောင်ငူမြို့။

## နောက်(၂)ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၄၇/၂၀၁၉) ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၄၇/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယ နာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်း၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညွှန့်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂-၁၀-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၁,၇၀၈ | ၁၉,၆၄၂,၀၀၀ |
| MTSH | ၃,၉၅၀ | ၃,၉၅၀ | ၁၀,၆၄၅ | ၄၂,၀၄၇,၇၅၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၄ | ၃၃,၂၀၀ |
| FPB | ၂၃,၅၀၀ | ၂၃,၅၀၀ | ၅၁၅ | ၁၂,၁၀၂,၅၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၂,၇၂၀ | ၈,၁၅၆,၆၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၂၂**

ရန်ကုန်(ရွှေဈေး) ၁၂၁၈၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၄၅ ကျပ် | ၉၅၀/၉၆၀ |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၀၀/၉၄၀ ကျပ် | ၉၈၅/၉၉၅ |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၄၅ ကျပ် | ၈၈၀/၈၉၅ |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၆၀ ကျပ် | ၉၆၀/၉၇၅ |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၉၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၅.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၁၀.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၆.၇၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၆၄၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆.၆၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၆၅၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၄.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၈၂ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၃.၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၇.၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်း ထိန်းသိမ်းရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်တို့ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တိုကျိုမြို့ ဘုရင့်နန်းတော်၌ ကျင်းပသည့် ဂျပန်ဧကရာဇ် နာရူဟီတို၏ ထီးနန်းတက်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

### ဂုဏ်ပြုစကားပြောကြား

ထီးနန်းတက်ပွဲ အခမ်းအနားတွင် ဂျပန်ဧကရာဇ် နာရူဟီတိုက မိန့်ခွန်းပြောကြားပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ဝမ်းမြောက်ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် မိဖုရားမာဆာကိုတို့အား ချီးမွမ်းထောမနာပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်ဧကရာဇ်နှင့် မိဖုရားတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ညစာစားပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံတကာမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အဆင့်မြင့်ကိုယ်စားလှယ်များကို ဂျပန်ဧကရာဇ်နှင့် မိဖုရားတို့က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘုရင့်ဆွေတော်မျိုးတော်များနှင့် တွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး ညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံပေါင်း ၁၅၃ နိုင်ငံမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့်အတူ ညစာကို အတူတကွ သုံးဆောင်သည်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘူတန်ဘုရင် Jigme Khesar Namgyel Wangchuck နှင့် တွေ့ဆုံစဉ်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Ichiro Aisawa၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။



## ထီးနန်းတက်ပွဲ အခမ်းအနားသို့ တက်ရောက်

ဂျပန်နိုင်ငံ တိုကျိုမြို့ ဘုရင့်နန်းတော်၌ ကျင်းပသည့် ဂျပန်ဧကရာဇ် နာရူဟီတို၏ ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ၏ အပြီးသတ်အစီရင်ခံစာ ရေးသားနိုင်ရေး အကြံပြုညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**
ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ၏ အပြီးသတ်အစီရင်ခံစာ ရေးသားနိုင်ရေး အကြံပြုညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် I-20 ၌ ကျင်းပရာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

**အစီရင်ခံစာ တင်သွားမည်**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ပြည်တွင်းပဋိပက္ခနှင့်ပတ်သက်၍ အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ အချက်အလက်များကို ရယူခဲ့ပါကြောင်း၊ ရယူခဲ့သည့် အချက်အလက်များအပေါ်တွင် အခြေခံ၍ အတွင်းရေးမှူးကို အစီရင်ခံစာ မူကြမ်းရေးသားရန်အတွက် တာဝန်ပေးခဲ့ပါကြောင်း၊ ထိုမူကြမ်းကို ယနေ့အစည်းအဝေးတွင် တင်ပြမည်ဖြစ်ပါကြောင်း၊ ထိုမူကြမ်းကို ကော်မတီဝင်များအနေဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်စရာရှိပါက ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်နိုင်ပါကြောင်း၊ ကော်မတီဝင်များ ပြင်ဆင်ဖြည့်စွက်ခဲ့သည့် ဒုတိယမူကြမ်းကို ရေးဆွဲပြီး ထပ်မံအစည်းအဝေးခေါ်ယူ၍ တတိယမူကြမ်းကို ပြင်ဆင်မည်ဖြစ်ပါကြောင်း၊ တတိယမူကြမ်းကို အချောရရှိပါက အတည်ပြုပြီး ကော်မတီဝင်များအားလုံး လက်မှတ်ရေးထိုး၍ အစီရင်ခံစာကို တင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီ အတွင်းရေးမှူး ဦးတင်မြင့်က အစီရင်ခံစာမူကြမ်းအား တစ်ပိုဒ်ချင်းစီ ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင်များက အဆိုပါမူကြမ်းအား ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုသည့် အချက်တို့ကို ဆွေးနွေးသုံးသပ်ကြသည်။



ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဥက္ကဋ္ဌ(၂) ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီး ဦးဇော်အေးမောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာညီလှငယ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်နိုင်သူတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ကျန်းမာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၂**
ရခိုင်ပြည်နယ် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့ဆွေးနွေးပွဲတွင် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဌာနပေါင်းစုံ၊ ဝန်ကြီးဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ပြီး ရခိုင်ပြည်နယ် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရေး ဦးတည်ဆွေးနွေးရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနမှ ကျန်းမာရေးစီမံချက်အသီးသီး၏ မန်နေဂျာများ၊ ဌာနခွဲများမှ တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြင့် လက်တွေ့ကျသော လုပ်ငန်းစဉ်များကို ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး ဌာနခွဲမှ ကျန်းမာရေးစီမံချက်မန်နေဂျာများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။



ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်၏ လူမှုရေးဆိုင်ရာ ပဋိပက္ခနှင့် မတည်ငြိမ်မှုများ၊ လုံခြုံရေးဆိုင်ရာနှင့် အမြဲမပြတ်ပြောင်းလဲနေသော အခြေအနေများကို အလေးပေးထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် ဆွေးနွေးပွဲများပြုလုပ်၍ လိုအပ်ချက်၊ အခက်အခဲနှင့် အမြင်များကို သိရှိဖော်ထုတ်နိုင်မည်ဖြစ်ပြီး မှန်ကန်သော လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကျန်းမာရေးသည် ငြိမ်းချမ်းတည်ငြိမ်ရေးအတွက် ပေါင်းကူးတံတားဖြစ်သည်ဆိုသည့်အတိုင်း ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရွှေ့လျားကျန်းမာရေးဆေးခန်းများသည် ယာယီကယ်ဆယ်ရေးစခန်းများနှင့် လူမှုရေးအခက်အခဲကြောင့် သွားလာရခက်ခဲသော ကျေးရွာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိရေးသည် အရေးကြီးသည့်အတွက် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်အောင် မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှု ပုံစံစစ်တမ်း(၂၀၁၇ - ၂၀၁၈)အရ ရခိုင်ပြည်နယ်သည် မိခင်နှင့် ငါးနှစ်အောက်ကလေးများတွင် အာဟာရချို့တဲ့မှုရာခိုင်နှုန်း များပြားနေသည်ကို တွေ့ရှိရ၍ ပြည်နယ်အတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခက်အခဲနှင့် စိန်ခေါ်မှုများရှိသော်လည်း တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပေးနေသော ဝန်ကြီးဌာနမှ ဝန်ထမ်းများကို အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ ယခုညှိနှိုင်းဆွေးနွေးပွဲမှ ပေါ်ထွက်လာသော အကြောင်းအရာများ၊ အကြံပြုချက်တစ်ခုချင်းစီကို ဝန်ကြီးဌာနမှ အလေးပေးစဉ်းစား၍ ရခိုင်ပြည်နယ် ကျန်းမာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြည်နယ်ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ ပံ့ပိုးဆောင်ရွက်ပေးနေမှု၊ ပြည်နယ်အစိုးရအဖွဲ့မှ အလေးထားပံ့ပိုးပူးပေါင်းဆောင်ရွက်နေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသော စိန်ခေါ်မှု၊ အခက်အခဲနှင့် လိုအပ်ချက်များနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်ဝင်းမြင့်က မောင်တောဒေသ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ပြန်လည်ဝင်ရောက်လာသူများနှင့် ၎င်းတို့နေထိုင်မည့် ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့ကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**

# ဇမ္ဗူသီရိမြို့နယ် ဥပဒေရုံးနှင့် ဒက္ခိဏသီရိမြို့နယ် ဥပဒေရုံးသစ်များ ဖွင့်ပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၂**
ဇမ္ဗူသီရိမြို့နယ် ဥပဒေရုံးသစ်ဖွင့်ပွဲ အခမ်းအနားနှင့် ဒက္ခိဏသီရိမြို့နယ် ဥပဒေရုံးသစ်ဖွင့်ပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ရုံးသစ်များ၌ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲတွင် ဆရာတော်၊ သံဃာတော်များအား နံနက်အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး အဆိုပါ အခမ်းအနားများသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ပံတန်း၌ "သမီးလေး ဖတ်ဖို့ ရှုမျှော်ခင်းများ" စာအုပ်ဖြင့် စာဖတ်ဝိုင်း ပြုလုပ်

**လက်ပံတန်း အောက်တိုဘာ ၂၂**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် စာအုပ်စာပေချစ်မြတ်နိုးသူ စာပေဝါသနာရှင်များ စုစည်း၍ Book Club စာဖတ်ဝိုင်းကို ယနေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင့်နန္ဒာငွေးက အမှာစကား ပြောကြားသည်။

ထို့နောက် စာရေးဆရာ မောင်သာချို ရေးသားသည့် "သမီးလေးဖတ်ဖို့ ရှုမျှော်ခင်းများ"စာအုပ်ပါ အကြောင်းအရာများကို စာအုပ်စာပေ ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များက အလှည့်ကျ ဖတ်ကြားဆွေးနွေးကြပြီး တက်ရောက်လာသည့် အသင်းဝင် ကျောင်းသား ကျောင်းသူများက စာပေနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ စာပေဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# ဘေးသင့်ဒေသများရှိ ပြည်သူများအတွက် အလှူငွေများ လာရောက်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၂၂**
မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ဒေသများတွင် လူသားချင်းစာနာထောက်ထားမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ဦးအောင်သန်း + ဒေါ်ငွေးငွေး၊ သား ဒေါက်တာစည်သူအောင်နှင့်သမီးများ (စွမ်းအားရာထူးဝင်ခွင့်သင်တန်းနှင့် အင်္ဂလိပ်စာသင်တန်း) မိသားစုတို့က ငွေကျပ် ၁၀ သိန်း၊ ဒေါက်တာစည်သူအောင်နှင့်တပည့်များ (စွမ်းအားရာထူးဝင်ခွင့်သင်တန်းနှင့် အင်္ဂလိပ်စာသင်တန်း၊ ပျဉ်းမနား) တို့က ငွေကျပ် ၂၀၂၂၀၀၀ တို့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အလှူငွေများကို လက်ခံပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆောင်းရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၂**
၂၀၁၉ ခုနှစ် နေပြည်တော် ဆောင်းရာသီအခြေခံ အားကစားသင်တန်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အမှာစကား ပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဆောင်းရာသီအခြေခံ အားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး/ဆရာမကြီးများက အားကစားသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**



# မြန်မာအမျိုးသားလေကြောင်း လေယာဉ်မယ်သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း လေကြောင်းပျံသန်းမှုလုပ်ငန်း၏ လေယာဉ်မယ်သင်တန်း (၁/၂၀၁၉) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ လေကြောင်းပညာသိပ္ပံသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်း၊ လေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီး ဦးဇော်ဇော်နှင့် လေကြောင်းပျံသန်းရေးလုပ်ငန်းဌာနမှူး ကပ္ပတိန် ခုပ်ခန့်မုံတို့က ထူးချွန်ဆုများ၊ သင်တန်းဆင်းအောင်လက်မှတ်များနှင့် ရင်ထိုးတောင်ပံများကို ပေးအပ်ကြသည်။ **သတင်းစဉ်**

# ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၃၆၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၈၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၂**
နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးချင်း ဝင်ငွေ တိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**စုစုပေါင်း ၂၈၁၂၂ ဦး**

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေမှာ အစိုးရအလုပ်အကိုင် ၁၆၃၇ ဦး၊ ပုဂ္ဂလိက အလုပ်အကိုင် ၂၆၄၈၅ ဦး စုစုပေါင်း ၂၈၁၂၂ ဦး ဖြစ်သည်။

နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအခြေအနေမှာ မလေးရှားနိုင်ငံသို့ ၉၁၄၅ ဦး၊ စင်ကာပူနိုင်ငံသို့ ၃၁ ဦး၊ ကိုရီးယားနိုင်ငံသို့ ၆၅၃ ဦး၊ ထိုင်းနိုင်ငံသို့ ၂၆၁၇၃ ဦး၊ ဂျပန်နိုင်ငံသို့ ၆၄၆ ဦး၊ ယူအေအီးသို့ ၁၀၁ ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၁၅၃ ဦး စုစုပေါင်း ၃၆၉၀၂ ဦးကို အလုပ်အကိုင်ရရှိရေးအတွက် စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း နိုဝင်ဘာလတွင် စတင်ကောက်ယူမည်

**နေပြည်တော် အောက်တိုဘာ ၂၂**
၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းနည်းပြသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရှေးဦးစွာ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်က ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း စတင်ဆောင်ရွက်မည့် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ ပရိုဂရမ်ကျွမ်းကျင်ပညာရှင် Mr. DANIEL Msonda က CAPI စနစ်ဖြင့် သန်းခေါင်စာရင်း ကောက်ယူမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နမူနာစာရင်းကောက်ကွက်ပေါင်း ၄၀၀၀ ကျော် ကောက်ယူမည်ဖြစ်ပြီး နိုဝင်ဘာလမှစတင်၍ လေးသုတ်ခွဲကာ ကောက်ယူမည်ဖြစ်သည်။ ယခုကောက်ယူမည့် ကြားဖြတ်သန်းခေါင်စာရင်းကို ယခင်ကောက်ယူခဲ့သည့် မေးခွန်းစာရွက်အသုံးပြုသည့်နည်းဖြင့် ကောက်ယူမည်မဟုတ်ဘဲ Mobile Tablet ကို အသုံးပြုကာ ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းမေးမြန်းကောက်ယူသည့်စနစ်(Computer-assisted Personal Interviewing – CAPI ) ဖြင့် ကောက်ယူမည်ဖြစ်ပြီး ပထမသုတ်အနေဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် လည်းကောင်း၊ ဒုတိယသုတ်အနေဖြင့် ကရင်၊ ကယား၊ မွန်ပြည်နယ်တို့နှင့် တနင်္သာရီ၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် လည်းကောင်း၊ တတိယသုတ်အနေဖြင့် ပဲခူး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် လည်းကောင်း၊ စတုတ္ထသုတ်အနေဖြင့် ရခိုင်၊ ရှမ်းပြည်နယ်တို့နှင့် ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးတို့တွင် လည်းကောင်း ကောက်ယူသွားမည်ဖြစ်သည်။

ယခုအခါ ပထမသုတ်ကောက်ယူမည့် ဦးစီးရုံးချုပ်မှ ဝန်ထမ်းများ၊ သက်ဆိုင်ရာ ဒေသအသီးသီးတွင် နည်းပြအဖြစ်ဆောင်ရွက်မည့်



ဒေသခံလူငယ်များ၊ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၃၉ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွန်ုပ်တို့၏လေ့လာမှုစွမ်းပကားကို မြှင့်တင်ရေး

## ■ ကောင်းမွန်

လေ့လာမှုဆိုသည်မှာ ဘဝ၏အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ မည်သည့်လုပ်ငန်းအတတ်ပညာ၌မဆို လေ့လာမှုစွမ်းပကားမှာ များစွာအရေးကြီးပြီး တန်ဖိုးမဖြတ်နိုင်သည့်အရာဖြစ်သည်။ လေ့လာမှုစွမ်းပကားသည် အဖွဲ့အစည်းတိုင်း၌ ထုတ်လုပ်မှုစွမ်းအားကို တိုးမြင့်စေပြီး အကျိုးအမြတ် ပိုမိုဖြစ်ထွန်းစေသည်ဟု ဆိုနိုင်သည်။

ယခုခေတ်ကဲ့သို့ နည်းပညာခေတ်ကာလတွင် လေ့လာမှု၏အရေးပါမှုကို အမေရိကန်စာရေးဆရာ အယ်လ်ဗင်တော်ဖလာ၏ အကိုးအကားဖြင့် အကောင်းဆုံး အကျဉ်းချုပ်ဖော်ပြရမည်ဆိုပါက “(၂၁)ရာစုခေတ်တွင် ပညာမတတ်သူများဆိုသည်မှာ ယခင်ကကဲ့သို့ စာရေး/စာဖတ်မတတ်သူများ မဟုတ်ကြတော့ဘဲ လေ့လာမှုမပြုလုပ်နိုင်သူများ၊ လေ့လာထားသည်များကို ပြန်လည်ဝေမျှနိုင်ခြင်းမရှိသူများ၊ အသစ်တစ်ဖန် ပြန်လည်လေ့လာခြင်း မပြုနိုင်သူများ”ပင်ဖြစ်တော့သည်။

နိုင်ငံတကာ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီနယ်ပယ်၌လည်း “ပေါ့ပါးတက်ကြွစွာ လေ့လာနိုင်မှု”သည် တွင်ကျယ်လာသည့် ဝေါဟာရတစ်ခုဖြစ်သည်ဟု ဆိုကြသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့၏လေ့လာမှုစွမ်းရည်ကို ပိုမိုတိုးတက်စေမည့် နည်းလမ်းအချို့အား အောက်ပါအတိုင်းဖော်ပြလိုက်ပါသည်–

**(၁) မှန်ကန်သည့်စိတ်နေစိတ်ထားရှိပါစေ။**

များစွာသောလူတို့သည် ပညာသင်ကြားခြင်းကို ငြီးငွေ့ဖွယ် လှုပ်ရှားမှုတစ်ရပ်အဖြစ် မှတ်ယူကြသည်။ လေ့လာမှုကို ဖိအားတစ်ရပ်အဖြစ် မှတ်ယူတတ်ကြသည်။ ဘာသာရပ်တစ်ခု၊ အကြောင်းအရာတစ်ခုကို လေ့လာသင်ယူရာတွင် ယင်းကဲ့သို့သော စိတ်နေစိတ်ထားမျိုးဖြင့် စတင်မည်ဆိုပါက သင်ကြားမှုအပိုင်း၌ အခက်အခဲကို ပိုမိုတိုးမြင့်စေမည့်အပြင် ရလဒ်ကောင်းကိုလည်း ရရှိနိုင်မည်မဟုတ်ပေ။ ယင်းကဲ့သို့ စိတ်ထားရှိသူတို့သည် တဖြည်းဖြည်းနှင့် ပိုမိုဆန်းသစ်သည့် လေ့လာမှုအခွင့်အလမ်းများမှ ကင်းကင်းဝေးဝေးနေရန် ဆုံးဖြတ်ကြမည်ဖြစ်သည်။

သို့ဖြစ်ပါက ယင်းကဲ့သို့ စိတ်နေစိတ်ထားမျိုးကို မည်ကဲ့သို့ပြုပြင်ပြောင်းလဲသင့်ပါသနည်း။ လွန်စွာရိုးစင်းသည့်ကိစ္စပင်ဖြစ်ပါသည်။ “လေ့လာသင်ယူမည့် အကြောင်းအရာထဲ၌ မိမိအတွက် အကျိုးရှိစေမည့် မည်သည့်အရာများ ပါဝင်သနည်း”ဟု စိစစ်ကြည့်ပါ။ မေးခွန်းထုတ်ကြည့်ပါ။ ကျွန်ုပ်တို့ လေ့လာသင်ယူမည့် ဘာသာရပ်၊ အကြောင်းအရာမှာ ကျွန်ုပ်တို့၏လုပ်ငန်းခွင် (သို့တည်းမဟုတ်) မိမိတို့၏ဘဝအတွက် မည်ကဲ့သို့ အကျိုးရှိစေမည်ကို စဉ်းစားကြည့်ပါ။

အကျိုးကျေးဇူးများများကို စဉ်းစားရှာဖွေနိုင်လေလေ လေ့လာသင်ကြားရန် ပိုမိုလွယ်ကူလေလေပင်ဖြစ်သည်။ ယင်းသို့ဆိုပါက ဘာသာရပ်တစ်ခုကို လေ့လာနိုင်မည့်အခွင့်အလမ်းများမှ ကင်းဝေးစွာနေမည့်အစား ယင်းတို့ကို လေ့လာသင်ကြားနိုင်မည့် အခွင့်အလမ်းများအား စိစစ်ရှာဖွေနေသင့်သည်။

**(၂) အာရုံစူးစိုက်ပါ။ အလေးထားပါ။**

လေ့လာမှုနှင့် မှတ်ဉာဏ်တို့၏ လျှို့ဝှက်ချက်တစ်ခုမှာ အာရုံစူးစိုက်ခြင်း၊ အလေးထားခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ရာနှုန်းပြည့်အာရုံစူးစိုက်မည်ဆိုပါက လေ့လာသင်ယူရာတွင် ပိုမိုလျင်မြန်စေမည့်အပြင် ပိုမိုလွယ်ကူစေမည်ဖြစ်သည်။

အာရုံစူးစိုက်ရန် လွယ်ကူသည့်နည်းလမ်းတစ်ရပ်မှာ လေ့လာလိုသည့် သတင်းအချက်အလက်ကို အာရုံတွင် မျက်ဝါးထင်ထင်ရှိစေရန် မြင်ယောင်ကြည့်ရေးဖြစ်သည်။ ရုပ်ပုံကားချပ်တစ်ခုသည် စကားလုံးပေါင်းတစ်ထောင်ထက် ပိုမိုအဖိုးထိုက်တန်သည်ဟူသော ဆိုစကားနှင့်အညီ

**ကျွန်ုပ်တို့ လေ့လာသင်ယူထားသည့် အကြောင်းအရာတစ်ခုအား အခြားသူတစ်ဦးဦးကို ပြန်လည်သင်ကြားပေးရန် အသင့်မရှိသည့်တိုင် ယင်းအရာကို နောက်ပိုင်းတွင် လုပ်ဖော်ကိုင်ဖက်တစ်ဦး (သို့မဟုတ်) လုပ်ငန်းအုပ်စုဝင်တစ်ဦးဦးကို ပြန်လည်သင်ကြားပေးမည်ဟု စိတ်ထဲ၌ မှန်းဆရည်ရွယ်ထားသင့်**

ကျွန်ုပ်အနေဖြင့် ခေါင်းဆောင်မှုစည်းမျဉ်းများကို လေ့လာမှတ်သားမည်ဆိုပါက အဆိုပါစည်းမျဉ်းများကို မိမိ၏အဖွဲ့အစည်း၊ လုပ်ငန်း၌ မည်သို့ပြန်လည်ကျင့်သုံးသွားမည်ကို ပုံဖော်စိတ်ကူးကြည့်ပါ။ အကယ်၍ အရောင်းအဝယ်လုပ်ငန်းစဉ်တစ်ခုအကြောင်းကို လေ့လာသင်ယူနေခြင်းဖြစ်ပါက အဆိုပါလုပ်ငန်းအဆင့်ဆင့်အား မည်သို့ပြန်လည်အသုံးပြုမည်ကို မှန်းဆကြည့်ပါ။

ယင်းသို့ လုပ်ဆောင်သွားနိုင်မည်ဆိုပါက ကျွန်ုပ်တို့အတွက် လေ့လာသင်ကြားမှုအပေါ် ပိုမိုအာရုံစူးစိုက်နိုင်ပြီး လေ့လာသင်ကြားမှုလုပ်ငန်းစဉ်မှာလည်း ပိုမိုလွယ်ကူ၍ နှစ်လိုဖွယ်ကောင်းကြောင်း တွေ့ရှိရမည်ဖြစ်သည်။

**(၃) ပေါင်းစည်းပါ။**

နာမည်ကျော် ဟားဗတ်တက္ကသိုလ်မှ စိတ်ပညာရှင်တစ်ဦးဖြစ်သူ ဝီလျံဂျိမ်းစ်က လူသားတို့၏စိတ်ကို ပေါင်းစည်းမှုစက်ပစ္စည်းတစ်ခုအဖြစ် ရည်ညွှန်းခဲ့သည်။ ပေါင်းစည်းမှုဆိုသည်မှာ ကျွန်ုပ်တို့လေ့လာမှတ်သားနေသည့်အရာကို ဦးနှောက်၌ သံမှိုဖြင့်စွဲထားသကဲ့သို့ဖြစ်စေသည့် စိတ်ပိုင်းဆိုင်ရာ“ကော်”ဟုလည်း ဆိုနိုင်သည်။

လေ့လာသင်ယူမှုနယ်ပယ်၌ ပေါင်းစည်းမှုဆိုသည်မှာ ကျွန်ုပ်တို့အနေဖြင့် လေ့လာမှတ်သားလိုသည့်အကြောင်းအရာတစ်ခုကို ယခင်က လေ့လာမှတ်သားထားသည့် အကြောင်းအရာတစ်ခုနှင့် ဆက်စပ်ပေးခြင်းဖြစ်သည်။ ယင်းသို့ဆက်စပ်နိုင်ရေးအတွက် လေ့လာသင်ယူနေသည့် အကြောင်းအရာနှင့်ဆက်နွှယ်နေသည့် ကိစ္စရပ်များအား လုပ်ဖော်ကိုင်ဖက်များနှင့် ပြောဆိုခြင်းမျိုး သို့မဟုတ် အင်တာနက်ကို အသုံးပြုခြင်းတို့ပြုလုပ်သင့်သည်။ သို့မှသာ သင်၏ဦးနှောက်အတွင်း လေ့လာမှုများ ဆက်နွှယ်မှုရှိစေမည်ဖြစ်သည်။

**(၄) ပြန်လည်သင်ကြားပေးပါ။**

“အကြောင်းအရာ / ဘာသာရပ်တစ်ခုကို လေ့လာသင်ယူရန် အကောင်းဆုံးနည်းလမ်းမှာ ယင်းအကြောင်းအရာအား အခြားသူတစ်ဦးဦးကိုပြန်လည်သင်ကြားပေးခြင်းဖြစ်သည်”ဟု ဆိုကြသည်။ ကျွန်ုပ်တို့ လေ့လာသင်ယူထားသည့်အကြောင်းအရာတစ်ခုအား အခြားသူတစ်ဦးဦးကို ပြန်လည်သင်ကြားပေးရန် အသင့်မရှိသည့်တိုင် ယင်းအရာကို နောက်ပိုင်းတွင် လုပ်ဖော်ကိုင်ဖက်တစ်ဦး (သို့မဟုတ်) လုပ်ငန်းအုပ်စုဝင်တစ်ဦးဦးကို ပြန်လည်သင်ကြားပေးမည်ဟု စိတ်ထဲ၌ မှန်းဆရည်ရွယ်ထားသင့်သည်။

ယင်းသို့လုပ်ဆောင်ခြင်းဖြင့် လေ့လာသင်ယူမှု၏ အရည်အသွေးသည် သိသာစွာ တိုးတက်လာကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ နောက်ပိုင်းတွင် ယင်းအကြောင်းအရာကို ပြန်လည်သင်ကြားပေးခြင်း၊ အခြားသူများနှင့် မျှဝေပေးခြင်း (သို့မဟုတ်) ဆွေးနွေးခြင်းဖြင့် မိမိတို့ လေ့လာထားရှိသည့် ဘာသာရပ်၊ အကြောင်းအရာများ၏ အချက်အလက်များကို ပိုမိုခိုင်မာစေမည်ဖြစ်ပါသည်။

**(၅) ပြန်လည်လေ့ကျင့်ပါ။**

သုတေသနလေ့လာမှုများအရ လူတို့သည် အကြောင်းအရာတစ်ခုခုကို စတင်သင်ယူသည့်ပထမဦးဆုံး ၂၄ နာရီအတွင်း ယင်းအကြောင်းအရာ၏ ၈၀ ရာခိုင်နှုန်းအထိ မေ့လျော့သွားတတ်ကြောင်း တွေ့ရှိရသည်။ ယင်းသို့ဆိုပါက အချိန်ကုန်၊ ပင်ပန်း၊ အားထုတ်ရကျိုးမနပ်ဟု ဆိုရပါမည်။

လေ့လာသင်ယူနိုင်ခြင်းနှင့် လေ့လာသင်ယူထားသည့်အချက်အလက်များကို အချိန်အတော်ကြာ ထိန်းသိမ်းထားနိုင်ရေးအတွက် ယင်းအချက်အလက်များကို အနည်းဆုံး နှစ်ကြိမ်ခန့် ပြန်လည်လေ့လာမှတ်သားသင့်သည်။ ပထမအကြိမ် ပြန်လည်လေ့ကျင့်မှုကို ပထမဆုံးအကြိမ် စတင်လေ့လာသည့်နေ့မှာပင် ဆောင်ရွက်သင့်ပြီး ဒုတိယအကြိမ် ပြန်လည်လေ့ကျင့်မှုကို နောက်ပိုင်းတွင် ဆက်လက်ဆောင်ရွက်သွားသင့်သည်။

**(၆) ကျင့်သုံးပါ။**

အသိပညာဆိုသည်မှာ သင့်အနေဖြင့် လက်တွေ့ကျင့်သုံးမှသာ အမှန်တကယ်အစွမ်းရှိပါသည်။ ကျွန်ုပ်တို့သည် လေ့လာမှုနယ်ပယ်တစ်ရပ် (သို့မဟုတ်) မိမိတို့စိတ်ဝင်စားမှုနယ်ပယ်တစ်ခု၌ နောက်ဆုံးပေါ်အသစ်အဆန်းများ(သို့တည်းမဟုတ်) နောက်ဆုံးပေါ်နည်းပညာများနောက်သို့ ထမင်းမေ့ ဟင်းမေ့ အစဉ်အမြဲ လိုက်လံစူးစမ်းနေသူတစ်ဦး မဖြစ်သင့်ပေ။

နောက်ဆုံးပေါ်နည်းပညာများအကြောင်း သိရှိထားသည်မှာ အကျိုးရှိသော်လည်း ယင်းနည်းပညာများကို ပြန်လည်အသုံးချနိုင်ခြင်းမရှိပါက ယင်းတို့ကိုလေ့လာနေခြင်းမှာ အဓိပ္ပာယ်ရှိမည်မဟုတ်ပေ။ တစ်နည်းအားဖြင့် အတတ်ပညာ၊ ဘာသာရပ်အမျိုးပေါင်း ၁၀၀ ကျော်ကို လေ့လာပြီး ကြည်နူးခံစားနေခြင်းထက် ဘာသာရပ်တစ်ခုခုကိုလေ့လာပြီး ယင်းကို အမြန်ဆုံးပြန်လည်အသုံးချနိုင်ခြင်းက များစွာအကျိုးရှိ ကောင်းမွန်ပါသည်။

ဤနေရာတွင် ကွန်ဖြူးရှပ်၏ အမှာစကားတစ်ရပ်ကို ဖော်ပြလိုပါသည်–

“ကျွန်ုပ်တို့ကို အကြောင်းအရာတစ်ခုခုပြောကြားမည်ဆိုပါက အမှုမဲ့အမှတ်မဲ့ဖြင့် မေ့လျော့နေမည်ဖြစ်သည်။ ယင်းအကြောင်းအရာကို ကျွန်ုပ်တို့ကို လက်တွေ့ပြသမည်ဆိုပါက အမှတ်တရရှိနေမည်ဖြစ်သည်။ ယင်းအကြောင်းအရာအား ကျွန်ုပ်တို့ကိုယ်တိုင် လုပ်ကိုင်ခွင့်ရမည်ဆိုပါက မေ့လျော့ခြင်းမရှိတော့ဘဲ ကောင်းစွာအမှတ်ရနေမည်ဖြစ်သည်”

ကျွန်ုပ်တို့လေ့လာသင်ကြားထားသည့် အကြောင်းအရာများကို ပြန်လည်အသုံးချသည့်အချိန်တွင် အထက်ဖော်ပြပါ အယူအဆ၏ သဘောတရားကို ကောင်းစွာနားလည်သဘောပေါက်ကြမည်ဖြစ်သည်။

**Ref:**

**Kasibhatla, Nishant . "Supercharge your learning power." The Star 5 Jul. 2012: StarClassifieds**

**MaungKoung Mon. “သင်၏ လေ့လာမှုစွမ်းပကားကို မြှင့်တင်ရေး”. Outer Circle (သို့) အပြင်စီးမဂ္ဂဇင်း၊ Dec 2012**






## ရုပ်ရှင်သရုပ်ဆောင်ပိုင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

ရုပ်ရှင်သရုပ်ဆောင်ပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၅၀ ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ သင်တန်းခန်းမ၌ ကျင်းပရာ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် International Holly Wood Acting Trainer Mr. Thierry Bleu က နိုင်ငံတကာရုပ်ရှင်အနုပညာဘာသာရပ်များအနက် သရုပ်ဆောင်ဘာသာရပ်အတွက် Method acting ၏ အရေးပါမှု အချက်အလက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ Script Class၊ Reflexion နှင့် Laurel Art မှ သင်တန်းသားများက အပြန်အလှန် မေးခွန်းများ မေးမြန်းဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် BBC မှ သတင်းနှင့် မျက်မှောက်ရေးရာညွှန်ကြားရေးမှူး Ms.Francesca Unsworth နှင့် BBC Media Action ၏ အမှုဆောင်ညွှန်ကြားရေးမှူး Ms.Caroline Nursey ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် NTEGRATOR Private Limited မှ Managing Director ဖြစ်သူ Mr. Jimmy Chang နှင့် အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် BBC မှ သတင်းနှင့် မျက်မှောက်ရေးရာညွှန်ကြားရေးမှူး Ms. Francesca Unsworth နှင့် BBC Media Action ၏ အမှုဆောင်ညွှန်ကြားရေးမှူး Ms.Caroline Nursey ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ NTEGRATOR Private Limited မှ Managing Director ဖြစ်သူ Mr.Jimmy Chang နှင့် အဖွဲ့အား မွန်းလွဲ ၃ နာရီတွင် လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

BBC မှ သတင်းနှင့် မျက်မှောက်ရေးရာညွှန်ကြားရေးမှူးနှင့် BBC Media Action ၏ အမှုဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် BBC Media Action တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ဆက်လက်ထုတ်လွှင့်သွားမည့် အစီအစဉ်များ၊ ပြောင်းလဲလာသည့် မီဒီယာခေတ်ရေစီးကြောင်းအရ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု(Media and Information Literacy) အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် အရေးကြီးပုံတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

NTEGRATOR Private Limited မှ Managing Director အဖွဲ့နှင့် တွေ့ဆုံစဉ် နိုင်ငံတစ်ဝန်းရှိ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များနှင့် ရုံးများတွင် ကွန်မြူနတီစင်တာ တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ BBC မှ သတင်းနှင့် မျက်မှောက်ရေးရာညွှန်ကြားရေးမှူး Ms. Francesca Unsworth ၊ BBC Media Action ၏ အမှုဆောင်ညွှန်ကြားရေးမှူး Ms.Caroline Nursey ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၂**
၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း၏ နောက်ဆက်တွဲ(၃)ဖြင့် တင်ပြထားခဲ့သည့် လုပ်ငန်းစီမံကိန်း ၁၄၉ ခု စာရင်းအား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် မှတ်တမ်းတင်ထားရှိခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ပြုလုပ်သည်။

**စီမံကိန်း ၁၄၉ ခု စာရင်း**

သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက စက်တင်ဘာ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေကြမ်းတင်သွင်းရာ၌ ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်း ၁၄၉ ခု စာရင်းကို နောက်ဆက်တွဲ(၃)ဖြင့် တင်ပြထားခဲ့ကြောင်း၊ စီမံကိန်း ၁၄၉ ခုသည် ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်ရှိသော စီမံကိန်းများ ဖြစ်ပါကြောင်း၊ စီမံကိန်းကြီးများ အကောင်အထည်ဖော် ဆောင်ရွက်လိုသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းစီမံကိန်းကြီးများကို အလွယ်တကူ သိရှိနိုင်ရန် အဆင်သင့်ပြုစုရေးဆွဲထားသော စီမံကိန်းများဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းစီမံကိန်း ၁၄၉ ခုအနက် အကြိုဆန်းစစ်လေ့လာမှု ပြုလုပ်ပြီးသော လုပ်ငန်းစီမံကိန်းများ၊ အသေးစိတ်ကြိုတင်လေ့လာမှု ပြုထားပြီးသော စီမံကိန်းများပါရှိကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း၏ နောက်ဆက်တွဲ(၃)သည် တိုင်းဒေသကြီးအတွင်းတွင် ဆောင်ရွက်ခြင်းမပြုမည့် လုပ်ငန်းစီမံကိန်းများ မဟုတ်ဘဲ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ဆောင်ရွက်ရန်ရှိသော လုပ်ငန်းစီမံကိန်းများစာရင်းကို ပွင့်လင်းမြင်သာစွာ တင်ပြထားခြင်းဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် လုပ်ငန်းစီမံကိန်းကြီးများကို အလွယ်တကူသိရှိနိုင်ရန် အဆင်သင့်ပြုစုရေးဆွဲထားသော စီမံကိန်းများ ဖြစ်ကြောင်း ယနေ့သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက “ရန်ကုန်တိုင်းဒေသကြီးထဲမှာ အကောင်အထည်ဖော်မယ့် စီမံကိန်းအားလုံးကို ဖော်ပြပေးခြင်းဖြစ်ပါတယ်။ Supporting Document အနေနဲ့ ပြည်သူရော၊ လွှတ်တော်ကိုယ်စားလှယ်တွေရော အားလုံးသိစေလိုတဲ့ ဆန္ဒတစ်ခုနဲ့ ပူးတွဲ Supporting Document အနေနဲ့ ဖော်ပြပေးခြင်း ဖြစ်ပါတယ်။ အဲဒီလိုဖော်ပြတဲ့နေရာမှာ အဲဒီ စီမံကိန်းတွေကို မှတ်တမ်းအဖြစ် ထားရှိလိုက်တယ်ဆိုတဲ့နေရာမှာ သဘောပေါက်နားလည်မှုလွဲသွားတာဖြစ်ပါတယ်။ အဲဒီနားလည်မှုက ဘာလဲဆိုတော့ မှတ်တမ်းအဖြစ် ထားရှိလိုက်တဲ့ ဒါတွေကို အကောင်အထည်မဖော်တော့ဘူးလားဆိုပြီး ထင်သွားတဲ့သူတွေလည်းရှိတယ်။ အဲဒီထဲမှာမှ တချို့ဟာတွေက လုပ်လက်စတွေရှိတယ်။ အကြိုဆန်းစစ်လေ့လာမှု ပြုလုပ်ပြီးသော လုပ်ငန်းစီမံကိန်းတွေရှိတယ်။ အသေးစိတ် ကြိုတင်လေ့လာမှုပြုထားတဲ့ စီမံကိန်းတွေရှိတယ်။ ရန်ကုန်တိုင်းဒေသကြီးထဲမှာ လုပ်ဆောင်သင့်တယ်ဆိုတဲ့ ဒေသန္တရစီမံကိန်းဥပဒေရဲ့ အစိတ်အပိုင်းကို Supporting ပေးမယ့် Document အနေနဲ့ ဖော်ပြခြင်းဖြစ်ပါတယ်။ ဒါကိုပူးတွဲဖော်ပြပေးထားတယ်ဆိုတာ မှတ်တမ်းတင်ထားတာပါ။ အကောင်အထည်မဖော်တော့ဘူးဆိုပြီး နားလည်မှုလွဲတာပါ”ဟု ပြောသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း၏ နောက်ဆက်တွဲ(၃)ဖြင့် တင်ပြထားခဲ့သည့် လုပ်ငန်းစီမံကိန်း ၁၄၉ ခု စာရင်းတွင် Yangon Project Bank မှ စီမံကိန်း ၈၀ အပြင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ၊ ODA (နိုင်ငံခြားချေးငွေ၊ အကူအညီ၊ အထောက်အပံ့ – Loan, Grant, Aid)ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအပြင် PPP စနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ကိုဖြိုး**





# ထိုင်း–ဂျပန် ဖက်စပ်ကုမ္ပဏီက မြန်မာနိုင်ငံ၌ ဘတ်သန်း ၅၀၀ တန် အိမ်သုတ်ဆေးစက်ရုံ တည်ဆောက်မည်

**ဗန်ကောက် အောက်တိုဘာ ၂၂**
ထိုင်းနိုင်ငံမှ TOA–Chugoku Paints (TCP)ကုမ္ပဏီသည် မြန်မာနိုင်ငံ၌ ယင်း၏ပထမဆုံးသော ပင်လယ်ရပ်ခြားအိမ်သုတ်ဆေးစက်ရုံတည်ဆောက်ရန် ဘတ်သန်း ၅၀၀ ကြိုတင်လျာထားလိုက်သည်။ စက်ရုံသစ်မှာသုတ်ဆေးနှစ်မျိုးကို တစ်လလျှင် တန်ချိန် ၃၀၀ အထိ ထုတ်လုပ်မည်ဖြစ်သည်။

TCP ၏ အိမ်သုတ်ဆေးစက်ရုံသစ်မှာ သီလဝါ အထူးစီးပွားရေးဇုန်အတွင်း တည်ရှိမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် လုပ်ငန်းလည်ပတ်မှုများစတင်ရန် စီစဉ်ထားသည်။ TCP က စက်ရုံလည်ပတ်ရန် မြန်မာနိုင်ငံ၌ လုပ်ငန်းခွဲသစ်တစ်ခုဖြစ်သည့် TCP Myanmar ကို ဖွဲ့စည်းခဲ့သည်။ သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံသစ်တွင် ဂျပန်နိုင်ငံမှ Chugoku Marine Paints (CMP)က အစုရှယ်ယာ ၅၁ ရာခိုင်နှုန်း ပိုင်ဆိုင်ပြီး ထိုင်းနိုင်ငံမှ TOA Venture Holding (TOAVH)က အစုရှယ်ယာ ၄၉ ရာခိုင်နှုန်း ပိုင်ဆိုင်သည်။ TCP သည် ၂၀၁၂ ခုနှစ်တွင် မဲဆောက်ခရိုင်မှ ရန်ကုန်သို့ အိမ်သုတ်ဆေးနှစ်မျိုး တင်ပို့မှုစတင်ခဲ့ကြောင်း TCP ၏ မန်နေဂျင်းဒါရိုက်တာ ပီဆစ် ဘွန်ချန်ယာက ပြောကြားသည်။ ထိုင်းနှင့် ဂျပန်ကုမ္ပဏီတို့သည် မြန်မာနိုင်ငံ၌ စက်ရုံသစ်တစ်ခုတည်ဆောက်၍ ရင်းနှီးမြှုပ်နှံရန် ယခုနှစ်အစောပိုင်းတွင် ဆုံးဖြတ်ခဲ့သည်။

“မြန်မာနိုင်ငံက လွန်ခဲ့တဲ့ငါးနှစ်ကတည်းက စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေအတွက် လမ်းဖွင့်ပေးခဲ့ပြီး လုပ်ငန်းတိုးချဲ့မယ့် စီမံကိန်းကြီးတွေ များစွာရှိပါတယ်” ဟု ၎င်းက ဆိုသည်။ မြန်မာနိုင်ငံ၏ အိမ်သုတ်ဆေးဈေးကွက် တန်ဖိုးမှာ အကြမ်းဖျင်းအားဖြင့် ဘတ်သန်း ၃၀၀ ခန့်ရှိပြီး TCP က ဈေးကွက်ဝေစု ၇၀ ရာခိုင်နှုန်းခန့် ရရှိထားသည်။ မြန်မာနိုင်ငံ၌ စက်ရုံသစ်တည်ဆောက်မည့် အစီအစဉ်မှာ TCP က ပြည်ပ၌ လုပ်ငန်းတိုးချဲ့မည့်စီမံချက်၏ တစ်စိတ်တစ်ဒေသ ဖြစ်ပြီး အနာဂတ်ကာလတွင် အလားတူစက်ရုံများကို ကမ္ဘောဒီးယား၊ လာအိုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၌ တည်ဆောက်မည့် အစီအစဉ်များရှိသည်။



**ကိုးကား–ဗန်ကောက်ပို့စ်၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# မြန်မာ– ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး သံဃာအပါး သုံးသောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မန္တလေးမြို့တွင် ဒီဇင်ဘာ ၈ ရက်နေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



၂၀၁၈ ခုနှစ်က သံဃာအပါး နှစ်သောင်းအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကြီးကို ချမ်းမြသာစည်လေယာဉ်ကွင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့စဉ်။

**မန္တလေး အောက်တိုဘာ ၂၂**
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ မြန်မာအလှူရှင်များနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဓမ္မကာယ ဖောင်ဒေးရှင်းအလှူရှင်များ စုပေါင်း၍ မြန်မာ–ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေး သံဃာအပါး သုံးသောင်း ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ဒီဇင်ဘာ ၈ ရက်တွင် မန္တလေးမြို့ ချမ်းမြသာစည်လေယာဉ်ကွင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**လောင်းလှူကြရန် ဖိတ်ခေါ်**

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို သံဃာအပါး သုံးသောင်းအား တစ်နေရာတည်း၌ တစုတဝေးတည်း ဖူးမြော်ကြည်ညိုလှူဒါန်းခွင့် ရရှိကြစေရန်နှင့် မြန်မာ– ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုခိုင်မြဲစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ကျင်းပရေးလုပ်ငန်းကော်မတီက သံဃာတော်တစ်ပါးလျှင် နဝကမ္မအလှူတော်ငွေ ကျပ် သုံးသောင်းနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ၊ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပြီး အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲသို့ မည်သူမဆို လာရောက်ဆင်နွှဲ၍ ကြည်ညိုပါဝင်လောင်းလှူကြရန် ဖိတ်ခေါ်ကြောင်း ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းက ပြောသည်။

''သံဃာအပါး သုံးသောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲမှာ သံဃာတော်တွေ တစုတဝေးတည်း စုပေါင်းပြီး ပရိတ်ရွတ်ဆိုသံကို ကြည်ညိုသဒ္ဓါပွားများစွာ နာယူခွင့်ရကြမှာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံက သံဃာအပါး ၆၀ နဲ့ ၁၀၀ အကြား ကြွရောက်လာကြမှာဖြစ်ပြီး ကျန်တဲ့သံဃာတော်တွေကိုတော့ မန္တလေးခရိုင်အတွင်းမှာရှိတဲ့ ဝါဆိုသံဃာတော်တွေကို ပင့်ဖိတ်လောင်းလှူသွားမှာ ဖြစ်ပါတယ်။ ဒီလောင်းလှူပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့ နာယကကော်မတီ၊ ဦးစီးကော်မတီ၊ အခမ်းအနားကျင်းပရေးကော်မတီ၊ အထောက်အကူပြုကော်မတီတွေ ဖွဲ့စည်းပြီး ဒီအဖွဲ့တွေရဲ့အောက်မှာ အဖွဲ့ခွဲတွေ အဆင့်ဆင့်ဖွဲ့စည်းပြီး ဆောင်ရွက်သွားမှာပါ။ သံဃာတစ်ပါးစီအတွက် လောင်းလှူမည့် နဝကမ္မ သုံးသောင်းကျပ်နဲ့ အရုဏ်ဆွမ်း၊ နေ့ဆွမ်းအတွက် ငွေကျပ် သုံးထောင်၊ စုစုပေါင်း သံဃာတစ်ပါးစီအတွက် ငွေကျပ် ၃၃၀၀၀ ကို မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံက တစ်ဝက်စီ အကုန်အကျခံ လှူဒါန်းတာဖြစ်ပါတယ် ''ဟု ၎င်းက ပြောသည်။

အဆိုပါ သံဃာအပါး သုံးသောင်း ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲတွင် သံဃာအပါး တစ်သောင်းနှင့်အထက် လှူဒါန်းကြမည့် အလှူရှင်များ၏ လှူဖွယ်ပစ္စည်းများကို ဒီဇင်ဘာ ၁ ရက်နေ့မှ ၅ ရက်နေ့အထိ လေယာဉ်ကွင်းအတွင်း လက်ခံသိမ်းဆည်း၍ လောင်းလှူရန် နေရာများ သတ်မှတ်စီစဉ်ပေးမည်ဖြစ်ပြီး သံဃာတော်ငါးထောင်နှင့် တစ်သောင်းကြား လှူဒါန်းလိုသူများအတွက် လှူဖွယ်ပစ္စည်းများကို လက်ခံသိမ်းဆည်းပေးခြင်းမပြုသော်လည်း လောင်းလှူရန်နေရာများ သတ်မှတ်စီစဉ်ပေးသွားမည်ဖြစ်ကြောင်းနှင့် တစ်ပိုင်တစ်နိုင် လှူဒါန်းလိုသူများ အနေဖြင့်လည်း လစ်လပ်သည့်နေရာများမှ လောင်းလှူနိုင်ကြောင်း သိရသည်။

မန္တလေးမြို့တွင် မြန်မာ– ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေး ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲများကို ပထမအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် သံဃာအပါး တစ်သောင်းအား မန္တလေးတောင်ခြေ၌လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၁ ရက်နေ့တွင် သံဃာအပါး နှစ်သောင်းအား ချမ်းမြသာစည်လေယာဉ်ကွင်း၌လည်းကောင်း လောင်းလှူပူဇော်ခဲ့ပြီး ယခုနှစ်တွင် တတိယအကြိမ်မြောက်အဖြစ် သံဃာအပါး သုံးသောင်းအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## နန့်မွန်း–ချောင်းဝ–ညောင်ပင် ကွန်ကရစ်လမ်းပြီးစီးပါက အင်းတော်ကြီးကန်တစ်ပတ် အဆင်ပြေစွာ သွားလာနိုင်တော့မည်

**နေပြည်တော် အောက်တိုဘာ ၂၂**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးကန် အရှေ့ဘက်ပိုင်း နန့်မွန်း–ချောင်းဝ–ညောင်ပင်လမ်းအား ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးပါက အင်းတော်ကြီးကန် အနောက်ဘက်ပိုင်း ဟိုပင်–နန့်မွန်း–လုံးတုံ–ညောင်ပင်လမ်းမကြီးနှင့် ချိတ်ဆက်သွားမည်ဖြစ်ကာ အင်းတော်ကြီးကန်တစ်ပတ် အဆင်ပြေစွာသွားလာနိုင်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနမှ သိရသည်။

**အကောင်အထည်ဖော်**

“အင်းတော်ကြီးရဲ့ အနောက်ဘက်ပိုင်း ဟိုပင်–နန့်မွန်း–လုံးတုံ–ညောင်ပင်လမ်းမကြီးက လမ်းဦးစီးဌာနက အကောင်အထည်ဖော်ပြီးသားပါ။ အင်းတော်ကြီး အရှေ့ဘက်ပိုင်းလမ်းကတော့ အရင်ကမြေသားလမ်းပါ။ မြေသားလမ်းဖြစ်တဲ့အတွက် မိုးတွင်းဆို လမ်းမကောင်းတာမျိုးရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ နန့်မွန်း–ချောင်းဝ–ညောင်ပင်လမ်း ကွန်ကရစ်ခင်းခြင်းကို ဆောင်ရွက်နေပါပြီ။ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်ကုန်ရင် နန့်မွန်းဘက်ခြမ်းကနေ ၂၅ မိုင် ဆောင်ရွက်ပြီးဖြစ်သလို ညောင်ပင်ရွာဘက်ခြမ်း တစ်မိုင်က ဆောင်ရွက်ပြီး ဖြစ်လာမှာဖြစ်တယ်။ ကြားထဲမှာ ကျန်တဲ့ ၁၀ မိုင်ကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်မှာ အပြီးဆောင်ရွက်သွားမှာပါ။

**အဆင်ပြေ**

“ဒီလမ်းပိုင်း ဆောင်ရွက်ပြီးသွားရင် အင်းတော်ကြီးကန်တစ်ပတ်လုံး လမ်းကောင်းသွားလို့ အင်းတော်ကြီးကန်ကို ခရီးသွားတွေက စိတ်ဝင်စားလာကြမှာဖြစ်ပါတယ်။ ဒါ့ပြင် အင်းတော်ကြီး ပတ်ဝန်းကျင်က စိုက်ပျိုးရေးအားကောင်းတယ်။ ဒီလမ်းပိုင်းပြီးသွားရင် ဒေသခံတွေရဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေလည်း သယ်ယူပို့ဆောင်ရတာပိုအဆင်ပြေ လာမှာပါ” ဟု ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းဆွေက ပြောသည်။

**အကျိုးပြု**

နန့်မွန်း–ချောင်းဝ–ညောင်ပင်လမ်းသည် ၃၆ မိုင် အရှည်ရှိပြီး အဆိုပါလမ်းပိုင်းပြီးစီးပါက ကျေးရွာ ၁၅ ရွာရှိ အိမ်ခြေ ၄၅၇၅ အိမ်နှင့် လူဦးရေ ၂၇၂၇၀ ဦးတို့ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကေကေ**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆၊ ၇ တွင် ဖော်ပြပါရှိသည့် **ထာဝရလှပနေဦးမည့်ချယ်ရီမြေဂျပန်** ဆောင်းပါး၏ စာမျက်နှာ ၇ ပထမကော်လံ တတိယပိုဒ်တွင် ဖော်ပြထားသည့် **နိုင်ငံအကျယ်အဝန်းမှာ မြန်မာနိုင်ငံ၏ အကျယ်အဝန်းအောက် စတုရန်းမိုင် နှစ်သောင်းကျော်ခန့်လျော့နည်းသေးငယ်ပြီး** ဆိုသည့်စာသားအစား **စတုရန်းမိုင် တစ်သိန်းနှစ်သောင်းကျော်ခန့် လျော့နည်းသေးငယ်ပြီး** ဟု ပြင်ဆင်ဖတ်ရှုပါရန် လေးစားစွာအနူးအညွတ်တောင်းပန် အပ်ပါသည်။

**စာရေးသူ**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၂**
ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်း ရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**



ပထမအကြိမ်ကျင်းပခဲ့သော ကားပြပွဲကြီးအား တွေ့ရစဉ်။

## လမ်းကြမ်းမောင်းနှင့် မြို့တွင်းစီး အဆင့်မြင့်ကားပြပွဲကြီး ရန်ကုန်မြို့၌ ဒုတိယအကြိမ် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၂**
ကားဝါသနာရှင်များအတွက် ကမ္ဘာ့အဆင့်ရှိနာမည်ကြီးကား အမှတ်တံဆိပ်များပါဝင်သော လမ်းကြမ်းမောင်းနှင့် မြို့တွင်းစီးအဆင့်မြင့်ကားသီးသန့် CarsDB AUTO Show Yangon 2019 ပြပွဲကြီးကို ရန်ကုန်မြို့၌ နိုဝင်ဘာ ၁၅ ရက်တွင် ဒုတိယအကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သောပြပွဲကျင်းပရေး အကြိုသတင်းစာရှင်းလင်းပွဲမှ သိရသည်။

" မြန်မာနိုင်ငံကို အသစ်ဝင်နေတဲ့ BAIC ဆိုရင် ကားဝယ်ယူသူတွေနဲ့ ကားလောကမှာ လူကြိုက်များတယ်။ Gold AYA တို့ဆိုရင်လည်း မြန်မာနိုင်ငံဝင်လာတာ မကြာသေးဘူး။ ဒီလိုအမှတ်တံဆိပ်တွေကနေ ပြပွဲကြီးမှာ ပါဝင်သွားမှာဖြစ်လို့ ပြည်သူတွေအနေနဲ့ကလည်း ပိုပြီးစိတ်ဝင်စားစေရမှာဖြစ်ပါတယ်။ လက်ရှိကားဝယ်ရောင်းလောကမှာ ဝယ်သူအကြိုက်များနေတာက ပုံမှန်ဆိုရင် Suzuki ရှိမယ်၊ Toyota ရှိမယ်၊ ဒါတွေက အဝယ်အများဆုံးပါပဲ။ တချို့ဆိုရင် GAC Motor ကို အရမ်းကြိုက်ကြပါတယ်" ဟု ပြပွဲစီစဉ်ကျင်းပသွားမည့် CarsDB မှ ဒေါ်မေဖူးဖူးက စာနယ်ဇင်းရှင်းလင်းပွဲ၌ ပြောသည်။

အဆိုပါ ပြပွဲကြီးကို နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ The One Entertainment Park ၌ ကျင်းပသွားမည်ဖြစ်သည်။ ပြပွဲ၌ ကမ္ဘာကျော် အမှတ်တံဆိပ်များဖြစ်သော BAIC၊ Borgward၊ Chevrolet၊ Ford၊ GAC၊ Gold AYA၊ Hyundai၊ Isuzu၊ Jaguar၊ Land Rover၊ Mitsubishi၊ Nissan၊ Suzuki နှင့် Toyota ကားများကို ကားအမျိုးအစားအလိုက် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲ၌ တစ်ပတ်ရစ်ကားများလည်း ပါဝင်ပြသမည့်အပြင် မော်တော်ယာဉ် အပိုပစ္စည်းရောင်းချသောဆိုင်များ၊ မော်တော်ယာဉ်နှင့်ဆက်စပ်သောဝန်ဆောင်မှုအမျိုးမျိုးကို ဆောင်ရွက်ပေးသောလုပ်ငန်းများ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲရက်များအတွင်း ရောဝတီဘဏ်မှ ကားတန်ဖိုး၏ ပုံမှန်ကနဦးသွင်းငွေ ၁၀ ရာခိုင်နှုန်းသာ ပေးသွင်းပြီး ငါးနှစ်အထိ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ကြောင်း၊ ကား၏ Service Changed အနေဖြင့် ငါးနှစ်အထိ ၁ ရာခိုင်နှုန်းသာ ကောက်ခံမည်ဖြစ်ကြောင်း၊ ကားအတိုးအနေဖြင့် ပုံမှန် ၁၃ ရာခိုင်နှုန်းရှိသော်လည်း အရင်းသွင်းငွေများရှိသဖြင့် အတိုးနှုန်းသည် ၇ ဒသမ ၂ ရာခိုင်နှုန်းသာ ကျသင့်မည်ဖြစ်ကြောင်း ရောဝတီဘဏ်မှ သိရသည်။

**သတင်း – ပွင့်သစ္စာ**
**ဓာတ်ပုံ – စိုးမြင့်အောင်**

# ကျောက်စိမ်းစေတီတွင် ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည်များအတွက် ဘာသာစကားသုံးမျိုးဖြင့် စည်းကမ်းချက် ထုတ်ပြန်မည်

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း တည်ရှိသည့် ကျောက်စိမ်းစေတီတွင် ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည်များအတွက် ဘာသာစကားသုံးမျိုးဖြင့် စည်းကမ်းချက်ထုတ်ပြန်မည်ဖြစ်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော်ကြီး၏ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးထံမှ သိရသည်။

ကျောက်စိမ်းစေတီသို့ လာရောက်ဖူးမြော်ကြသည့် ပြည်ပခရီးသွားများအနေဖြင့် ကျောက်စိမ်းများကို ခွာယူခဲ့ခြင်း၊ ကခုန်ခြင်း၊ စကားကျယ်လောင်စွာ ပြောဆိုခြင်း ပြုလုပ်မှုများ ရှိလာသဖြင့် စည်းကမ်းချက် ၁၃ ချက်ကို ကြေညာချက်ထုတ်ပြန်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ဘာသာစကားသုံးမျိုးနဲ့ စည်းကမ်းချက်တွေထုတ်မှာဆိုတော့ စာလုံးပေါင်းတွေ မှန်ကန်အောင် ပါမောက္ခတွေကို အကူအညီတောင်းထားပါတယ်။ ထုတ်ပြန်မယ့်ရက်ကိုတော့ အတိအကျ မပြောနိုင်သေးပါဘူး"ဟု ၎င်းက ပြောသည်။

ကျောက်စိမ်းစေတီတော်၌ ထုတ်ပြန်မည့် စည်းကမ်းချက်များအနေဖြင့် နိုင်ငံခြားဘုရားဖူးဧည့်သည်များနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအား ခေါ်ဆောင်လာသည့် ခရီးသွားကုမ္ပဏီမှ တာဝန်ယူရန်၊ စကားပြန်များသည် မိမိဦးဆောင်သောအဖွဲ့နှင့်အတူ တစ်ပါတည်းလိုက်ပါသွားရန် တစ်စုံတစ်ရာဖြစ်ပေါ်ပါက တာဝန်ယူဖြေရှင်းရန် စသည့်အချက်အလက်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"စည်းကမ်းချက်တွေကို စေတီတော်ရဲ့မုခ်လေး မုခ်မှာ ကပ်ထားမှာဖြစ်ပါတယ်၊ ထုတ်ပြန်မယ့်ဘာသာစကားတွေကတော့ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာတို့နဲ့ ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ကျောက်စိမ်းစေတီတော်အတွင်း၌ စည်းကမ်းချက်များ သတ်မှတ်ခြင်းအပြင် လုံခြုံရေးအတွက် စီစီတီဗွီ အလုံး ၅၀ ခန့် တပ်ဆင်ထားပြီး ဘုရားလုံခြုံရေးပြည့်ဝစွာ ဆောင်ရွက်ထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



# မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ၂၀၁၉-၂၀၂၂ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၏ (၁/၂၀၁၉) အစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ၂၀၁၉-၂၀၂၂ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၏ ၁/၂၀၁၉ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးချစ်ခိုင်က အဖွင့်အမှာစကား ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် သဘာပတိ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ အသင်းအထွေထွေအတွင်းရေးမှူး ဦးရာဇာမျိုးက စက်တင်ဘာ ၂ ရက်က ကျင်းပခဲ့သော မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ၁/၂၀၁၉ အစည်းအဝေးမှတ်တမ်းနှင့် ဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြု၍ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြပြီး ဘဏ္ဍာရေးမှူး ဒေါ်သီတာဝင်းက အသင်း၏ စက်တင်ဘာ ၃၀ ရက်ရှိရငွေ/သုံးငွေ၊ ငွေလက်ကျန်နှင့် ဘဏ်လက်ကျန်စာရင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြည်ပသို့ဆန်တင်ပို့ရောင်းချရေးလုပ်ငန်းကို ဆန်စက်လုပ်ငန်းရှင်များ စုပေါင်းပါဝင်လုပ်ကိုင်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြပြီး အသင်းဒုတိယဥက္ကဋ္ဌ ပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းက အသင်း၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းပြင်ဆင်ရေး၊ ကော်မတီအဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အသင်းဥက္ကဋ္ဌများက မိမိတို့ဒေသရှိ ဆန်စပါးထွက်ရှိမှုအခြေအနေ၊ ဆန်ဈေး၊ စပါးဈေးအခြေအနေများ၊ လိုအပ်ချက်များကို တင်ပြကြရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး သဘာပတိအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် သင်ဖြူးဖျာလုပ်ငန်းကို မိသားစု ဝင်ငွေတိုးလုပ်ငန်းအဖြစ် လုပ်ကိုင်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကျွဲခြံရေကျော်ကျေးရွာအုပ်စု ဇီးဖြူကျေးရွာနှင့် ရေကျော်ကျေးရွာများမှ မိရိုးဖလာ မြန်မာ့သင်ဖြူးဖျာလုပ်ငန်းမှာ မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ် ကျေးရွာလုံးကျွတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့သင်ဖြူးဖျာရက်လုပ်ငန်းကို မော်လမြိုင်ကျွန်းမြို့နယ် ဇီးဖြူကျေးရွာနှင့် ရေကျော်ကျေးရွာတို့တွင် ကျေးရွာလုံးကျွတ်အဖြစ် သင်ဖြူးဖျာရက်လုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ရောင်းတန်းဝင် သင်ဖြူးဖျာတစ်ချပ်ပြီးစီးရန် သင်ဝယ်ခြင်း၊ သင်ရေစိမ်ခြင်း၊ သင်စိတ်ခြင်း၊ သင်နှင်ခြင်း၊ သင်ကူးခြင်း၊ သင်ဖြူးဖျာအကြမ်းရက်ခြင်း၊ ဆေးရောင်သွင်းခြင်း၊ သင်ဖြူးဖျာချုပ်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို တစ်အိမ်လုံးရှိမိသားစုများက တာဝန်ခွဲဝေရယူပြီး သုံးရက်မှ ငါးရက်အထိ သင်ဖြူးဖျာရက်လုပ်ငန်းခွင်ဝင်ကြရကြောင်း ဒေသခံတောင်သူများက ပြောသည်။

ရောင်းတန်းဝင် သင်ဖြူးဖျာသုံးတောင်ထွာ တစ်ချပ်လျှင် ဒေသပေါက်ဈေး ငွေကျပ် ၁၀၀၀၀၊ လေးတောင်တစ်ချပ်လျှင် ငွေကျပ် ၁၂၀၀၀၊ ငါးတောင်တစ်ချပ်လျှင် ငွေကျပ် ၂၀၀၀၀ တို့ဖြင့် မော်လမြိုင်ကျွန်း၊ ဘိုကလေးမြို့များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာကြီးများသို့ တင်ပို့ရောင်းချကြရပြီး တစ်လလျှင် ငွေကျပ် တစ်သိန်းမှ ကျပ်တစ်သိန်းခွဲအထိ မိသားစုဝင်ငွေရရှိကြသည် ။

အဆိုပါ မြန်မာ့သင်ဖြူးဖျာရက်လုပ်ငန်းမှာ မော်လမြိုင်ကျွန်းမြို့နယ်တွင် မိသားစုဝင်ငွေရလုပ်ငန်းအဖြစ် အောင်မြင်စွာ လုပ်ကိုင်လျက်ရှိပြီး မြို့နယ်အတွင်းရှိ ကညင်ချောင်းကြီး၊ ကျွဲခြံရေကျော်၊ ကျွဲခြံ၀၊ လပွတ္တာလုပ်ကြီးနှင့် လပွတ္တာလုပ်ကလေးကျေးရွာများတွင် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။
**မော်ကျွန်း-မြင့်အောင်**



# ညောင်ဦးမြို့နယ်တွင် ပင်ထောင်မြေပဲသီးနှံ အထွက်နှုန်းကောင်းမွန်ရေး ပင်ခြား၊ တန်းခြား စိုက်ပျိုးနည်းစနစ် တောင်သူပညာပေးဆွေးနွေး

**ညောင်ဦး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေတောင်သူများ ပင်ထောင်မြေပဲသီးနှံစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်သည့် ပင်ခြား၊ တန်းခြား စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်များ သိရှိလိုက်နာနိုင်ရေးအတွက် ရည်ရွယ်ပြုလုပ်သည့် တောင်သူပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့နယ် ချောင်းရှည်ကျေးရွာတွင် ကွင်းဆင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

တောင်သူပညာပေးဆွေးနွေးပွဲတွင် ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်သီးနှံပိုးမွှားကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်သန်းမြင့်က ပင်ထောင်မြေပဲသီးနှံ စိုက်ပျိုးရာတွင် မြေပဲအထွက်နှုန်းကောင်းမွန်ရေးအတွက် လိုက်နာရမည့် ပင်ခြားစိုက်နည်းစနစ်နှင့် တန်းခြားစိုက်နည်းစနစ်များ၊ ရောဂါပိုးမွှားကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ သီးနှံအရည်အသွေးကောင်းမွန်ရေးပြုလုပ်ရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်ဌေးရီက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများနှင့် မျိုးကောင်းမျိုးသန့်ထားသိုထိန်းသိမ်းနည်းစနစ်များ၊ ပင်ထောင်မြေပဲသီးနှံစိုက်ပျိုးပြီးချိန် သွင်းအားစုဓာတ်မြေဩဇာအချိုးကျ သုံးစွဲပုံနည်းစနစ်များ၊ ပင်ခြား၊ တန်းခြားစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကိုလည်းကောင်း ပညာပေးဆွေးနွေးဟောပြောခဲ့ကြသည်။

ပညာပေးဆွေးနွေးပွဲအပြီးတွင် ခရိုင်သီးနှံပိုးမွှားတာဝန်ခံ ဒေါ်ခင်သန်းမြင့်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးရီတို့က ချောင်းရှည်ကျေးရွာမှ ဦးအေးသာ၏ ပင်ခြား၊ တန်းခြားစိုက်စနစ်ဖြင့် စမ်းသပ်စိုက်ပျိုးထားရှိသည့် ပင်ထောင်မြေပဲစိုက်ခင်းသို့ သွားရောက်ပြီး မြေပဲအထွက်နှုန်း ပိုမိုကောင်းမွန်ရေးအား လက်တွေ့ပညာပေးရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

# ကြက်တောင်မယ် သက်ထားသူဇာ အီဂျစ်ချန်ပီယံဆုရရှိကာ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာ့လက်ရွေးစင်ကြက်တောင်မယ် သက်ထားသူဇာသည် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပသော ကြက်တောင်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိကာ ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကြက်တောင်ရိုက်ကစားသမားများနှင့် အားပေးသူပရိသတ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။

"အခုသွားပြိုင်တဲ့ပွဲက ပြီးခဲ့တဲ့နှစ်မှာလည်း ပထမဦးဆုံးအနေနဲ့ ပထမဆုရခဲ့တယ်။ ဒီနှစ်မှာလည်း ပထမဆုကို ပြန်ယူလာနိုင်တဲ့အတွက် အလွန်ပျော်ပါတယ်။ Second နဲ့ ကွာတားဖိုင်နယ်မှာ အိန္ဒိယကစားသမားနဲ့ ရိုက်ရတယ်။ အိန္ဒိယကစားသမားတွေ များတယ်။ ပြိုင်ပွဲတွေကိုတော့ နောက်နှစ်လည်း သွားပြိုင်ဦးမှာပါ။ တစ်နှစ်သွားမပြိုင်ဖြစ်ရင် ကိုယ့်အဆင့်အမှတ်က လျော့သွားမှာဖြစ်တဲ့အတွက် နှစ်တိုင်းသွားပြိုင်ဖြစ်ဖို့များပါတယ်။ ပြင်ဆင်တာကတော့ လေ့ကျင့်မှုတွေကို တောက်လျှောက်လုပ်ဖြစ်နေတာပါ" ဟု မြန်မာ့လက်ရွေးစင် ကြက်တောင်မယ် သက်ထားသူဇာက ပြောသည်။

မြန်မာ့လက်ရွေးစင် သက်ထားသူဇာအနေဖြင့် လက်ရှိတွင် ကမ္ဘာ့အဆင့် ၆၅ နေရာတွင် ရပ်တည်နေပြီး ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အိုလံပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုးစားနေသော ကစားသမားတစ်ဦး ဖြစ်သည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် အောက်တိုဘာ ၂၂**

ယနေ့မြန်မာစံတော်ချိန် နံနက် ၈ နာရီ ၀၀ မိနစ် ၄၁ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၄၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သရက်မြို့၏ အရှေ့-အရှေ့တောင်ဘက် ၃၉ မိုင်ခန့်အကွာ) မြောက်လတ္တီကျူ ၁၉ ဒသမ ၂၅ ဒီဂရီ၊ အရှေ့လောင်ဂျီကျူ ၉၅ ဒသမ ၇၈ ဒီဂရီ၊ အနက် ရှစ်ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **ကြေးမုံ**



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

✪ ကျောဖုံးမှ

NCA စာချုပ် ဖြစ်တည်ပေါ်ပေါက်လာသည်မှာ ယခုဆိုလျှင် (၄)နှစ်မြောက်သို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်ရန် အရေးကြီးလှသည့် သမိုင်းမှတ်တိုင်အဖြစ် လေးလေးနက်နက် အသိအမှတ်ပြုဂုဏ်ပြုသည့်အနေဖြင့် (၁)နှစ်မြောက်နှင့် (၂)နှစ်မြောက် NCA နှစ်ပတ်လည်နေ့အခမ်းအနားတို့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I) တွင် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ (၃)နှစ်မြောက် NCA နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အစိုးရနှင့် NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ၁၀ + ၁၀ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးကို နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပါကြောင်း။

**ပါဝင်တက်ရောက်**

ယခု NCA နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-II)တွင် ကျင်းပမည် ဖြစ်ပါကြောင်း၊ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ညနေ ၆ နာရီတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၀)ဖွဲ့တို့ ပါဝင်လက်မှတ်ရေးထိုးထားသည့် NCA စာချုပ်ဖြစ်သည်နှင့်အညီ နှစ်ဖက်ဘုံပိုင်ဆိုင်သည့်အတွက်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန နေပြည်တော်၌ အောက်တိုဘာ ၂၁ ရက်တွင် အစိုးရကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) က ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့ (PPWT) ကိုယ်စားလှယ်တို့သည် NCA နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ကျင်းပကာ နှစ်ဖက်လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်သကဲ့သို့ ယနေ့အစည်းအဝေးတွင်လည်း PPWT ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်လာပါကြောင်း။

**တက်ရောက်ကြမည်**

NCA နှစ်ပတ်လည်နေ့အခမ်းအနားသို့ အစိုးရဘက်မှ အကြီးအကဲများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး / ပြည်နယ်ဝန်ကြီးချုပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယခင်က ပါဝင်ဆောင်ရွက်ခဲ့သည့် ခေါင်းဆောင်များ၊ NCA ရေးထိုးနိုင်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့ကြသူများ တက်ရောက်ကြမည်ဖြစ်သကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်ကလည်း ခေါင်းဆောင်များ ပါဝင်တက်ရောက်မည်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် နှစ်ပတ်လည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အထူးအလေးထားဆောင်ရွက်ပေးကြရန် ပြောကြားလိုပါကြောင်း။

ယခင်ကျင်းပသည့် အခမ်းအနားများမှ ရရှိခဲ့သည့် အတွေ့အကြုံများ၊ အားသာချက် အားနည်းချက်များကို အခြေခံပြီး မိမိတို့အနေဖြင့် လစ်ဟာမှုများ မရှိစေရေးကိုလည်း ဂရုပြုဆောင်ရွက်ပေးကြရန် ဖြစ်ပါကြောင်း၊ NCA နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးအတွက် အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ လုံခြုံရေး၊ ပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ ဖျော်ဖြေရေးအစီအစဉ်၊ သတင်း/ မှတ်တမ်းတင်ရေး၊ တည်းခိုရေး၊ ဧည့်ခံကျွေးမွေးရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးကြပြီး လိုအပ်ချက်များကို တင်ပြပေးကြရန် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးနှင့် ဖိတ်ကြားရေးကိစ္စရပ်များ၊ ဖိတ်ကြားမည့် ပုဂ္ဂိုလ်များစာရင်း၊ ဖိတ်ကြားရေးအတွက် တာဝန်ခွဲဝေမှုနှင့် ဖိတ်ကြားစာများ ပြုစုရိုက်နှိပ်ရေးကိစ္စရပ်များ၊ Interpreter နှင့် မိန့်ခွန်းဘာသာပြန်ဆိုရေးကိစ္စရပ်များ၊ ဖျော်ဖြေရေးအစီအစဉ်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တည်းခိုနေထိုင်ရေး၊ သတင်းမှတ်တမ်းနှင့် မီဒီယာကိစ္စရပ်များ၊ အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အခမ်းအနားပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဦးက ဖိတ်ကြားရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ် ဇော်ထွန်းအောင်က လုံခြုံရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ရီရီနိုင်က ပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က ကြိုဆိုနေရာချထားရေး၊ ဖျော်ဖြေရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က သတင်းမှတ်တမ်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းထွဋ်က တည်းခိုရေး၊ ဧည့်ခံကျွေးမွေးရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးဝဏ္ဏအောင်က တပ်မတော်အရာရှိကြီးများ ဖိတ်ကြားရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့ (PPWT)မှ ရဲဘော်ဆန်နီနှင့် နန်းယဉ်ယဉ်စိုးတို့က ၎င်းတို့၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်က လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက နိုင်ငံရေးပါတီများ ဖိတ်ကြားရေးနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ကဏ္ဍအလိုက်ဆွေးနွေး**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဦးခင်မောင်တင်က နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ငြိမ်းချမ်းရေးကော်မရှင်အထောက်အကူပြုအဖွဲ့ဝင်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့(PPWT) မှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

❖ **အာဆီယံဖူဆယ်ပြိုင်ပွဲမှ**

ဂိုးများကို ၆ မိနစ်တွင် ငြိမ်းမင်းစိုး၊ ၂၆ မိနစ်တွင် နိုင်ရဲကျော်၊ ၂၇ မိနစ်တွင် ဝေဇင်ဦး၊ ၂၉ မိနစ်တွင် ပြည့်ဖြိုးမောင်-၂ တို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ငါးဂိုး၊ ဒုတိယပိုင်းတွင် ရှစ်ဂိုးသွင်းယူခဲ့ပြီး နှစ်ပွဲဆက် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

အုပ်စုဒုတိယနေ့ အခြားပွဲများတွင် အုပ်စု (က)၌ ထိုင်းအသင်းက တီမောအသင်းကို ၁၂ ဂိုး-တစ်ဂိုး၊ အုပ်စု (ခ) ၌ ဩစတြေးလျအသင်းက မလေးရှားအသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရပြီး ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။ အုပ်စုဒုတိယနေ့အပြီးတွင် အုပ်စု (က) ၌ ထိုင်းနှင့် မြန်မာအသင်းက ခြောက်မှတ်စီဖြင့် ဆီမီးဖိုင်နယ်တက်သွားပြီး ကမ္ဘောဒီးယားအသင်းနှင့် တီမောအသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ အုပ်စု (ခ)တွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းက လေးမှတ်စီ၊ ဩစတြေးလျအသင်းက သုံးမှတ်ရထားပြီး မလေးရှားအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၂၃ ရက် မြန်မာစံတော်ချိန် နံနက် ၁၁ နာရီတွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

❒ **ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲမှ**

ဝေးကွာနေသူများလည်း ပြန်လည်ပါဝင်လာသည်။ အန်တွမ်နီဟေးသည် အောက်တိုဘာ ၂၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး အောက်တိုဘာ ၂၂ ရက်တွင် ပဏာမလူစာရင်းကို ထုတ်ပြန်ကြေညာကာ ညနေပိုင်းတွင် လေ့ကျင့်မှုစတင်ပြုလုပ်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလကုန်အထိ ရန်ကုန်မြို့၌ လေ့ကျင့်မည်ဖြစ်ပြီး နိုဝင်ဘာ ၁ ရက်တွင် မန္တလေးမြို့သို့ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် နိုဝင်ဘာ ၁၄ ရက်တွင် တာဂျစ်ကစ္စတန်အသင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် မွန်ဂိုလီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပွဲမတိုင်မီ နိုဝင်ဘာ ၇ ရက်တွင် နီပေါလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ ယင်းသုံးပွဲစလုံးကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ကျောက်တံခါးမြို့နယ် ကျေးလက်ရေရရှိရေးလုပ်ငန်း လွှဲပြောင်းပေးအပ်

**ကျောက်တံခါး အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးလက်ရေရရှိရေးလုပ်ငန်းများ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ ခရိုင်ကျေးလက်ဦးစီးမှူး ဦးတင်မော်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးတို့က အဖွင့်အမှာစကားများ ပြောကြားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ခဲ့သော ကျောက်တံခါးမြို့နယ်အတွင်းရှိ အင်းပတ်လည်ကျေးရွာအုပ်စုမှ စစ်ဘိုကြီးကျေးရွာနှင့် တောင်သုံးလုံးကျေးရွာ၊ မကျီးပင်ကျေးရွာအုပ်စုမှ ခင်သာကျေးရွာ၊ ဝွေးကုန်းကျေးရွာအုပ်စုမှ ဖော့ထိုကျီကျေးရွာနှင့် ခင်တန်းကြီးကျေးရွာ၊ ခင်အင်းကြီးကျေးရွာအုပ်စုမှ ခင်အင်းကြီး(ရှမ်း) ကျေးရွာ၊ သံပုရာခုံကျေးရွာအုပ်စုမှ ခင်ကန့်လန့်ကျေးရွာများမှ ရေကော်မတီများထံ ရေရရှိရေးလုပ်ငန်းများ၏ လွှဲပြောင်းမှတ်တမ်းများအား တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်သည်။

ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေ ငွေကျပ် သန်း ၆၀ ဖြင့် ကျေးရွာလေးရွာရှိ အိမ်ခြေ ၆၁၆ မှ လူဦးရေ ၂၅၅၂ ဦးတို့အားလည်းကောင်း၊ တိုင်းဒေသကြီးရန်ပုံငွေ (ကျေးလက်ဦးစီးဌာန) ငွေကျပ် ၄၅ သန်းဖြင့် ကျေးရွာသုံးရွာရှိ အိမ်ခြေ ၅၄၀ မှ လူဦးရေ ၂၆၅၂ ဦးတို့ကို ရာသီမရွေး သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မြဝတီမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းပြုလုပ်

**မြဝတီ အောက်တိုဘာ ၂၂**

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ဝိုင်းကို ယနေ့ မွန်းလွဲ ၂ နာရီက ပြုလုပ်ကြောင်း သိရသည်။

အဆိုပါစာဖတ်ဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်သိန်းသန်းဌေးက စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အမျိုးသမီးအသင်း ဥက္ကဋ္ဌ ဒေါ်ကေခိုင်နှင့် အဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များက ပါဝင်ဆွေးနွေးသည်။

ထိုသို့ စာဖတ်ဝိုင်းပြုလုပ်ရာတွင် ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) ရေးသားသည့် အလုပ်ဆိုတာ အင်အားပါစာအုပ်အား ဖတ်ရှုလေ့လာပြီး ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# Now & Ever ရုပ်ရှင်ကား Red Carpet Show ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၂**

Now & Ever ရုပ်ရှင်ကားကို အောက်တိုဘာ ၂၁ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ရုပ်ရှင်ဇာတ်ကားအထူးပွဲ Red Carpet Show ပြသခဲ့သည်။

Now & Ever ရုပ်ရှင်ဇာတ်ကားကို Central Base Productions ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ကာ ဇာတ်လမ်းနှင့်ဇာတ်ညွှန်း ဇဏ်ခီက ရေးသား၍ ဒါရိုက်တာ ခရစ္စတီးနားခီ က ရိုက်ကူးပုံဖော်ပြီး သရုပ်ဆောင် ဇဏ်ခီ၊ ပိုင်ဖြိုးသုနှင့် သရုပ်ဆောင်များစွာ ပါဝင်ရိုက်ကူးထားကြောင်း သိရသည်။



Now & Ever ရုပ်ရှင်ဇာတ်ကားတွင် ဝတ်မှုန်သည် စိတ်နှုနယ်စဉ်တုန်းက ဖြစ်ခဲ့သော Trauma တစ်ခုကြောင့် စိတ်ကျန်းမာရေးအတွက် အကူအညီယူနေရပြီး Psychologist ဖြစ်သည့် သီဟနှင့်ချစ်မိကာ လက်ထပ်ခဲ့ကြသည်။ ကံကြမ္မာက သီဟနှင့်ဝတ်မှုန်တို့ကို မျက်နှာသာမပေး၊ အချစ်အတွက် အခက်အခဲများကို ဘယ်လိုရင်ဆိုင်ကျော်ဖြတ်မည်၊ ဝဋ်ကြွေး၏ ရိုက်နှက်ချက်များကို သူတို့၏အချစ်များကြံ့ကြံ့ခံနိုင်ပါ့မလားဆိုသည့် ချစ်သူနှစ်ဦး၏ ဘဝကိုပုံဖော်ရိုက်ကူးထားသော ဒရမ်မာဇာတ်လမ်းအမျိုးအစားဖြစ်သည်။

Now & Ever ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၃၁ ရက်တွင် အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြသမည်ဖြစ်ပြီး စင်ကာပူ၊ ထိုင်း၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံများတွင်လည်း ပြသရန်စီစဉ်ထားကြောင်း ဇဏ်ခီထံမှ သိရသည်။

ဝင်းသက်မင်း၊ ဓာတ်ပုံ-မြင့်မောင်

# ကန်းစ်ရုပ်ရှင်ပွဲတော်တွင် ဆုရရုပ်ရှင်ဇာတ်ကား WINTER SLEEP ကို လေ့လာမှုအစီအစဉ် ပြုလုပ်မည်




**ရန်ကုန် အောက်တိုဘာ ၂၂**

ဒါရိုက်တာ Nuri Bilge Ceylan ၏ လက်ရာကောင်းတစ်ခုဖြစ်သော WINTER SLEEP ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၂၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ် ၅၀၊ ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်မည်ဖြစ်သည်။

**ဦးဆောင်ဆွေးနွေးမည်**

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၂၈)ကြိမ်မြောက်ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဇာတ်လမ်းအမျိုးအစားမှာ Turkey Drama Film ဖြစ်ပြီး Anton Chekov ၏ The Wife ဝတ္ထုတိုနှင့် Fyodor Destoyevsky ၏ ကာရာမာဇော့ညီအစ်ကိုများဝတ္ထုမှ တစ်စိတ်တစ်ပိုင်းကို မှီငြမ်းထားကြောင်း၊ ဇာတ်လမ်းအကျဉ်းမှာ Aydin ဆိုသည့် သရုပ်ဆောင်ဟောင်းတစ်ယောက်နှင့် Anatolia အလယ်ပိုင်းဒေသမှ ငယ်ရွယ်သောဇနီး Nihal ဆိုသူတို့ ဟိုတယ်တစ်ခု ဖွင့်လှစ်ပြီး အတူ နေထိုင်လျက်ရှိရာမှ ဆက်ဆံရေးမပြေလည်မှု၊ တူရကီနိုင်ငံ၏ ဆင်းရဲမှုနှင့် ချမ်းသာမှု၊ အာဏာရှိသူနှင့် အာဏာမဲ့သူတို့အကြား အဆင့်အတန်းကွာခြားမှုတို့ကို ဖော်ထုတ်ထားသော ရုပ်ရှင်ဖြစ်ကြောင်းနှင့် ၂၀၁၄ ခုနှစ်က ကန်းစ်ရုပ်ရှင်ပွဲတော်တွင် Palme d” Or ဆုရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**သတင်းလမ်းညွှန်**

## မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ လက်စွဲလမ်းညွှန်စာအုပ် မိတ်ဆက်ဖြန့်ချိသည့် အခမ်းအနားကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၂**

မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ လက်စွဲလမ်းညွှန်စာအုပ် မိတ်ဆက် ဖြန့်ချိသည့်အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Sedona Hotel ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ လက်စွဲလမ်းညွှန်စာအုပ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ မြန်မာနိုင်ငံ နားမကြားသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းကျောင်းများ၊ မသန်စွမ်းအရေးဆောင်ရွက်နေကြသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ ပူးပေါင်းပါဝင်မှုနှင့် USAID ၊ FHI 360 အဖွဲ့တို့၏ ပံ့ပိုးမှုတို့ဖြင့် ရေးသားပြုစုခဲ့ကြောင်း သိရသည်။

ဂျိုင်းလော

## မိတ္ထီလာ၌ (၂၁)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ပင့်ဆောင်လှည့်လည်အပူဇော်ခံပွဲကျင်းပမည်

**မိတ္ထီလာ အောက်တိုဘာ ၂၂**

မိတ္ထီလာမြို့၌ (၂၁)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ပင့်ဆောင်လှည့်လည် အပူဇော်ခံပွဲကို အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နှစ်ကျိပ်ရှစ်ဆူဘုရားများကို အောက်တိုဘာ ၂၆ ရက် ညနေ ၃ နာရီတွင် တစုတစည်းတည်းပင့်ဆောင်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအနီးမှ စတင်ထွက်ခွာပြီး နှစ်စဉ်လမ်းကြောင်းအတိုင်း လှည့်လည် အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)


## ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်းများ နိုင်ငံတစ်ဝန်းလုံးတွင် ပြုလုပ်သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် အသက် ကိုးလမှ ငါးနှစ်ခွဲအရွယ်ရှိကလေး ၄ ဒသမ ၇ သန်းခန့်အား ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံးတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ပြုလုပ်ရာတွင် ပိုလီယိုကာကွယ်ဆေးနှင့်အတူ ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးအပိုဆောင်းထိုးနှံပေးခြင်းကို အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ မြို့နယ် ၉၆ မြို့နယ်တွင်လည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်အထိ မြို့နယ် ၂၃၄ မြို့နယ်တွင်လည်းကောင်း အသီးသီးပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်လူမော်




## 2020 Year of ASEAN Identity Logo Design Competition for ASEAN Youths တွင် အသုံးပြုမည့် Logo အတွက် ပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် (၂၀၂၀)ပြည့်နှစ်အား အာဆီယံပြည်သူများအကြား အာဆီယံ၏သွင်ပြင်လက္ခဏာကို ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး အားပေးမြှင့်တင်သည့် အထိမ်းအမှတ်နှစ်အဖြစ် သတ်မှတ်ပြီး လူငယ်များ၏ တီထွင်ဖန်တီးမှု ပေါ်လွင်ထင်ဟပ်စေမည့် 2020 Year of ASEAN Identity Logo Design Competition for ASEAN Youths ပြိုင်ပွဲကို ဒီဇိုင်းပညာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အသိပေးထုတ်ပြန်ထားပါသည်။

၂။ အဆိုပါ Logo ဒီဇိုင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့်-

(က) ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ၃၅ နှစ်ထက်မကျော်လွန်သူများ ဖြစ်ရမည်၊

(ခ) ပြိုင်ပွဲဝင် တစ်ဦးလျှင် Logo (၂)ခုထက်ပို၍ ယှဉ်ပြိုင်ခြင်းမပြုရ၊

(ဂ) အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဝန်ထမ်းများ၊ အရာထမ်းများနှင့် ယင်းတို့၏ မိသားစုဝင်များ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရ၊

(ဃ) လျှောက်လွှာတွင် ကိုယ်ပိုင်တီထွင်ဖန်တီးထားသည့် logo ဒီဇိုင်းနှင့်အတူ စာလုံးရေ (၅၀)ထက်မပိုသည့် logo အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တစ်ပါတည်းပူးတွဲတင်ပြရပါမည်၊

(င) logo ဒီဇိုင်းမှာ JPEG format ဖြင့် အနည်းဆုံး 2cm ပတ်လည် ဖြစ်ရပါမည်၊

၃။ ယှဉ်ပြိုင်မည့် Logo များထဲမှ Winner ရရှိသူအား ယူရို 2000၊ 1st Runner Up ရရှိသူအား ယူရို 1000 နှင့် 2nd Runner Up ရရှိသူအား ယူရို 500 အသီးသီးဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်လျှောက်လွှာများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.asean.org တွင် 2020 Year of ASEAN Identity Logo Design Competition for Youths ဟု ရှာဖွေရယူနိုင်ပြီး sofiany@asean.org သို့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်နေ့နောက်ဆုံးထား၍ အီးမေးလ်ပေးပို့ရမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသူများအား အာဆီယံ၏တရားဝင် Facebook Page တွင်လည်းကောင်း၊ ASEAN Committee on Culture and Information (ASEAN-COCI) Facebook Page တွင်လည်းကောင်း ကြေညာပေးသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ တရားဝင်အင်တာနက်စာမျက်နှာဖြစ်သည့် www.asean.org တွင် 2020 Year of ASEAN Identity Logo Design Competition ဟု ရိုက်နှိပ်၍ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးထုတ်ပြန်ထားပါသည်။

# အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ပြိုင်ဘက်ဟောင်းအား ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်

**ဂျကာတာ အောက်တိုဘာ ၂၂**

ဧပြီလအတွင်းက ကျင်းပခဲ့သော အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုအား ရှုံးနိမ့်ခဲ့သူ ကြည်းတပ်ဗိုလ်ချုပ်ကြီးဟောင်း ပရာဘိုဝိုဆူဗီရန်တိုသည် သမ္မတ ဂျိုကိုဝီ၏ အစိုးရသစ်တွင် ကာကွယ်ရေးဝန်ကြီးတာဝန်ထမ်းဆောင်ရန် ကမ်းလှမ်းခြင်းကို လက်ခံခဲ့ကြောင်း သိရသည်။

မိမိအနေဖြင့် သမ္မတ၏ အစိုးရသစ်အပေါ် ကူညီဆောင်ရွက်ပေးရန် ပန်ကြားချက်အရ ကာကွယ်ရေးပိုင်းတွင် ကူညီပေးရန် ဆန္ဒရှိကြောင်း မစ္စတာ ဆူဗီရန်တိုက သမ္မတနှင့်ပြုလုပ်သော အစည်းအဝေးအပြီးတွင် သတင်းထောက်များအား ပြောကြားသည်။

သို့သော် ၎င်းအနေဖြင့် မည်သည့်အချိန်တွင် ကာကွယ်ရေးဝန်ကြီး တာဝန်ထမ်းဆောင်မည်ဟု ပြောကြားခဲ့ခြင်း မရှိချေ။ ပရာဘိုဝို၏ အထက်ပါပြောကြားချက်များသည် သမ္မတ ဂျိုကိုဝီအား မဲဆွယ်လှုပ်ရှားမှုတစ်လျှောက်တွင် ထောက်ခံခဲ့သူများနှင့် နိုင်ငံရေးပါတီများအပေါ် စိတ်ပျက်ဖွယ်ရာဖြစ်လာမည်ဟု မျှော်လင့်ရသည်။ ပရာဘိုဝိုသည် သမ္မတ ဆူဟာတိုလက်ထက်ဖြစ်သော ၁၉၉၀ ပြည့်နှစ်တွင် တိုင်းပြည်၏ ကြည်းတပ်အထူးတပ်ဖွဲ့ကို ကိုင်တွယ်အုပ်ချုပ်ခဲ့သည်။

တနင်္ဂနွေနေ့က ဒုတိယသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုခဲ့သော သမ္မတ ဂျိုကိုဝီဒိုဒိုသည် ဗုဒ္ဓဟူးနေ့တွင် ပြည်သူ့ရှေ့မှောက် ကျမ်းသစ္စာကျိန်ဆိုမည့် ဝန်ကြီးလောင်းများအား တွေ့ဆုံမေးမြန်းမှုပြုခဲ့သည်။

၎င်းတို့အနေဖြင့် အစိုးရအဖွဲ့သစ်တွင် တာဝန်ထမ်းဆောင်ရန် ကမ်းလှမ်းခြင်းခံခဲ့ရသည်ဟု ဝန်ကြီးလောင်းများက သတင်းထောက်များကို ပြောကြားခဲ့သော်လည်း မည်သည့်ဝန်ကြီးနေရာများတွင် ခန့်အပ်ကြောင်း ပြောဆိုခြင်းမရှိခဲ့ချေ။ ဂျိုကိုဝီက တွေ့ဆုံမေးမြန်းခဲ့သောသူများမှာ အခြေခံဥပဒေခုံရုံးဆိုင်ရာ တရားသူကြီး မိုဟာမက်မာဖတ်၊ ဂိုးဂျက်ဆိုင်ကယ်တက္ကစီ တည်ထောင်သူ နာဒင်းမကာရင်း၊ ၂၀၁၈ အာရှအားကစားပွဲအခမ်းအနားများ၏ တီထွင်ဖန်တီးမှုဆိုင်ရာ ဒါရိုက်တာ ဝတ်ချ်နူတာမာ၊ စီးပွားရေးလုပ်ငန်းရှင် အဲရစ်သိုဟာနှင့် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်း၏ ပိုင်ရှင်တို့ဖြစ်သည်။

**ကိုးကား-ကျိုဒို**

**ဘာသာပြန်-စိုးသူရ**



ကြည်းတပ်ဗိုလ်ချုပ်ကြီးဟောင်း ပရာဘိုဝိုဆူဗီရန်တိုနှင့် သမ္မတ ဂျိုကိုဝီဒိုဒို



အမေရိကန်ကာကွယ်ရေးဝန်ကြီး မက်ခ်အက်စ်ပါနှင့် ဆော်ဒီအာရေဗျဘုရင်

# ဆော်ဒီ၌ ကန်တပ်ဖွဲ့ဝင် ထောင်ချီ၍ တပ်ဖြန့်ရန် အမိန့်ထုတ်ပြီးနောက် ဆော်ဒီအာရေဗျဘုရင်နှင့် ပင်တဂွန်အကြီးအကဲတို့ တွေ့ဆုံဆွေးနွေး

**ရီယာ့ဒ် အောက်တိုဘာ ၂၂**

အမေရိကန်ကာကွယ်ရေးဝန်ကြီး မက်ခ်အက်စ်ပါနှင့် ဆော်ဒီအာရေဗျဘုရင်တို့သည် အောက်တိုဘာ ၂၂ ရက်တွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဆော်ဒီအာရေဗျနှင့် အီရန်နှစ်နိုင်ငံအကြား၌ တင်းမာမှုများ ကြီးထွားနေမှုကြောင့် အမေရိကန်အစိုးရက ၎င်း၏ ထောင်နှင့်ချီသော တပ်ဖွဲ့ဝင်တို့ကို ဆော်ဒီအာရေဗျ၌ ဖြန့်ချထားရန် အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် မကြာမီအချိန်တွင်း၌ အမေရိကန်ကာကွယ်ရေးဝန်ကြီးနှင့် ဆော်ဒီအာရေဗျဘုရင်တို့ တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် အာဖဂန်နစ္စတန်နိုင်ငံသို့ ကြိုတင်ကြေညာခြင်းမရှိဘဲ သွားရောက်ခဲ့ပြီးနောက် အောက်တိုဘာ ၂၁ ရက် ညပိုင်းတွင် ဆော်ဒီအာရေဗျသို့ ရောက်ရှိခဲ့ကာ အောက်တိုဘာ ၂၂ ရက်တွင် ရီယာ့ဒ်မြို့၌ ဆော်ဒီအာရေဗျဘုရင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ နှစ်ဦးဆွေးနွေးမှုများ၌ ကာကွယ်ရေးဆိုင်ရာကိစ္စများနှင့် ဒေသတွင်းရှိ လက်ငင်းဖြစ်ပေါ်နေသည့် အခြေအနေများ ပါဝင်သည်ဟု ဆော်ဒီအာရေဗျအစိုးရ အက်စ်ပီအေသတင်းဌာနက ဖော်ပြသည်။

စက်တင်ဘာလလယ်ပိုင်းတွင် ဆော်ဒီအာရေဗျနိုင်ငံ၏ ရေနံလုပ်ငန်း အဆောက်အအုံများအား မောင်းသူမဲ့လေယာဉ်များနှင့် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုခံရပြီးနောက် ဆော်ဒီအာရေဗျက ၎င်းနိုင်ငံတွင်းသို့ အမေရိကန်တပ်ဖွဲ့များ စေလွှတ်ပေးရန် တောင်းဆိုခဲ့ခြင်းကြောင့် အောက်တိုဘာ ၁၁ ရက်တွင် ဆော်ဒီအာရေဗျသို့ အမေရိကန်တပ်ဖွဲ့ဝင်အသစ်များ စေလွှတ်မည်ဟု ပြောကြားခဲ့သည်။ ဆော်ဒီအာရေဗျ ရေနံလုပ်ငန်း အဆောက်အအုံများ တိုက်ခိုက်ခံရမှုအတွက် အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံအား ပြစ်တင်ပြောကြားခဲ့သည်။

အမေရိကန်လေတပ်မှ တိုက်လေယာဉ်အုပ်စုနှစ်စုနှင့် လေကြောင်းရန်ကာကွယ်ရေး ဒုံးပျံတပ်ဖွဲ့တစ်ဖွဲ့တို့အား ဆော်ဒီအာရေဗျသို့ စေလွှတ်ထားပြီးဖြစ်ကြောင်း မက်ခ်အက်စ်ပါက ပြောကြားသည်။ လွန်ခဲ့သည့်လကတည်းကစ၍ ဆော်ဒီအာရေဗျတွင် ဖြန့်ကြက်ထားသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်းမှာ ၃၀၀၀ ခန့်ရှိပြီဖြစ်သည်။

ရေနံထုတ်လုပ်သည့် အဆောက်အအုံများနှင့် ရေနံတင်သင်္ဘောများအား တိုက်ခိုက်မှုများ အစီအရီ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပင်လယ်ကွေ့ဒေသတွင် မကြာသေးမီလများအတွင်း၌ တင်းမာမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့သည်။ ဒေသတွင်းရှိ ပြိုင်ဘက်နှစ်နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနှင့် အီရန်နှစ်နိုင်ငံအကြား စစ်ပွဲဖြစ်ပွားမည့်အခြေအနေများ မြင့်တက်လာခဲ့ပြီး ယင်းတိုက်ခိုက်မှုများအတွင်း ၎င်းတို့ ပါဝင်လုပ်ဆောင်ခဲ့မှု မရှိကြောင်း အီရန်က ငြင်းဆိုခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း**

# ဂျပန်ဧကရာဇ်နန်းတက်ပွဲ၏ စီတန်းလှည့်လည်ပွဲ နိုဝင်ဘာလတွင် ကျင်းပမည်

**တိုကျို အောက်တိုဘာ ၂၂**

ဂျပန်ဧကရာဇ်၏ နန်းတက်ပွဲအခမ်းအနား ကျင်းပပြီးနောက် အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပရန် စီစဉ်ထားသည့် စီတန်းလှည့်လည်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်သို့ ရွှေ့ဆိုင်းလိုက်ကြောင်း ယနေ့သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တိုင်ဖွန်းမုန်တိုင်း ဟာဂီဘစ်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသဖြင့် စီတန်းလှည့်လည်ပွဲကို ရွှေ့ဆိုင်းရန် ဂျပန်အစိုးရက ဆုံးဖြတ်ခဲ့သည်။ ၎င်းစီတန်းလှည့်လည်ပွဲ၌ ဂျပန်ဧကရာဇ်၏ မော်တော်ယာဉ်တန်းတွင် မော်တော်ယာဉ် ၄၆ စီး ပါဝင်မည်ဖြစ်သည်။ ဂျပန်ဧကရာဇ်၏ မော်တော်ယာဉ်တန်းရှေ့တွင် မြို့ပြရဲတပ်ဖွဲ့မှ မော်တော်ဆိုင်ကယ်များ ပါဝင်မည်ဖြစ်ပြီး ၎င်း၏နောက်တွင် ကက်ဘိနက်အကြီးအကဲ၏ယာဉ်နှင့် ဝန်ကြီးချုပ်၏ယာဉ်များ လိုက်ပါလာမည်ဖြစ်သည်။ ၎င်းယာဉ်များနောက်တွင် ဂျပန်ဧကရာဇ်နှင့် ကြင်ရာတော်တို့ စီးနင်းသည့်ယာဉ်နှင့် အိမ်ရှေ့စံမင်းသားနှင့် ကြင်ရာတော်တို့၏ယာဉ်များ လိုက်ပါလာမည်ဖြစ်သည်။

စီတန်းလှည့်လည်ပွဲအား ဂျပန်ဧကရာဇ်နန်းတော်၏ တောင်ဘက်မုခ်မှ စတင်ကျင်းပမည်ဖြစ်သည်။ ဂျပန်ဧကရာဇ်၏ မော်တော်ယာဉ်တန်းအနေဖြင့် ဂျပန်ဧကရာဇ်နှင့် ကြင်ရာတော်တို့ နေထိုင်သော အေကာဆာကာအိမ်တော်သို့ မဝင်ရောက်မီ ဂျပန်ဒိုင်းယက်လွှတ်တော်နှင့် လွှတ်တော်စာကြည့်တိုက်များတည်ရှိရာ လမ်းအတွင်းသို့ ဝင်ရောက်မည်ဖြစ်သည်။ ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် ကြင်ရာတော် မာဆာကိုတို့ စီးနင်းမည့်ကားမှာ တိုယိုတာကုမ္ပဏီမှ အထူးထုတ်လုပ်ထားသော ဆီဒင်ကားအမျိုးအစားဖြစ်ပြီး ပြည်သူများအနေဖြင့် ဂျပန်ဧကရာဇ်နှင့် ကြင်ရာတော်တို့ကို ကောင်းမွန်စွာမြင်တွေ့နိုင်မည်ဖြစ်သည်။ ၎င်းကားတွင် ယာဉ်တိုက်မှုရှောင်တိမ်းရေးစနစ် တပ်ဆင်ထားပြီး အော်တိုဘရိတ်စနစ်များ အသုံးပြုကာ နောက်တန်းမှခုံတွင် လေအိတ်များ တပ်ဆင်ထားသည်။ **ကိုးကား -အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# ဆီးရီးယားသမ္မတ အာဆတ် အီဒလစ်ပြည်နယ်သို့ သွားရောက်

**အီဒလစ် အောက်တိုဘာ ၂၂**

အီဒလစ်ပြည်နယ်ရှိ ဂျီဟတ်ဝါဒီများအပေါ် အနိုင်ရရှိရေးသည် ရှစ်နှစ်ကြာပြီးဖြစ်သည့် ဆီးရီးယားပြည်တွင်းစစ်အဆုံးသတ်ရေးအတွက် အဓိကကျသော အချက်ဖြစ်ကြောင်း ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်က အောက်တိုဘာ ၂၂ ရက်တွင် ပြောကြားသည်။ ဆီးရီးယားသမ္မတ အာဆတ်သည် ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ အီဒလစ်ပြည်နယ်သို့ ပထမဆုံးအကြိမ် လာရောက်စဉ် ယင်းသို့ ပြောကြားခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံ၏ အခြားသော ဒေသအားလုံး၌ ပရမ်းပတာဖြစ်မှုများနှင့် အကြမ်းဖက်ဝါဒအား ဖြေရှင်းရန်အတွက် အီဒလစ်ပြည်နယ်စစ်ပွဲသည် အခြေခံအကြောင်းအရင်းဖြစ်ကြောင်း ဆီးရီးယားသမ္မတ အာဆတ်က ယင်းပြည်နယ်ရှိ ရှေ့တန်းစစ်မျက်နှာမြို့ဖြစ်သည့် အယ်လ်ဟီဘစ်မြို့၌ ဆီးရီးယားအစိုးရ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ဆီးရီးယားအစိုးရက ထုတ်ပြန်သည့်ဓာတ်ပုံများ၌ သမ္မတ အာဆတ်အနီးတွင် တိုက်ပွဲဝင်စစ်ဝတ်စုံများ ဝတ်ဆင်ထားသည့် တပ်ဖွဲ့ဝင်များ ဝိုင်းရံထားပြီး ၎င်းတို့၏ နောက်တွင် မြေပုံများချိတ်ဆွဲထားပုံများကို မြင်တွေ့ရသည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်များ နိုင်ငံမြောက်ပိုင်းဒေသ အစိတ်အပိုင်းများသို့ ဆက်လက်ဖြန့်ကြက်နေစဉ် ဆီးရီးယားသမ္မတ၏ မှတ်ချက်ပြုပြောကြားခြင်း ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယင်းတပ်ဖွဲ့များသည် တူရကီ၏ စစ်ရေးအရ ကျူးကျော်မှုကို ထိန်းချုပ်နေသည့် ကာ့ဒ်တပ်ဖွဲ့များအား အထောက်အကူပြုနေကြောင်း ဆီးရီးယားအစိုးရပိုင် ဆာနားသတင်းဌာနက ဖော်ပြသည်။

ဆီးရီးယားပြည်တွင်းစစ်ပွဲတွင် စစ်ပွဲဆိုင်ရာ အလှည့်အပြောင်းများ ဖြစ်ပေါ်ခဲ့ပြီးနောက် သမ္မတ အာဆတ်၏ တပ်ဖွဲ့များက နိုင်ငံ၏ ရာခိုင်နှုန်း ၆၀ ရာခိုင်နှုန်းကို ထိန်းချုပ်လာနိုင်ခဲ့သည်။ အီဒလစ်ပြည်နယ်အပါအဝင် ဆီးရီးယားတစ်နိုင်ငံလုံးကို ပြန်လည်ထိန်းချုပ်နိုင်ရန် သမ္မတအာဆတ်က သန္နိဋ္ဌာန်ချမှတ်မှုများ ထပ်ခါတလဲလဲ ပြုလုပ်ခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း**

# ရေနံယိုဖိတ်မှုများကို ရှင်းလင်းဖယ်ရှားရန် နိုင်ငံ၏အရှေ့မြောက်ပိုင်းကမ်းခြေသို့ ဘရာဇီးနိုင်ငံက တပ်ဖွဲ့ဝင် ၅၀၀၀ ကျော် စေလွှတ်မည်

**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၂၂**

ဘရာဇီးနိုင်ငံသည် ရေနံယိုဖိတ်မှုများကို ရှင်းလင်းဖယ်ရှားရာတွင် အကူအညီပေးရန် နိုင်ငံ၏ အရှေ့မြောက်ပိုင်းကမ်းခြေသို့ တပ်ဖွဲ့ဝင် ၅၀၀၀ ကျော် စေလွှတ်သွားမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံ ဒုတိယသမ္မတ ဟာမီလ်တန်မော်ရာအိုက အောက်တိုဘာ ၂၁ ရက်တွင် ကြေညာခဲ့ကြောင်း သတင်းတစ်ရပ်က ဖော်ပြသည်။

စက်တင်ဘာလအစောပိုင်းမှစတင်ကာ ရေနံစိမ်းတန်ချိန် ၆၀၀ ခန့်ကို အဆိုပါကမ်းခြေများမှ ဖယ်ရှားခဲ့ကြောင်းနှင့် ရေနံယိုဖိတ်ရာနေရာအများအပြားသို့ တပ်ဖွဲ့ဝင် ၁၅၀၀ ဖြန့်ကြက်ထားပြီးဖြစ်ကြောင်း ဘရာဇီး ဒုတိယသမ္မတက ပြောကြားခဲ့သည်။ ရေနံယိုဖိတ်ရာ မူလနေရာကိုမူ ယခုတိုင်အောင် မသိရသေးကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံ ပြည်နယ်ကိုးခုရှိ အနည်းဆုံးကမ်းခြေ ၂၀၀ တွင် ရေနံစိမ်းများကို အောင်မြင်စွာ ဖယ်ရှားနိုင်ခဲ့ကြောင်း ဒေသမီဒီယာများ၏ မကြာသေးမီက ထုတ်ပြန်သည့်သတင်းများအရ သိရသည်။ အဆိုပါရေနံကြောင့်ဖြစ်သည့် ညစ်ညမ်းမှုသည် ကမ်းရိုးတန်းတစ်လျှောက် မိုင် ၁၃၀၀ ကျော်အထိ ပျံ့နှံ့ခဲ့ကြောင်းလည်း ပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများက ပြောကြားသည်။

ရေနံယိုဖိတ်မှုကို ရှင်းလင်းမှုများ ပိုမိုလုပ်ဆောင်ရေး ပြည်သူလူထုနှင့် ဒေသခံများက တောင်းဆိုဖိအားပေးမှုများကြောင့် ဘရာဇီးအစိုးရက ကမ်းခြေရှင်းလင်းမှုများတွင် ဒေသခံများအား အကူအညီပေးရန်အတွက် တပ်ဖွဲ့ဝင်အများအပြားစေလွှတ်ရန် ဆုံးဖြတ်ခဲ့သည်။

ဇန်နဝါရီလအတွင်းက ဆည်ကျိုးပေါက်မှုနှင့် ဒုတိယသုံးလပတ်တွင် အမေဇုန်မိုးသစ်တောမီးလောင်မှုတို့ ဖြစ်ပွားပြီးနောက် ယခု ရေနံယိုဖိတ်မှုသည် ဘရာဇီးနိုင်ငံသို့ ရိုက်ခတ်သော တတိယမြောက် အကြီးဆုံးသော သဘာဝဘေးအန္တရာယ်ဖြစ်လာခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# ဆီးရီးယားနိုင်ငံအတွင်း လုံခြုံရေးနောက်ဆုံးအခြေအနေအပေါ် နေတန်ယာဟုနှင့် ပူတင် ဆွေးနွေး

**ဂျေရုဆလင် အောက်တိုဘာ ၂၂**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် အောက်တိုဘာ ၂၁ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြရာ ဆီးရီးယားနိုင်ငံအတွင်းရှိ လုံခြုံရေး နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ အဓိကထားဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် ဆီးရီးယားလုံခြုံရေးအခြေအနေနှင့် ဒေသတွင်း တိုးတက်ပြောင်းလဲမှုများကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်ဟု အစ္စရေးဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။ သမ္မတပူတင်က ဝန်ကြီးချုပ်နေတန်ယာဟု၏ မွေးနေ့အခါသမယတွင် နေတန်ယာဟုအား ဂုဏ်ပြုချီးကျူးရန် တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ခြင်းဖြစ်သည်။

မကြာသေးမီကဆီးရီးယားနိုင်ငံမှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းခဲ့ပြီးနောက် အီရန်အနေဖြင့် ဆီးရီးယားနိုင်ငံအတွင်း အမြဲတမ်းတပ်စခန်းများ တည်ဆောက်မည်ကို အစ္စရေးနိုင်ငံက စိုးရိမ်ပူပန်လျက်ရှိနေစဉ် ယခုကဲ့သို့ နှစ်နိုင်ငံခေါင်းဆောင်များအကြား တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှု ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

နေတန်ယာဟုနှင့် ပူတင်တို့သည် ဆီးရီးယားနိုင်ငံအတွင်း ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍ နှစ်နိုင်ငံတပ်မတော်အကြား ညှိနှိုင်းဆောင်ရွက်မှု အစိတ်အပိုင်းတစ်ခုအနေဖြင့် တွေ့ဆုံဆွေးနွေးမှုများကို ရုရှားနိုင်ငံ မော်စကိုမြို့တွင် ပုံမှန်ပြုလုပ်လျက်ရှိသလို တယ်လီဖုန်းဖြင့်လည်း ပုံမှန်ဆက်သွယ် ဆွေးနွေးလျက်ရှိကြသည်။

ရုရှားနှင့် အစ္စရေးတပ်ဖွဲ့သည် ဆီးရီးယားနိုင်ငံအတွင်း ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍ နှစ်ဖက်အကြား တိုက်ခိုက်မှုမှ ရှောင်ကြဉ်ကြရန် အချင်းချင်း ပုံမှန်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြသည်။

ရုရှားတပ်ဖွဲ့သည် ဆီးရီးယားအစိုးရတပ်နှင့်အတူ ဆီးရီးယားနိုင်ငံအတွင်းရှိ စစ်သွေးကြွအုပ်စုအပေါ် တိုက်ပွဲဆင်နွှဲလျက်ရှိသည်။ ထို့အတူ အစ္စရေးလေတပ်ကလည်း အီရန်တပ်ဖွဲ့နှင့် ဟစ်ဇ်ဘိုလာစစ်သွေးကြွအုပ်စုကို ပစ်မှတ်ထားပြီး ဆီးရီးယားနိုင်ငံအတွင်း လေကြောင်းတိုက်ခိုက်မှု အကြိမ်ပေါင်းရာနှင့်ချီ ပြုလုပ်ခဲ့သည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်

# အာဖဂန်စစ်ပွဲ အဆုံးသတ်ရေးအတွက် ရုရှား၊ တရုတ်၊ အီးယူတို့နှင့် ဆွေးနွေးရန် အမေရိကန်သံတမန် ခရီးစတင်

**ဝါရှင်တန် အောက်တိုဘာ ၂၂**

အမေရိကန်နှင့် တာလီဘန်အုပ်စုအကြား ဆွေးနွေးညှိနှိုင်းမှုများတွင် အမေရိကန်ကိုယ်စားလှယ်အား ဦးဆောင်သော သံတမန်တစ်ဦးသည် အာဖဂန်နစ္စတန်စစ်ပွဲ အဆုံးသတ်ရေးအတွက် ရုရှား၊ တရုတ်နှင့် ဥရောပမဟာမိတ်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားသည်။

အမေရိကန်သံတမန် ဇာလ်မေခါလီးလ်ဇတ်သည် အာဖဂန်နစ္စတန်ငြိမ်းချမ်းရေးရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးရန် အောက်တိုဘာ ၂၀ ရက်မှစ၍ ဘရပ်ဆဲလ်၊ ပါရီနှင့် မော်စကိုမြို့တို့သို့ ခရီးထွက်ခွာခဲ့ခြင်းဖြစ်သည်။

ဇာလ်မေခါလီးလ်ဇတ်သည် ရုရှားနှင့် တရုတ်သံတမန်များကို မော်စကိုမြို့တွင် တွေ့ဆုံမည်ဖြစ်ပြီး တွေ့ဆုံစဉ် အာဖဂန်နစ္စတန်စစ်ပွဲအဆုံးသတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်သည်။ အာဖဂန်နစ္စတန်နွယ်ဖွား အမေရိကန်ဝါရင့် သံတမန်တစ်ဦးဖြစ်သူ ဇာလ်မေခါလီးလ်ဇတ်သည် အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့အများစု ရုပ်သိမ်းရေးနှင့် အာဖဂန်နစ္စတန်စစ်ပွဲ အဆုံးသတ်ရေးအတွက် သဘောတူချက်တစ်ရပ်ရရှိနိုင်ရန် အမေရိကန်နှင့် တာလီဘန်အုပ်စုအကြား ညှိနှိုင်းဆွေးနွေးမှုများကို တစ်နှစ်ကြာ ဦးဆောင်လာခဲ့သည်။

အာဖဂန်နစ္စတန်ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် သမ္မတထရန့်က တာလီဘန်ခေါင်းဆောင်များကို စက်တင်ဘာလက ဖိတ်ကြားခဲ့သည်။ သို့သော် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဖြစ်ပွားသော တိုက်ခိုက်မှုတစ်ခု၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီးနောက် ထရန့်က ယင်းဖိတ်ကြားချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ပြီး အမေရိကန်နှင့် တာလီဘန်အုပ်စုအကြား ဆွေးနွေးမှုကိုလည်း ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်တပ်ဖွဲ့နှင့် နေတိုးတပ်ဖွဲ့ကို ဦးဆောင်သော အမေရိကန်ဗိုလ်ချုပ်ကြီး စကော့သ်မီးလာက အာဖဂန်နစ္စတန်ငြိမ်းချမ်းရေးအတွက် အမေရိကန်နှင့် တာလီဘန်အုပ်စုအကြား သဘောတူချက်မရရှိခဲ့သော်လည်း အမေရိကန်အစိုးရသည် လွန်ခဲ့သည့်နှစ်က အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀ ခန့် ရုပ်သိမ်းခဲ့သည်ဟု အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားသည်။

ကိုးကား – အေအက်ဖ်ပီ
ဘာသာပြန် – ဂျေတီ



အမေရိကန်သံတမန် ဇာလ်မေခါလီးလ်ဇတ်

# ထိုင်းနိုင်ငံတွင် ရေပြတ်လပ်နိုင်မှုကြောင့် ချွေတာသုံးစွဲကြရန် အစိုးရ သတိပေး

**ဗန်ကောက် အောက်တိုဘာ ၂၂**

ထိုင်းနိုင်ငံ အမျိုးသားရေအရင်းအမြစ်များရုံး (ONWR) က ရှစ်လအထိ ကြာမြင့်ဖွယ်ရှိသည့် ရေပြတ်လပ်မှုများကို တောင့်ခံကြရန် နိုင်ငံအနှံ့နေထိုင်ကြသည့် ပြည်သူများကို ယနေ့ အကြံပြုလိုက်သည်။ ထိုင်းနိုင်ငံ၌ တရားဝင်ခြောက်သွေ့ရာသီမှာ နိုဝင်ဘာ ၁ ရက်တွင် စတင်မည်ဖြစ်သည်။

ရေလှောင်တမံအများအပြားမှာ ရေနည်းပါးမှုအခြေအနေများ ကြုံတွေ့နေရကြောင်း ONWR အထွေထွေအတွင်းရေးမှူး ဆွမ်ကီရတ်ပရာဂျမ်ဝေါင်က သတိပေးခဲ့သည်။ "ရေပြတ်လပ်မှုကြုံတွေ့နေရတဲ့ ဒေသတွေမှာနေထိုင်တဲ့ ပြည်သူတွေက လအနည်းငယ်ကြာအထိ ရေကို ချွေချွေတာတာသုံးစွဲဖို့ လိုအပ်ပါမယ်" ဟု ၎င်းက ပြောသည်။ ရေလှောင်တမံများအတွင်း ရေများ မြန်မြန်ဆန်ဆန် စီးဝင်စေမည့် ရေမြောင်းများ တူးဖော်ခြင်း၊ ရေတွင်းများ တူးဖော်ခြင်း၊ ရေနည်းပါးသည့် ရေကန်များ တိုးချဲ့ခြင်းနှင့် ရေပြတ်လပ်သည့် ဒေသများမှ ဒေသခံများသုံးစွဲရန် ရေများဝယ်ယူခြင်းကဲ့သို့သော ကိစ္စရပ်များ လုပ်ဆောင်ခဲ့ကြောင်း ONWR က ပြောကြားသည်။

ထိုင်းတော်ဝင် ဆည်မြောင်းဦးစီးဌာနကလည်း ရေကိုချွေတာသုံးစွဲရန် ပြည်သူများသို့ တိုက်တွန်းခဲ့သည်။ လက်ရှိအချိန်တွင် ဘူမိဘောနှင့် သီရိခေတ်ကဲ့သို့သော အဓိကဆည်ကြီးများ၌ သုံးစွဲနိုင်သော ရေကုဗမီတာ ၆ ဘီလီယံခန့်ရှိပြီး သုံးစွဲရန်နှင့် သက်ရှိများကို ထိန်းသိမ်းစောင့်ရှောက်ရန် ရေကုဗမီတာ ၅ ဘီလီယံကို အရန်ထားရှိကာ စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် ရေကုဗမီတာ တစ်ဘီလီယံသာ ကျန်ရှိတော့ကြောင်း ထိုင်းဆည်မြောင်းဦးစီးဌာနက ပြောကြားသည်။

၂၀၁၇ ခုနှစ်တွင် တည်ထောင်ခဲ့သော ရေဆိုင်ရာစီမံခန့်ခွဲမှုဌာန တစ်ခုဖြစ်သည့် ONWR က ထိုင်းနိုင်ငံ၌ ဘက်စုံပေါင်းစည်းထားသော ရေဆိုင်ရာစီမံခန့်ခွဲရေးစီမံချက်ကို ကြီးကြပ်ရသည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန် – ကျော်ထိုက်စိုး

# အစိုးရသစ် မဖွဲ့စည်းနိုင်သောကြောင့် အစ္စရေးလွှတ်တော်ကို တတိယအကြိမ် ဖျက်သိမ်းရဖွယ်ရှိ

**တဲအဗစ် အောက်တိုဘာ ၂၂**

စက်တင်ဘာလအတွင်း အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပြီးနောက် အစိုးရသစ်တစ်ရပ် မဖွဲ့စည်းနိုင်ခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားသည်။

ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် ရွေးကောက်ပွဲ၌ လီကွပ်ပါတီက မဲအများစုဖြင့် အနိုင်မရရှိသောကြောင့် နေတန်ယာဟုမှာ ညွန့်ပေါင်း အစိုးရတစ်ရပ်ဖွဲ့စည်းရေး စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရာတွင် အခက်အခဲ ရင်ဆိုင်ခဲ့ရသည်။ အစိုးရတစ်ရပ် ဖွဲ့စည်းရေးကြိုးပမ်းမည့် လုပ်ပိုင်ခွင့်အာဏာကို ပြန်လည်ပေးအပ်ခဲ့သည်ဟု အစ္စရေးသမ္မတထံ တင်ပြခဲ့ကြောင်း နေတန်ယာဟုက အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားသည်။ အစ္စရေး သမ္မတရုံးက ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး သမ္မတ ရီဗင်ရက်ဗ်လင်သည် အကြီးမားဆုံးသော အတိုက်အခံပါတီ Blue and White ခေါင်းဆောင်နှင့် ဗိုလ်ချုပ်ကြီးဟောင်း ဘန်နီဂန့်ဇ်ကို ညွန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်းရေးတာဝန် မကြာမီ ပေးအပ်မည်ဟု ပြောကြားလိုက်သည်။

ဂန့်ဇ်ကတစ်လအတွင်း အစိုးရသစ်တစ်ရပ် ဖွဲ့စည်းနိုင်ခဲ့လျှင် အစ္စရေးနိုင်ငံမှာ ၁၀ နှစ်အတွင်း ပထမဆုံး အစိုးရအပြောင်းအလဲရှိလာမည်ဖြစ်သည်။ သို့သော်လည်း ဂန့်ဇ်အနေဖြင့် အစ္စရေးလွှတ်တော်၌ အမတ်နေရာအများစု အနိုင်ရရှိထားသည့် ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ဖွယ်မရှိကြောင်း လေ့လာစောင့်ကြည့်သူများက ပြောကြားသည်။ ဂန့်ဇ်က အစိုးရသစ်တစ်ရပ် မဖွဲ့စည်းနိုင်လျှင် အစ္စရေးလွှတ်တော်ကို တတိယအကြိမ် ဖျက်သိမ်းရဖွယ်ရှိကြောင်း အစ္စရေးနိုင်ငံရှိ မီဒီယာများက ရေးသားဖော်ပြကြသည်။

အစ္စရေးနိုင်ငံအတွင်း နိုင်ငံရေး ဝရုန်းသုန်းကားအခြေအနေကြောင့် ဝန်ကြီးချုပ် နေတန်ယာဟုမှာ ခေါင်းကိုက်စရာများ ကြုံတွေ့နေရသည်။ ၎င်းကို ယခုနှစ်အကုန်တွင် အကျင့်ပျက်ခြစားမှုစွဲချက်များဖြင့် တရားစွဲဆိုနိုင်သည်။

ကိုးကား–အင်န်အိတ်ချ်ကေ
ဘာသာပြန် – ကျော်ထိုက်စိုး

# ရုရှားနိုင်ငံက ဖိလစ်ပိုင်နိုင်ငံတွင် လက်နက်ထုတ်သည့်ကုမ္ပဏီ တည်ထောင်မည်

**မနီလာ အောက်တိုဘာ ၂၂**

ရုရှားနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံတွင် လက်နက်ထုတ်လုပ်သည့်ကုမ္ပဏီ တည်ထောင်ရန် ရည်ရွယ်ကြောင်း ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး အီဂေါ် ခိုဗာအိဗ်က အင်္ဂါနေ့က ပြောကြားသည်။

ရုရှားနှင့် ဖိလစ်ပိုင်တို့သည် ဖိလစ်ပိုင်နိုင်ငံတွင် ခေတ်မီလက်နက်များနှင့် လက်နက်ငယ်များ ပူးပေါင်းထုတ်လုပ်ရန်အတွက် အခွင့်အလမ်းများကို ရှာဖွေခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၎င်းကိစ္စနှင့် ပတ်သက်၍ လုပ်ငန်းစတင်ခဲ့ပြီးဖြစ်ကြောင်း၊ သံအမတ်ကြီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံသည် ရုရှားစစ်လက်နက်ပစ္စည်းများကို ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ရုရှားနည်းပညာဖြင့် ထုတ်လုပ်သည့် ဖိလစ်ပိုင် စစ်လက်နက်ပစ္စည်းများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း သံအမတ်ကြီးက ဆက်ပြောသည်။

သဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်ပါက ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏ သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် အဆင့်မြင့်လက်နက်ငယ်များနှင့် အပေါ့စားစစ်လက်နက်ပစ္စည်းများ တင်ပို့သည့် နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း သံအမတ်ကြီးက ပြောသည်။ သို့သော်လည်း ရုရှားနိုင်ငံက ဖိလစ်ပိုင်တွင် ထုတ်လုပ်ချင်သည့် လက်နက်အမျိုးအစားများ အတိအကျကိုမူ သံအမတ်ကြီးက ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။

ဖိလစ်ပိုင်နှင့် ရုရှားနိုင်ငံတို့၏ ဆက်ဆံရေးသည် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေး၏အစိုးရလက်ထက်တွင်ပိုမိုခိုင်မာလာခဲ့သည်။ ယခုလ အစောပိုင်းက သမ္မတ ဒူတာတေးသည် ရုရှားနိုင်ငံသို့ ဒုတိယအကြိမ် သွားရောက်ခဲ့ပြီး ဖိလစ်ပိုင်သည် ရုရှားနိုင်ငံမှ စစ်ရဟတ်ယာဉ်များနှင့် အခြားစစ်လက်နက်ပစ္စည်းများ ဝယ်ယူမည့် အစီအစဉ်ကို ထုတ်ဖော်ခဲ့သည်။

သမ္မတ ဒူတာတေး၏ ရုရှားနိုင်ငံ ဒုတိယအကြိမ် ခရီးစဉ်တွင် မည်သည့်သဘောတူညီချက်မှ လက်မှတ်ရေးထိုးခြင်းမရှိခဲ့သော်လည်း ရုရှားနှင့် ဖိလစ်ပိုင်အရာရှိ များသည် စစ်ရဟတ်ယာဉ်များ ဝယ်ယူလိုသည့်ကိစ္စနှင့်ပတ်သက်၍ တက်တက်ကြွကြွ လုပ်ဆောင်နေပြီဖြစ်ကြောင်း ခိုဗာအိဗ်က ပြောသည်။

စစ်ရဟတ်ယာဉ်များအပြင် ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ရေးလုပ်ငန်းတိုးတက်ရေး ကူညီရန် ရုရှားနိုင်ငံသည် ၎င်း၏ ခေတ်မီနည်းပညာများကို ထောက်ပံ့ရန် အသင့်ရှိနေကြောင်း သံအမတ်ကြီး ခိုဗာအိဗ်က ပြောသည်။

ရုရှားနိုင်ငံအနေဖြင့် ဖိလစ်ပိုင်နှင့် ရေရှည်မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်လိုကြောင်း၊ မိမိတို့အနေဖြင့် နှစ်ပေါင်းများစွာ အားကိုးအားထားနိုင်သည့် မိတ်ဖက်ဖြစ်လိုကြောင်း သံအမတ်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်– အောင်ဇော်လင်း

# မဘိမ်း၊ လောက်ကိုင်၊ ရွာင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

တပ်မတော်မှ အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက မဘိမ်းမြို့ ကုန်းခါး ရပ်ကွက် အင်းချောင်းအနီးတွေ့ရှိသူ ယောဂီ(ခ)ယောလှအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၅၀၀ နှင့် ဘိန်းဖြူ ၁၅၀ ဂရမ်တို့ကို သိမ်းဆည်း ရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက တပ်မတော်မှ လောက်ကိုင်မြို့နယ် တာရွှေထန် ကျေးရွာအုပ်စု ပါးဝေကျေးရွာအနီး လမ်းမပေါ်တွင် လမ်းလျှောက်လာသူ လောက်အန်းအားရှာဖွေရာ စိတ်ကြွ ရူးသွပ် ဆေးပြား ၆၀၊ အိုက်စ် နှစ်ဂရမ် တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက် အရ နမ့်ကော်ကျေးရွာနေ ရန်လော် ကျား၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၃၈၀၀၊ ဘိန်းဖြူ ငါးဂရမ်နှင့် အိုက်စ် လေးဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။



ကျော်နိုင်လွင်(ခ)ချစ်နိုင်လွင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ် ဆေးပြားများနှင့် အတူတွေ့ရစဉ်။

ထို့အတူ အောက်တိုဘာ ၂၁ ရက် ညနေ ၄ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွာင်မြို့နယ် ဘုရားကြီးကုန်းကျေးရွာအနီး ဘုရား ကြီးကုန်း - ဂနိုင်ယားကျေးရွာသွား လမ်းပေါ်တွင် ကျော်နိုင်လွင်(ခ) ချစ်နိုင်လွင် မောင်းနှင်လာသည့် Probox ယာဉ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာဥပဒေ အရ အရေးယူထားကြောင်း သိရ သည်။

ရဲပြန်ကြား



# အရာတော်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြော

**နေပြည်တော် အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် သစ်ကျင်းကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ယနေ့ မွန်းလွဲပိုင်းတွင် အရာတော်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါဟောပြောပွဲ၌ အရာတော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်နှင့် အရာတော်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးအောင်စိုးနိုင်တို့ ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး မိဘ အုပ်ထိန်းသူများ သိသင့်သိထိုက်သည့် အချက်များ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အချက်များအား အသိပညာပေးဟောပြောခဲ့သည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီမာဆွေနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူများ စုစုပေါင်း ၂၅၀ ခန့်အား ဟောပြောခဲ့ ကြောင်း သိရသည်။

ရဲပြန်ကြား

# မံစီမြို့နယ် စီအူကြိုးပြင်ကာကွယ်တောအတွင်း ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိ



**မံစီ အောက်တိုဘာ ၂၂**

ကချင်ပြည်နယ် မံစီမြို့နယ် စီအူကြိုးပြင်ကာကွယ်တောအတွင်း၌ အောက်တိုဘာ ၂၀ ရက်က နယ်မြေရှင်းလင်းခြင်းဆောင်ရွက်စဉ် တရားမဝင်ကျွန်းသစ်ခွဲသားများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း မံစီမြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီက ဗန်းမော်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ မံစီမြို့နယ် ဦးစီးအရာရှိ ဦးဇော်မိုးဦးနှင့် သစ်တောဝန်ထမ်းများ၊ နယ်မြေခံတပ်မှ တပ်မတော် သားများနှင့် ပူးပေါင်းအဖွဲ့သည် မံစီမြို့နယ် စီအူကြိုးပြင်ကာကွယ်တောအတွင်း နယ်မြေရှင်းလင်းခြင်းများဆောင်ရွက်စဉ် မံသာ-စီအူ ကားလမ်း(ကမ်းနီလမ်းဆုံ)၏အရှေ့ဘက် တစ်မိုင်ခန့်အကွာတွင် စုပုံထားသည့် တရားမဝင်ကျွန်းသစ် ခွဲသား ၁၈၆ ချောင်း (၈ ဒသမ ၆၀၄၄ တန်)ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သစ်ပိုင်ရှင်အား ဆက်လက်စုံစမ်းဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မံစီမြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ဝင်းနိုင်(ကချင်မြေ)

# နေပြည်တော်တွင် လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

နေပြည်တော်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ် စစ်ဆေးဆောင်ရွက်နေစဉ် အောက်တိုဘာ ၂၁ ရက် က လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၁ ရက် ညနေ ၄ နာရီက နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းရဲ ဒု-တပ်ဖွဲ့ခွဲမှူးရုံးမှ ဒု-ရဲအုပ်သက်နောင် ကျော်သည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် မင်းကုန်း ကျေးရွာ ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ်တွင် ယာဉ်စစ်ဆေးဆောင်ရွက်နေစဉ် ဘုရားကုန်းကျေးရွာ ဘက်မှ ဦးနေလင်းထွန်း တကောင်းရပ်ကွက် စစ်ကိုင်း မြို့ နေထိုင်သူမောင်းနှင်လာသော ယာဉ်အား ရပ်တန့် စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်း များ ပြသနိုင်ခြင်းမရှိသဖြင့် ဖမ်းဆီးအရေးယူခဲ့ ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးနေလင်းထွန်းအား တောင်ညိုနယ်မြေရဲစခန်းက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)



ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်ရပ်ကွက် လမ်းဆက်လမ်းရှိ အထက-၄ ကျောင်းရှေ့၌ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန် တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ်ရောက်ရှိလာရာ တာမွေ မြို့နယ် မြို့မရဲစခန်း ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးလွင်နှင့် အဖွဲ့က အထက-၄ မှ ကျောင်းသူလေးများအား အသိပညာပေးရှင်းလင်းစဉ်။ ကိုဌေး

# သထုံမြို့၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**သထုံ အောက်တိုဘာ ၂၂**

သထုံခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ဒု-ရဲအုပ်တင်ကိုထွန်းနှင့် တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၁ ရက် ည ၁၀ နာရီခွဲခန့် တွင် သထုံမြို့လိပ်အင်းကုန်းထိပ်၌ မော်တော်ယာဉ်များအား ရပ်တန့်စစ်ဆေးစဉ် သထုံမှ ရန်ကုန်သို့ စည်သူ(ခ)ဖိုးလပြည့် အာရှလမ်းမကြီး အမှတ်(၄)ရပ်ကွက် မြဝတီမြို့နေထိုင်သူ မောင်းနှင်လာသော ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်း မရှိသဖြင့် ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စည်သူ(ခ)ဖိုးလပြည့် အား သထုံမြို့မရဲစခန်းက အရေးယူထားကြောင်း သိရ သည်။

လှိုင်ထွန်းအောင်(သထုံ)

# ညောင်ဦးမြို့တွင် လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှ နေအိမ်တစ်လုံး မီးလောင်

**ညောင်ဦး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၃)နယ်မြေ ဇေယျဝတီရပ်ကွက်တွင် လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားကြောင်း ညောင်ဦးခရိုင် မီးသတ် ဦးစီးဌာနမှ သိရသည်။



ဖြစ်စဉ်မှာ အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ညောင်ဦးမြို့ အမှတ်(၃) နယ်မြေ ဇေယျဝတီရပ်ကွက်နေ ဦးကျော်ဌေးသည် နေအိမ်တွင် လျှပ်စစ်မီးဖြင့် ဟင်းချက်အပြီး ဟင်းချက်ရန် အသုံးပြုသည့် မီးပလပ်ကြိုးကို ပလပ်ပေါက်မှမဖြုတ်မိဘဲ ထားခဲ့ရာမှ လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲပြီး အနီးရှိနေအိမ်ထရံကို မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာနမှ သန္ဓေ၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၄၀ တို့က အုပ်ချုပ်မှုယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ မီးငြိမ်းသတ်ယာဉ် နှစ်စီးတို့ဖြင့် သွားရောက်ပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေ ပြည်သူများ ပူးပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၂ မိနစ်တွင် မီးငြိမ်းသွား ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ဦးကျော်ဌေး၏ နေအိမ်မီးလောင်ဆုံးရှုံးပြီး အခြားလူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဦးကျော်ဌေးအား ညောင်ဦးမြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

VAC®
VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း
ဝန်ထမ်းခန့်အပ်ပြီးသွားသည့် အလုပ်ရာထူးနေရာများကို Website မှ နေ့စဉ်ဖယ်ရှားပေးနေသော
www.vacjobsearch.com
MS Word Format CV Form ကို Email ဖြင့် ပေးပို့၍အလုပ်များလျှောက်ထားခြင်းဖြင့် သင်မည်သည့်နေရာကိုမှ ကိုယ်တိုင်အလုပ်သွားလျှောက်ရန် မလိုအပ်တော့ပါ။ အချိန်ကုန် ငွေကုန် လူပင်ပန်း သက်သာစေပါသည်။
Email : cv@vacjobsearch.com Ph : 01-395921,01-395922, 09-5102094, 09-73022727

# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပဉ္စမပွဲစဉ်) ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား စတင်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar) က အဓိကကူညီပံ့ပိုးသည့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပဉ္စမပွဲစဉ်) ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပထမနေ့နှင့်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ညောင်ဦးမြို့ရှိ ပုဂံဂေါက်ကွင်း၌ ကျင်းပသည်။



ဖွင့်ပွဲတွင် အားကစားသမားများ သတ်မှတ်တီခုံပေါ်တွင် နေရာယူကြပြီး မြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေး၊ Bago Yoma Eco Resort မန်နေဂျင်းဒါရိုက်တာ ဦးရန်နိုင်လွင်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ Adventure Myanmar Tours & Incentives၊ Amazing Holidays Hotel & Resort Chairman နှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်၊ မြန်မာနိုင်ငံသက်ကြီးတန်း အဆင့်မြင့် ဂေါက်သီးရိုက်ပညာရှင်များအသင်း ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမြင့်သောင်းတို့က အလှည့်ကျ ဂေါက်သီးရိုက်ကာ ဖွင့်လှစ်ပေးခဲ့သည်။

ယင်းပြိုင်ပွဲတွင် ပညာရှင်အဆင့် ၃၄ ဦး၊ သက်ကြီးတန်း အပညာရှင်အဆင့် ၃၃၊ ဝါသနာရှင်အဆင့် အမျိုးသား ၁၀၉ ဦး၊ ဝါသနာရှင်အဆင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း အားကစားသမား ၁၈၈ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အောက်တိုဘာ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲ ပထမနေ့ အပြီးတွင် ပညာရှင်အဆင့်ပြိုင်ပွဲ၌ သိန်းနိုင်စိုး (HAN Golf Academy) က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ ပထမ၊ ဟိန်းစည်သူ (Phyo Si Thu Teak Plantation Myanmar & Bago Yoma Eco Resort (Myanmar) က သတ်မှတ် ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ ဒုတိယ၊ နိုင်နိုင်လင်း (Taylormade) က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ တတိယနှင့် ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲတွင် လှိုင်မင်းထက်က သတ်မှတ်ရိုက်ချက်ထက်သုံး ချက်လျော့ရိုက်ကာ ပထမ၊ မင်းနိုင်စိုးက သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ကာ ဒုတိယ၊ လှိုင်မြင့်ဇော်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက် လျော့ရိုက်ကာ တတိယ နေရာတို့တွင် ရပ်တည်လျက်ရှိသည်။

၂၀၁၉ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများကို Myanmar Zwe Mann Co.,Ltd၊ MWD Bank၊ Telecom International Myanmar Co., Ltd (Mytel)၊ SAE PAING Development Ltd၊ Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar) နှင့် INNWA Bank တို့က အဓိကကူညီပံ့ပိုးပေးထားပြီး အားကစားသမားများသွားလာမှု လွယ်ကူစေရန်အတွက် ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်က အခမဲ့ ကူညီပံ့ပိုးပေးထားသည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရရောင်းချမည့်မြေကွက်များတွင် လိုအပ်သည့် Infrastructure ဆောင်ရွက်ရန် ကုန်ကျစရိတ်ကို မြေဝယ်ယူသူများ ပေးဆောင်ရမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ရောင်းချမည့် မြေကွက်များတွင် လိုအပ်သည့် Infrastructure ဆောင်ရွက်ရန် ကုန်ကျစရိတ်ကို မြေဝယ်ယူသူများက ပေးဆောင်ရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောသည်။

အောက်တိုဘာ ၂၁ရက်က ရန်ကုန်မြို့တော်ခန်းမ၌ ပြုလုပ်သည့်ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီလုပ်ဆောင်ချက်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများ၏ မေးမြန်းမှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ရောင်းချပေးမည့် မြေကွက်များတွင် လိုအပ်သည့် လမ်း၊ ရေနုတ်မြောင်း၊ ရေပေးဝေရေးစနစ်များလုပ်ဆောင်ရန် ပိုက်လုံးသွယ်တန်းခြင်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းတို့အတွက် Infrastructure ကုမ္ပဏီများထံမှ စိတ်ဝင်စားမှုအဆိုပြုလွှာ(EOI) များ ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ Infrastructure ဆောင်ရွက်ရန်အတွက် ကုန်ကျမည့် စရိတ်ကိုမူ မြေဝယ်ယူသူများကပေးဆောင်ရမည်ဖြစ်ကြောင်း ဦးသန်းက ပြောသည်။

သို့သော် တိုင်းဒေသကြီးအစိုးရက ပထမအဆင့်ရောင်းချမည့် မြေကွက်ပေါင်း ၅၀၀ ကျော်အနက် ရာခိုင်နှုန်း ၉၀ ကျော်တွင် လမ်းများရှိပြီး လျှပ်စစ်မီးတိုင်များကိုလည်း အများစု စိုက်ထူပြီးဖြစ်ကြောင်း ၎င်းကပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲပိုင်ခွင့်ရှိသော တိုင်းဒေသကြီးအတွင်းရှိ မြေများကို စီးပွားရေး၊ စက်မှုလုပ်ငန်း လုပ်ကိုင်ရန်နှင့် လူနေထိုင်ရန် အဆင့်သုံးဆင့်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် လှိုင်သာယာ၊ ရွှေပြည်သာနှင့် ဒဂုံ လေးမြို့နယ်ရှိမြေကွက်ပေါင်း ငါးရာကျော်၊ ဒုတိယအဆင့်အနေဖြင့် မြောင်းတကာစက်မှုဇုန်ရှိ စက်မှုမြေကွက် ၁၈၀ ကျော်နှင့် တတိယအဆင့်အနေဖြင့် ဒဂုံအရှေ့နှင့် ဒဂုံဆိပ်ကမ်းရှိ ယခင်စိုက်ပျိုးရေးဇုန်အဖြစ် သတ်မှတ်ထားသည့်မြေကေကိုးထောင်ကျော်ကို ရောင်းချသွားမည်ဖြစ်သည်။

ထိုသို့ လုပ်ဆောင်ခြင်းမှာ အမှန်တကယ် စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်နှင့် လူနေအဆောက်အအုံအဖြစ် အသုံးချနိုင်ရန်အတွက် စိစစ်ကာ မြေစီမံခန့်ခွဲမှုကော်မတီက ရောင်းချပေးမည်ဖြစ်ပြီး ရောင်းချလိုက်သည့်မြေများသည် အာမခံချက်အပြည့်ရှိကြောင်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားထားသည်။

**ငြိမ်းငြိမ်း**

# မကွေးတိုင်းဒေသကြီးတွင် စိုက်ပျိုးစရိတ်ငွေကျပ် သန်းပေါင်း ၁၃၂၈၉၄ သန်းကျော် ထုတ်ချေးပေး

**မကွေး အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တောင်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယခုနှစ် မိုးရာသီကာလ စိုက်ဧက ၁၁၃၅၇၂၈ ဧကအတွက် စိုက်ပျိုးစရိတ်အဖြစ် ငွေကျပ်သန်းပေါင်း ၁၃၂၈၉၄ဒသမ၃၀သန်းကို မေလမှစ၍ စက်တင်ဘာလကုန်အတွင်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်မှ တောင်သူများ၏ စပါးသီးနှံစိုက်ဧက တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ၃၈၆၄၃၀ ဧကအတွက်နှင့် အခြားသီးနှံစိုက်ဧက တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စိုက်ဧက ၇၄၉၂၉၈ ဧက စုစုပေါင်း စိုက်ဧက ၁၁၃၅၇၂၈ အတွက် ငွေကျပ်သန်းပေါင်း ၁၃၂၈၉၄ ဒသမ ၃၀ကို ထုတ်ချေးပေးခဲ့ခြင်းဖြစ်သည်။

အလားတူ ၂၀၁၈ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်အဖြစ် မြို့နယ် ၂၅ မြို့နယ်မှ တောင်သူများအား စပါးစိုက်ဧက တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀နှုန်းနှင့် အခြားသီးနှံ စိုက်ဧက တစ်ဧကလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်သန်းပေါင်း ၉၄၆၄၇ ဒသမ ၀၅ သန်းကိုထုတ်ချေးနိုင်ခဲ့ရာ တောင်သူများအနေဖြင့် ၂၀၁၉ခုနှစ် စက်တင်ဘာလအတွင်းက ရာနှုန်းပြည့် ပြန်လည်ပေးဆပ်နိုင်ခဲ့ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မကွေးတိုင်းဒေသကြီးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးကျော်တင်ဦး ထံမှ သိရသည်။

**ဝေဖြိုးလေး(ပြန်/ဆက်)**

# ပူတာအိုမြို့၌ မိုးစပါးစိုက်တောင်သူများနှင့်တွေ့ဆုံပွဲ ကျင်းပ

**ပူတာအို အောက်တိုဘာ ၂၂**

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းသည် ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြင့်ဆွေနှင့်အတူ ပူတာအိုမြို့နယ် မတ်ပန်ကွင်းတွင် စိုက်ပျိုးထားသော မိုးစပါး စံပြစိုက်ခင်းများကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးပြီး မိုးစပါးစိုက်တောင်သူများနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။



ပူတာအိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆောင်းက ခရိုင်အတွင်း မိုးစပါးစိုက်ပျိုးမှုအခြေအနေနှင့် မျိုးစေ့ထုတ်စိုက်ခင်းများစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သီးနှံစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်ရေးနှင့်စားသုံးသူများ၏ဘေးအန္တရာယ်လုံခြုံရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဓာတုကင်းလွတ်ဇုန်သတ်မှတ်နိုင်ရန် သီးနှံစိုက်ပျိုးရာတွင် ဓာတုဗေဒဆေးဝါးနှင့်ဓာတ်မြေဩဇာများထက် သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးများကို သုံးစွဲရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက စိုက်ပျိုးရေးနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခက်အခဲများကို မေးမြန်းဆွေးနွေးကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တစခန်းမှူး ဒုရဲမှူး စောထွန်းသည် အောက်တိုဘာ ၂၀ ရက်က အမှတ် (၅) ရပ်ကွက် ဓမ္မာရုံတွင် သက်ငယ်မုဒိမ်းမှုကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# မန္တလေးတိုင်းဒေသကြီးတွင် ငှက်ပျောသီးဈေးမြင့်တက်

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးမြို့ ငှက်ပျောသီးဈေးကွက်တွင် ယခင်နှစ်ကာလတူ အချိန်က ငှက်ပျောတစ်ဖီးလျှင် ကျပ် ၇၀၀ နှင့် ၈၀၀ ရောင်းချခဲ့ရာမှ ယခုနှစ်တွင် ကျပ် ၁၀၀၀ မှ ၁၂၀၀ ထိ ရောင်းချလာရသော်လည်း ရောင်းချသူများ အရင်းအနှီးများလာပြီး အကျိုးအမြတ်အနေဖြင့် အတူတူပင်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ဆည်မြို့နယ်နှင့် မတ္တရာမြို့နယ်တို့တွင် အဓိကစိုက်ပျိုးကြပြီး အခြားမြို့နယ်များတွင်လည်း အနည်းငယ်စိုက်ပျိုးကြသည်။

"ငှက်ပျောပင်ဟာ ၁၂ ရာသီလုံး အသီးသီးတဲ့အပင်ဖြစ်ပါတယ်။ ရေအလွန်ကြိုက်ပြီး မြေလည်းရွေးပါတယ်။ ရေအရင်းအမြစ်ကောင်းတဲ့ နေရာတွေက ငှက်ပျောစိုက်တောင်သူတွေအနေနဲ့ အဆင်ပြေပေမယ့် ရေအရင်းအမြစ်နဲ့ ဝေးတဲ့ခြံပိုင်ရှင်တွေအနေနဲ့ ဒီနှစ်မိုးရွာသွန်းမှုနည်းတာကြောင့် ကုန်ကျစရိတ်နဲ့မကာမိတာကြောင့် ငှက်ပျောစိုက်တောင်သူတွေ အကျိုးအမြတ်နည်းခဲ့ပါတယ်။ ငှက်ပျောဈေးပိုရောင်းရတာကလည်း ကုန်ကျစရိတ်များလာလို့ပိုလာတဲ့အတွက် ဖြစ်ပါတယ်။ အရည်အသွေးပြည့်မီတဲ့ ငှက်ပျောတစ်ခိုင်ရဖို့ နေ့စဉ်နီးပါး ရေတင်၊ ပေါင်းရှင်း၊ မြေဆွဲလုပ်ငန်းတွေ ကုန်ကျစရိတ်တွေ ရှိပါတယ်" ဟု မတ္တရာမြို့နယ်မှ ငှက်ပျောစိုက်တောင်သူ ကိုမြင့်သိန်းက ပြောကြားသည်။

**အေးမြ(မန္တလေး)**

# Myanmar's Pride Awards 2019 ဆုပေးအပ်ချီးမြှင့်ပွဲ ကျင်းပမည်



**ရန်ကုန် အောက်တိုဘာ ၂၂**
မြန်မာနိုင်ငံအတွင်းရှိ ကမ္ဘာ့အဆင့်မီထူးချွန်သူများကို ဂုဏ်ပြုသောအားဖြင့် ဒုတိယအကြိမ်မြောက်ပြုလုပ်မည့် Myanmar's Pride Awards 2019 ဆုပေးအပ်ချီးမြှင့်ပွဲကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Myanmar's Pride Awards 2019 ဆုပေးအပ်ချီးမြှင့်ပွဲကို ပြုလုပ်ရခြင်းမှာ မြန်မာနိုင်ငံအတွင်းရှိ ကမ္ဘာ့အဆင့်မီထူးချွန်သူများကို ရှာဖွေဖော်ထုတ်ချီးမြှောက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင်ကျင်းပခဲ့သည့် ပထမအကြိမ်ပြုလုပ်သည့်ပွဲ၌ထူးချွန်ဆုရဆုကိုသာ ပေးအပ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်အတွက်ဆုကိုးဆုကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် အားကစား၊ အနုပညာနှင့် ဓာတ်ပုံကဏ္ဍ၊ လူမှုအကျိုးပြုကဏ္ဍ၊ စွန့်ဦးတီထွင်ကဏ္ဍ၊ ဖက်ရှင်ဒီဇိုင်းကဏ္ဍ၊ အလှမယ်နှင့် မော်ဒယ်ကဏ္ဍ၊ တေးဂီတကဏ္ဍ၊ ရုပ်ရှင်အနုပညာကဏ္ဍနှင့် လူမှုဦးဆောင်ကဏ္ဍ အစရှိသောနယ်ပယ်ကိုးခုမှ ထူးချွန်ထင်ရှားသူများအား ရွေးချယ်ပေးအပ်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက်ညနေပိုင်းက The Rosewood Yangon ဟိုတယ်တွင်ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲ၌ Mango Advertising ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်လင်းလင်းတင်ထွန်းက ပြောသည်။

ဆုရွေးချယ်ရာတွင် အကဲဖြတ်အမှတ်ပေးဒိုင်များ၏ ဆန္ဒမဲ ၂၀ ရာခိုင်နှုန်းနှင့် အများပြည်သူ၏ဆန္ဒမဲဖြစ်သော SMS စာတိုမှတစ်ဆင့်ပေးသည့် ဆန္ဒမဲ ၄၀ ရာခိုင်နှုန်း၊ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ပေးပို့သော ဆန္ဒမဲ ၄၀ ရာခိုင်နှုန်းတို့ကို ပေါင်းစပ်၍ အတည်ပြုဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများပေးပို့ကြရမည့် SMS နှင့် လူမှုကွန်ရက်စာမျက်နှာများကို နိုဝင်ဘာ ၈ ရက်တွင် ဘုတ်ဖွင့်မည်ဖြစ်ပြီး မီဒီယာများမှတစ်ဆင့် အသိပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**



## မန္တလေးမြို့တွင် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၂**
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ (မန္တလေးတိုင်းဒေသကြီး)က ကြီးမှူး၍ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဟောပြောပွဲကို မန္တလေးမြို့ ၃၄x၇၈ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ (မန္တလေးတိုင်းဒေသကြီး)ရုံးခန်းမတွင် အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခွဲ (မန္တလေးတိုင်းဒေသကြီး) အသင်းနာယက ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး အသင်းအလုပ်အမှုဆောင် အင်ဂျင်နီယာ ဦးသန်းထွန်းဇော်က "Third Party Inspection for Storage Tank, Pressure Equipment(Boiler, Vessel, Piping, PSV & Structure)' ခေါင်းစဉ်ဖြင့် အင်ဂျင်နီယာနည်းပညာရပ်များကို ဟောပြောပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် သုတ/ရသ စာအုပ်များ အခမဲ့ ငှားရမ်းပေး

**နတ်မောက် အောက်တိုဘာ ၂၂**
ကျေးရွာရှိပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် စာပေများဖတ်ရှုလေ့လာနိုင်ရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ နတ်မောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ကျေးရွာများရှိ ပြည်သူများနှင့် စာသင်ကျောင်းများသို့ သုတ/ရသ စာအုပ်များ အခမဲ့ငှားရမ်းပေးလျက်ရှိရာ ယနေ့ နံနက် ၁၁ နာရီက နတ်မောက်မြို့နယ် ကန်ကြီးကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီက ပင်းကျေးရွာအခြေခံပညာ အထက်တန်းကျောင်းတွင်လည်းကောင်း ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြစာအုပ်များနှင့် အသိပညာဗဟုသုတရစေမည့် စာအုပ်စာစောင်များကို သွားရောက်ငှားခဲ့ကြောင်း သိရသည်။

**လှဝင်း (နတ်မောက်)**



## ဝက်မွေးမြူထုတ်လုပ်ရေးကဏ္ဍတွင် ဒေါ်လာသန်း ၈၀၀ ရင်းနှီးမြှုပ်နှံမည်

**ရန်ကုန် အောက်တိုဘာ ၂၂**
ကမ္ဘာ့ဘဏ်အုပ်စုအဖွဲ့ဝင်ဖြစ်သော နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း International Finance Corporation(IFC) က မြန်မာနိုင်ငံ၏ ဝက်မွေးမြူထုတ်လုပ်ရေးကဏ္ဍတွင် ဒေါ်လာသန်း ၈၀၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး စီမံကိန်းအား ၁၇ လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

အဆိုပါ ဝက်မွေးမြူထုတ်လုပ်ရေးစီမံကိန်းကို ၁၇ လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်၊ IFC၊ UMFCCI မှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ ဖွဲ့စည်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ယခုလဆန်းပိုင်းကလည်း နေပြည်တော်ရှိ Hilton Hotel တွင် IFC၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် UMFCCI မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီတို့ ပူးပေါင်း၍ "Modernizing Myanmar's Pork Industry After ASF" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတွင် ဝက်မွေးမြူရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုအဆင်ပြေစွာဆောင်ရွက်နိုင်ရေး ဥပဒေဆိုင်ရာ ပံ့ပိုးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးတွင် ရွာသာကြီး ဝက်သားထုတ်လုပ်ရေးရုံနှင့် အင်းစိန်(ရွာမ) ဝက်သားထုတ်လုပ်ရေးရုံတို့ရှိပြီး ရွာသာကြီး ဝက်သားထုတ်လုပ်ရေးရုံမှ တစ်နေ့လျှင် ဝက်အကောင်ရေ ၄၅၀ မှ ၅၀၀ ကြား ထွက်ရှိကာ အင်းစိန်(ရွာမ) ဝက်သားထုတ်လုပ်ရေးရုံမှ တစ်နေ့လျှင် ဝက်အကောင်ရေ ၉၀၀ မှ ၁၀၀၀ ကြား ထွက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

**ငြိမ်းငြိမ်း**

## တိုတိုထွာထွာဖတ်စရာ

### စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**ကျောက်ပန်းတောင်း**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း-မိတ္ထီလာ ကလေးအခွင့်အရေးပူးပေါင်းဆောင်ရွက်သောအဖွဲ့က ဦးဆောင်၍ မြို့နယ်ကလေးသူငယ်ကွန်ရက်အဖွဲ့ဝင်များ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖွင့်လှစ်သည်။

ပြောဆိုဆက်သွယ်ခြင်း၏ အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာများကိုလည်းကောင်း၊ မိမိကိုယ်ကိုယ်တန်ဖိုးထားတတ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း စီမံကိန်းမန်နေဂျာ ဦးဇင်မင်းထွန်းနှင့် ဒေါ်ဟန်နီထွန်းတို့က ရှင်းလင်းဆွေးနွေးကြသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

### ဆိုင်ကယ်မောင်းလိုင်စင်များ ပြုလုပ်ပေး

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းနှင့် မော်တော်ဆိုင်ကယ်မောင်း (က) လိုင်စင် ကွင်းဆင်းစစ်ဆေးထုတ်ပေးခြင်း၊ ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးပေးခြင်းတို့ကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာတောင်ပိုင်းရှိ မင်္ဂလာစမ်းကျောင်းတိုက်၌ ကွင်းဆင်းပြုလုပ်ပေးသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ခင်စောမွန်၊ ယာဉ်စစ်ဆေးရေးမှူး ဦးချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောပေးခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

### တောင်သူပညာပေးကွင်းသရုပ်ပြ

**ဘိုကလေး**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲက ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျွန်းစိုက်ကွင်း၌ ပေါ်ဆန်းရင်မျိုးသန့် ထွက်ဧက ၃၅ဧက၌ ကျင်းပသည်။

တောင်သူပညာပေးကွင်းသရုပ်ပြပွဲတွင် ဖျာပုံခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းစိုးဦး၊ ဒေါင့်ကြီးကျွန်းစိုက်ကွင်းတာဝန်ခံ ဦးဝင်းကိုနှင့် ဒေသခံတောင်သူများ၊ ဒေါင့်ကြီး၊ စကားလွန်း၊ ကသာပေါင်း၊ စိန်ဂျွန်း၊ တဲချောင်းနှင့် ကွင်းဖုန်းကျေးရွာအုပ်စုတို့မှ တောင်သူ ၂၀၃ ဦးတို့က ကွင်းသရုပ်ပြပွဲကို လေ့လာကြည့်ရှုခဲ့ကြသည်။

**မော်ကျွန်းမြင့်အောင်**

### ဂန့်ဂေါခရိုင် ယစ်မျိုးလေလံလိုင်စင် ရောင်းချ

**ဂန့်ဂေါ**
ဂန့်ဂေါခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီတွင် ယစ်မျိုးလေလံလိုင်စင် ရောင်းချပွဲပြုလုပ်သည်။

ထို့နောက် လိုင်စင်တည်နေရာ တစ်ခုချင်းစီအလိုက် ရောင်းချကြရာ ဂန့်ဂေါမြို့နယ်အတွင်းရှိ CFL_1, CS_2, FL_10 လိုင်စင်စုစုပေါင်း ၇၉ ဆိုင် အားရောင်းချခဲ့ကြောင်း သိရသည်။

**စိန်ကျော်**



အောက်တိုဘာ ၁၈ ရက် နံနက်က မင်္ဂလာဒုံစက်မှုဇုန်အတွင်းရှိ Sun Flower အထည်ချုပ်စက်ရုံတွင် သဃ်န်းကျွန်းနယ်မြေရဲကင်းမှူး ဒုရဲအုပ်အောင်ကျော်နှင့်အဖွဲ့က မှုခင်းပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ဟန်စိုး**

# မြောင်းမြခရိုင် ပြည်သူ့ဆေးရုံကြီးသို့ နှလုံးနှိုးစက်နှစ်စုံလှူဒါန်း

**မြောင်းမြ အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်နှလုံးနှိုးစက်နှင့် ဆက်စပ်ပစ္စည်းများကို မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)မှ အလုပ်အမှုဆောင်များက အောက်တိုဘာ ၂၀ရက် မွန်းတည့် ၁၂နာရီက လာရောက်လှူဒါန်းခဲ့သည်။

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) အသင်းတာဝန်ရှိသူတစ်ဦးက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မြောင်းမြပြည်သူ့ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော ကျပ်၁၁၅သိန်းတန်ဖိုးရှိ နှလုံးနှိုးစက် နှစ်လုံးကို အလှူရှင် မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)အမှုဆောင်အဖွဲ့နှင့် အလှူရှင် ရန်ကုန်မြို့နေ ဦးစိုးနိုင်-ဒေါ်အေးအေးလှိုင်၊ သား၊ သမီး၊ မြေးမိသားစုတို့က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းမင်းထွဋ်က လက်ခံရယူသည်။

ဆက်လက်၍ မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) အမှုဆောင်နှင့် အသင်းသူ အသင်းသားများက မြောင်းမြမြို့ကျက်သရေဆောင် စကြာသီဟ၊ စကြာနန္ဒစေတီတော်မြတ်ကြီးသို့ အလှူငွေသိန်း ၅၀၊ မြောင်းမြမြို့ မြစိမ်းရောင်တောင်တော် မြတိကုံစေတီတော်မြတ်ကြီးသို့ အလှူငွေသိန်း ၂၀၊ မြောင်းမြမြို့ဇောခိပင်စေတီတော်မြတ်ကြီးသို့အလှူငွေ ၁၀ သိန်း၊ မြောင်းမြမြို့ဝေဠုဝတီကမ္မဋ္ဌာန်းကျောင်းသို့ အလှူငွေ ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ)**

# သူငယ်ပြန်ဝေဒနာခံစားနေရသူများအား စောင့်ရှောက်နိုင်ရန် အလှူငွေပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၂**

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဗိုလ်တထောင်မြို့နယ်နေ ဒေါက်တာသက်သက်မော်နှင့် မိသားစုက ရွှေရောင်ဆည်းဆာအဖွဲ့ (AzAm)အတွက်လှော်ကားလမ်းမကြီးအနီးရှိပေ ၄၀၊ပေ၆၀ အကျယ်အဝန်းမြေနေရာကိုလည်းကောင်း၊ လှည်းကူးမြို့နယ်ရှိ ဓမ္မပါလသာသနာ့ရိပ်သာကျောင်းအတွက် အလှူတော်ငွေကျပ်သိန်း၅၀ကိုလည်းကောင်း ဗိုလ်တထောင်မြို့နယ်ရှိ YANGON YMCA ရာပြည့်အဆောက်အအုံ၌ အောက်တိုဘာ ၁၉ ရက် ညနေပိုင်းက ပေးအပ်လှူဒါန်းသည်။

"အယ်လ်ဇိုင်းမားရောဂါ အပါအဝင် သူငယ်ပြန်ဝေဒနာလို့အများနားလည်လက်ခံထားတဲ့ Dementia ရောဂါဝေဒနာကို မကုနိုင်ဘူးဆိုရင် သူတို့အတွက် အလွန်အခက်အခဲဖြစ်သွားပါလိမ့်မယ်၊ ဒါကိုမိသားစုဝင်တွေအနေနဲ့ ဝေဒနာရှင်အတွက် လူငှားရမယ်ဆိုရင်လည်း ငွေကုန်ပါတယ်။ အဲ့ဒါကြောင့် ရောဂါမကြီးထွားအောင် ကျွန်တော်တို့အဖွဲ့အနေနဲ့ ဆေးဝါးကုသပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးနေတာပါ၊ Day Care လို့ခေါ်တဲ့ နေ့ခင်းကူညီစောင့်ရှောက်မှုကို ဆောင်ရွက်ပေးပါ့မယ်၊ အိမ်တွေကလာပို့တဲ့ သူတို့ကို မနက်ကနေ ညနေအထိ အစားအစာအပါအဝင် ကျန်းမာရေး လေ့ကျင့်မှု၊ စာဖတ်ခြင်းများအပါအဝင် တီဗွီပါပြသပေးပါ့မယ်၊ ပြီးတော့ အသိပညာပေးဟောပြောပေးပါတယ်'' ဟု ရွှေရောင်ဆည်းဆာအဖွဲ့(Alzheimer's Association Myanmar) ဥက္ကဋ္ဌ ဒေါက်တာ သာဉာဏ်က ပြောကြားသည်။

ဗိုလ်တထောင်မြို့နယ်ရှိ YANGON YMCA ရာပြည့်အဆောက်အအုံ၌ အယ်လ်ဇိုင်းမားရောဂါ အပါအဝင် သူငယ်ပြန်ဝေဒနာဟု အများနားလည်လက်ခံထားသည့် (Dementia) ရောဂါဝေဒနာခံစားနေရသည့်သူများအတွက် ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**

# ဓာတ်မှန်နှင့်ဆက်စပ်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်း

**ပိန်းဇလုပ် အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ မြို့မ(၁) ရပ်ကွက်ရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၌ ဓာတ်မှန်ဆောင်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ဓာတ်မှန်စက် (200MA X-Ray machine) နှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဆေးရုံဝင်းအတွင်း၌ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ကျင်းပသည်။



မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦး၊ ပိန်းဇလုပ်ဒေသအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဒေါက်တာမျိုးဝင်းတို့က ဓာတ်မှန်ဆောင် အဆောက်အအုံသစ် ဆောက်လုပ်ခြင်း၊ ဓာတ်မှန်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များက ဓာတ်မှန်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများအား ပေးအပ်လှူဒါန်းရာ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးနှင့် တိုက်နယ်ဆရာဝန် ဒေါက်တာဇော်သူအောင်တို့က လက်ခံရယူသည်။

ပိန်းဇလုပ်ဒေသအသင်း(ရန်ကုန်) နာယက ပါမောက္ခဒေါက်တာ မြသိန်းဟန် (ဆေးဝန်ထမ်းညွှန်ကြားရေးမှူး-ငြိမ်း) ၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးရှိ နိုက်တင်ဂေးလ်ဆေးကုခန်းမှ (ဦးမောင်မောင်ထွန်း) - ဒေါ်မြင့်မြင့်ကြည် မိသားစုက အမေရိကန်ဒေါ်လာ၈၀၀၀ ကျော်ခန့်တန်ဖိုးရှိ ဓာတ်မှန်စက်နှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ်၁၀ သိန်းကျော်ခန့်ကို လှူဒါန်းခဲ့ပြီး ရန်ကုန်မြို့မှ စိန်လေမှုတ်စက် မိသားစုက ငွေကျပ် ၅၀၀၀၀၀ ခန့် တန်ဖိုးရှိ ဆေးနှင့် ဆေးဝါးပစ္စည်းများကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရန်အောင်ထွန်း**

## တိုတိုထွာထွာဖတ်စရာ

### ဆုတောင်းပြည့်စေတီတော် ဘက်စုံမွမ်းမံ

**ဂန့်ဂေါ**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာ ရာဇမုနိဓာတ်တော်ရှင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးတွင် ပိဋကတ်ဆောင်အဆောက်အအုံ ဘက်စုံမွမ်းမံတည်ဆောက်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့မှ သိရသည်။

နှစ်စဉ် တပေါင်းလဆန်း ၉ ရက်မှ ၁၁ရက်အထိ ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲ၊ တပေါင်းလဆန်း ၁၂ ရက်တွင် ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

**စိန်ကျော်**

### ဗုဒ္ဓပူဇနိယပွဲတော် ရိုးရာမပျက်ကျင်းပ

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကန်ပတ်လည်အုပ်စု လဲ၀ွကျေးရွာတွင် တည်ထားကိုးကွယ်လျက်ရှိသည့် ရွှေနတ်တောင်စေတီ ဗုဒ္ဓပူဇနိယဘုရားပွဲတော်အား အစဉ်အလာမပျက် ရိုးရာအတိုင်း အောက်တိုဘာ ၂၁ ရက်က ကျင်းပသည်။

ခုနစ်ရက်တိုင်တိုင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်သည့် ဆရာတော်၊ သံဃာတော်များအား စာရေးတံမဲနှင့် ဆွမ်းသပိတ်လုံးများလောင်းလှူပူဇော်ကြသည်။ **ကိုထိန် (ငါ့သရောက်)**

### အခြေခံငါးမွေးမြူရေးသင်တန်းဖွင့်

**နေပြည်တော်**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ငန်းစပ်ကျေးရွာတွင် My Culture Project အစီအစဉ်ဖြင့် တစ်နိုင်တစ်ပိုင်ငါးမွေးတောင်သူ ၃၀တို့အား အခြေခံငါးမွေးမြူရေးသင်တန်းကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက ယင်းကျေးရွာ၌ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ဥတ္တရခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်သန်း၊ မြို့နယ်ဦးစီးမှူးများနှင့် MyCulture စီမံကိန်းမှ ဆရာဦးသိန်းဇော်တို့က သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်**

### မူခင်းကျဆင်းရေး အသိပညာပေး

**တိုက်ကြီး**

တိုက်ကြီးမြို့နယ် ဖိုးခေါင်ကျေးရွာအုပ်စု ရွာသာကျေးရွာ၌ အောက်တိုဘာ ၁၉ ရက် ည ၇ နာရီခန့်က ဖိုးခေါင်နယ်မြေရဲစခန်းမှူး ရဲအုပ်ဌေးလွင်က တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး ဟောပြောဆွေးနွေးခဲ့ရာ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ဒေသခံ ၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းမော်**

**မြင်းခြံ**

မြင်းခြံမြို့မရဲစခန်းမှူး ဒုရဲမှူး ရဲရန်အောင်သည် အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၂နာရီခွဲက မြင်းခြံမြို့ အမှတ်(၁၀)ရပ်ကွက်ရှိဘုရားဓမ္မာရုံ၌ ရပ်ကွက်နေပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည် ။

**ပွင့်သစ္စာ**

# ILO ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲမှ ဆုရသူတို့၏ စကားသံ

**ရန်ကုန် အောက်တိုဘာ ၂၂**

ILO ရာပြည့်အထိမ်း အမှတ်အခမ်းအနားကို ရန်ကုန်မြို့ Melia ဟိုတယ်တွင် အောက်တိုဘာ ၂၁ရက်နံနက်၉နာရီက ကျင်းပခဲ့ရာ ILOရာပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ပြီး ဆုရရှိသူတို့၏ ဝမ်းသာပီတိစကားသံတို့ကို စုစည်းဖော်ပြပါသည်။

**ဦးထိန်လင်း (လင်းအရှဏ်ဦး၊ ပဲခူး) (ပထမဆု)**

တစ်နိုင်ငံလုံးမှာ ၅၁ ဦးပဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ILO သမိုင်းကြောင်းနဲ့ လက်ရှိဆောင်ရွက်နေတာတွေကို လေ့လာပြီး အဲဒီအချက်သုံးချက်ပေါင်းပြီးရေးတာပါ။ ပြိုင်ပွဲမှာ ဆောင်းပါးရဲ့ခေါင်းစဉ်ကိုက ခက်ခဲနက်နဲတယ်လို့ ဆိုရမှာပါ။ မိမိနိုင်ငံရဲ့အလုပ်သမားအခွင့်အရေးအတွက် အစိုးရတိုင်းက ဆောင်ရွက်ခဲ့ကြတာပါ။ လူမှုဘဝမြှင့်တင်ဖို့နဲ့ အလုပ်အကိုင်ဖန်တီးပေးဖို့၊ အလုပ်အကိုင်ကျွမ်းကျင်ဖို့ကအစ အလုပ်သမားကိုအကြမ်းဖက်တာ၊ အဓမ္မစေခိုင်းတာ၊ ကလေးအလုပ်သမားကိစ္စကအစ ILO နဲ့ ဆက်နွှယ်နေတာကြောင့် ILO ရဲ့ အခန်းကဏ္ဍဟာ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် မပါမဖြစ်လိုအပ်ပါတယ်။ ဒါကြောင့် ယနေ့အခမ်းအနားဟာ တစ်သက်မှာတစ်ကြိမ်ပဲ တက်ရောက်ခွင့်ရတဲ့အတွက် ဂုဏ်လည်းယူပါတယ်။ ဆုရရှိမှုအပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်။

**ဦးအောင်ကိုကိုဦး (ထက်ဝေအောင်၊ စစ်ကိုင်း) (ဒုတိယဆု)**

ILO က ပေးတဲ့ဆုဖြစ်တာကြောင့် ဝမ်းသာတယ်။ ကျွန်တော်ဆုရတာ ၁၂ ခုမြောက်ပါ။ ခေါင်းစဉ်မှာ သူ့အပိုင်းလိုက်ကဏ္ဍတွေပါရှိပြီးသားဖြစ်တဲ့အတွက် လိုအပ်တာရှာဖွေလေ့လာပြီး ရေးသားခဲ့တာပါ။ ကျွန်တော်တို့နိုင်ငံက အလုပ်သမားတွေအတွက် ဆောင်ရွက်ပေးနေတဲ့ ဝန်ကြီးဌာနကိုလည်း သဘောကျတယ်။ ILO နဲ့ဝန်ကြီးဌာနပူးပေါင်းဆောင်ရွက်မှုဟာ ဟန်ချက်ညီတယ်လို့ ယူဆပါတယ်။ အထူးသဖြင့် အလုပ်သမားတွေနဲ့ အလုပ်ရှင်၊ အစိုးရ ပူးပေါင်းဖြေရှင်းဆောင်ရွက်မှုကို ကြိုဆိုပါတယ်။ ILO အဖွဲ့ကြီး နှစ်တစ်ရာတိုင်မှစပြီး နောင်နှစ်ပေါင်းများစွာ တည်တံ့ပါစေ။

**ဦးအောင်ဇေလှိုင် (အောင်နှင်း၊ နေပြည်တော်) (တတိယဆု)**

ILO ဟာ ကမ္ဘာ့သက်တမ်းအရင့်ဆုံး နှစ်တစ်ရာပြည့် အဖွဲ့အစည်းဖြစ်တာကြောင့် ဆောင်းပါးဝင်ရောက်ပြိုင်ခဲ့တာပါ။ ပေးထားတဲ့ခေါင်းစဉ်နဲ့အညီ အချက်အလက်တွေ စုဆောင်းပြီး ပြိုင်ခဲ့ပါတယ်။ ILO နှစ်တစ်ရာအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့အချက်အလက်တွေ၊ မြန်မာနိုင်ငံကို ILO က ပံ့ပိုးပေးခဲ့မှုတွေကို နောက်ခံထားပြီး ရေးခဲ့တယ်။ အနာဂတ်မှာ ILO က ဆောင်ရွက်မယ့် ရည်မှန်းချက်တွေကအစ ရေးသားခဲ့တယ်။ ILO က ထူးခြားတာက သုံးပွင့်ဆိုင်ဖြစ်တဲ့ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတွေ့ဆုံပြီး ဖြေရှင်းဆောင်ရွက်တယ်ဆိုတာဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်အလားအလာကောင်းတွေ ပေါ်ထွန်းလာတဲ့ပုံရိပ်ပါပဲ။ ဒါကြောင့် ILO အဖွဲ့ကြီးရဲ့ နှစ်တစ်ရာပြည့်အထိမ်းအမှတ်၊ မြန်မာပြည်က အလုပ်သမားအခွင့်အရေးအတွက်ရေးသားပြီး ဆုရရှိတဲ့အတွက် ဂုဏ်ယူပါတယ်။

၁၉၁၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကုလသမဂ္ဂ၏ အထူးအေဂျင်စီဖြစ်သည့် ILO သည် လူမှုတရားမျှတမှုနှင့်သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် တိုးတက်မြင့်မားကောင်းမွန်စေရေးအတွက် လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးများကို မြှင့်တင်ပေးရန် လုပ်ဆောင်နေသော နိုင်ငံတကာအသိအမှတ်ပြု အဖွဲ့အစည်းတစ်ခုဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံပေါင်း ၁၈၇ နိုင်ငံမှ အစိုးရများ၊ အလုပ်ရှင်များနှင့် အလုပ်သမားကိုယ်စားလှယ်များကို စုစည်းလျက် အလုပ်သမားရေးရာစံချိန်စံညွှန်းများသတ်မှတ်ခြင်း၊ မူဝါဒများရေးဆွဲခြင်းနှင့် လူသားအားလုံးအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်မြှင့်တင်ဆောင်ရွက်ရေးအစီအစဉ်များကို ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည်။

**သန်းထိုက်**

ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရပြီး သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန် အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိပါက လွှတ်တော်သို့ တင်ပြရသည့် ကော်မတီတစ်ခုဖြစ်ပြီး အဆိုပါကော်မတီ၏ ဆောင်ရွက်ချက်များကို ယခုတစ်ပတ် လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်-

# ဗဟိုဘဏ်နဲ့ အပြန်အလှန်ဆက်သွယ်ပြီး မြန်မာနိုင်ငံမှာရှိတဲ့ ဘဏ်တွေကို ထိန်းကျောင်းနေတဲ့ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်နေပါတယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်

## ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

နန္ဒာဝင်း



ဒေါ်ခင်စန်းလှိုင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးတင်ထွန်းနိုင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို စတင်ဖွဲ့စည်းခဲ့သည်။

ကော်မတီသည် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရပြီး သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိပါက လွှတ်တော်သို့ တင်ပြရမည်ဖြစ်သည်။

### တာဝန်ယူဆောင်ရွက်

ကော်မတီသည် The Money Lenders Act, 1945 (Myanmar Act 27, 1945, Vol.X) ဗိုလ်ချုပ်ရန်ပုံငွေအက်ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ (International Monetary Fund and Bank) အက်ဥပဒေ၊ ၁၉၅၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း သဘောတူစာချုပ်အက်ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ကြီးပွားရေးအဖွဲ့ ဥပဒေ၊ ၁၉၇၃ ခုနှစ် အာရှဖွံ့ဖြိုးရေးဘဏ်ဥပဒေ၊ ငွေစုဘဏ်လုပ်ငန်းဥပဒေ၊ မြန်မာ့အာမခံဥပဒေ၊ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သော အသုံးစရိတ်ဆိုင်ရာ အထူးရန်ပုံငွေဥပဒေ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ စသည့်ဥပဒေများကို တာဝန်ယူဆောင်ရွက်ရသည်။

### စောင့်ကြည့်ထိန်းညှိကူညီ

ထို့ပြင် တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရသည်။



၉ – ၆ – ၂၀၁၈ ရက် ကော်မတီအတွင်းရေးမှူး ဦးတင်ထွန်းနိုင်ဦးဆောင်သောအဖွဲ့နှင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ခန်းမ၌ တွေ့ဆုံစဉ်။

ထို့အတူ သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့်ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိရာ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒေါ်ခင်စန်းလှိုင်**
**ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ**

နိုင်ငံတစ်နိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ဘဏ်လုပ်ငန်းတွေအပေါ်မှာ တည်မှီနေပါတယ်။ ပြည်သူ့လွှတ်တော်ရော၊ အမျိုးသားလွှတ်တော်ရော လွှတ်တော်နှစ်ရပ်ပေါင်းမှ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တစ်ခုတည်းရှိပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ အပြန်အလှန်ဆက်သွယ်ပြီး မြန်မာနိုင်ငံမှာရှိတဲ့ဘဏ်တွေကို ထိန်းကျောင်းနေတဲ့ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်နေပါတယ်။

တိုင်းပြည်စီးပွားရေး အတက်၊ အကျဟာ ဘဏ်တွေရဲ့ အပေါ်မှာ တည်မှီနေပါတယ်။ ဘဏ်တွေရဲ့ ငွေကြေးစနစ် တည်ငြိမ်မှု၊ ဘဏ်တွေရဲ့လုပ်ငန်းတွေ ကောင်းမွန်မှသာ ပြည်သူလူထုက ဘဏ်တွေရဲ့အပေါ်မှာ ယုံကြည်လာမယ်။ အဲဒီတော့မှ ဘဏ်တွေရဲ့လုပ်ငန်းတွေက ပိုပြီး ကောင်းမွန်လာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံအတွက်ပဲဖြစ်ဖြစ်၊ တိုင်းပြည်အားလုံးပဲဖြစ်ဖြစ် ဘဏ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်ပါတယ်။

ကျွန်မတို့ကော်မတီအနေနဲ့ အတတ်နိုင်ဆုံး ငွေကြေးဈေးကွက်ကို တည်ငြိမ်အောင် ဆောင်ရွက်နေပါတယ်။ မကြာခင်ကပဲ ရွှေဈေးကိစ္စ၊ ဒေါ်လာငွေကြေးကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ပြည်သူတွေကြားထဲမှာ ဘဏ်တွေ ပြိုကွဲသွားတော့မှာလားဆိုတဲ့ စိုးရိမ်ပူပန်မှုတွေလည်း ရှိလာပါတယ်။

ဒီကိစ္စတွေနဲ့ပတ်သက်ရင်လည်း ဗဟိုဘဏ်နဲ့ ကျွန်မတို့ကော်မတီဟာ အကြိမ်ကြိမ်တွေ့ဆုံပြီး ဗဟိုဘဏ်ကို မေးမြန်းတာတွေ၊ ဗဟိုဘဏ်ဘက်က ကျွန်မတို့ကို ပြန်လည်ရှင်းပြတာတွေရှိတယ်။ ကျွန်မတို့ကော်မတီကလည်း လွှတ်တော်အတွင်းက ကော်မတီရဲ့ တာဝန်တစ်ရပ်အနေနဲ့၊ ပြည်သူလူထုကို ဘဏ်တွေ၊ ရွှေဈေးတွေနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေမရှိစေဖို့ ဘဏ်တွေ မပြိုကွဲအောင်၊ တည့်မတ်အောင် လွှတ်တော်ဘက်က ဗဟိုဘဏ်နဲ့အတူ ဆက်သွယ်ဆောင်ရွက်နေပါတယ်ဆိုတဲ့အကြောင်းကို ပြည်သူလူထုကိုလည်း သတင်းစကားတွေပေးပြီး ဖြစ်ပါတယ်။

### ဆုံးရှုံးနစ်နာမှုတွေရှိ

ဖြစ်ပေါ်လာတဲ့ ကောလာဟလတွေကြားမှာ ပြည်သူလူထုက ဘဏ်က ငွေတွေ ထုတ်တယ်၊ ရွှေတွေဝယ်တယ်။ ရွှေဈေးတွေ ပြန်ကျသွားတဲ့အခါ ပြည်သူတွေ ဆုံးရှုံးနစ်နာမှုတွေ ရှိလာတယ်။ နောက်ပြီး ဒေါ်လာတွေဝယ်စုတယ်။ ဒေါ်လာဈေးတွေ ကျသွားတယ်။ ပြည်သူတွေရဲ့ ငွေကြေးတွေ ဆုံးရှုံးမှုတွေဖြစ်ရတယ်။ ဒါကိုလည်း ကျွန်မတို့ လွှတ်တော်ဘက်ဆိုင်ရာက ပြည်သူလူထုကို အသိပေးခဲ့တာတွေလည်း ရှိပါတယ်။

ဒီလိုတွေ ဘာကြောင့်ဖြစ်ရသလဲဆိုရင် ကျွန်မတို့ ဥပဒေနဲ့ ထိထိရောက်ရောက် အရေးမယူနိုင်ခြင်းက အဓိကဖြစ်တယ်လို့ ကျွန်မတို့ ဒီလိုနားလည်လက်ခံပါတယ်။ ကျွန်မတို့နိုင်ငံမှာ မဏ္ဍိုင်သုံးရပ်ရှိပါတယ်။ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးဆိုတဲ့ မဏ္ဍိုင်သုံးရပ်မှာ ကျွန်မတို့လွှတ်တော်က ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်ပါတယ်။ လွှတ်တော်ကနေ ဥပဒေကောင်းတွေ ရေးဆွဲရမယ်။ ပြင်ဆင်သင့်တာ၊ ဖြည့်စွက်သင့်တာ ဒါဟာ လွှတ်တော်က ဆောင်ရွက်ရမယ့်အပိုင်း ဖြစ်ပါတယ်။

စာမျက်နှာ ၁၉ သို့ ❖

**တိုင်းပြည်စီးပွားရေး အတက်၊ အကျဟာ ဘဏ်တွေရဲ့အပေါ်မှာ တည်မှီနေပါတယ်။ ဘဏ်တွေရဲ့ ငွေကြေးစနစ် တည်ငြိမ်မှု၊ ဘဏ်တွေရဲ့လုပ်ငန်းတွေ ကောင်းမွန်မှသာ ပြည်သူလူထုက ဘဏ်တွေရဲ့အပေါ်မှာ ယုံကြည်လာမယ်။ အဲဒီတော့မှ ဘဏ်တွေရဲ့လုပ်ငန်းတွေက ပိုပြီးကောင်းမွန်လာမှာဖြစ်**

❖ စာမျက်နှာ ၁၈ မှ

**လိုအပ်နေတာဖြစ်**

ကျွန်မတို့ကော်မတီအနေနဲ့ ဒီလိုဥပဒေတွေနဲ့ ထိထိရောက်ရောက် အရေးယူနိုင်ဖို့ကို ဥပဒေကောင်းတွေ ရေးဆွဲဖို့အတွက် ကျွန်မတို့မှာ တာဝန်ရှိပါတယ်။ အဲဒီအတွက် နိုင်ငံတော်ရဲ့ ရွှေဈေး၊ ငွေဈေး၊ ပြည်သူလူထုရဲ့ ဘဏ်တွေနဲ့ပတ်သက်တဲ့ စိုးရိမ်ပူပန်မှုတွေကို လျှော့ချနိုင်ဖို့ ဥပဒေတွေ ကျွန်မတို့ ဆောင်ရွက်နေတာတွေ ရှိပါတယ်။ နိုင်ငံခြားငွေကြေးစီမံခန့်ခွဲတဲ့ ဥပဒေဟာလည်း တိုင်းပြည်အတွက် အခုအချိန်မှာ လိုအပ်နေတာ ဖြစ်ပါတယ်။ အဲဒီအတွက် မကြာခင်မှာ ဒီဥပဒေကို အလျင်အမြန် ပြဋ္ဌာန်းနိုင်အောင် ကျွန်မတို့ ကော်မတီအနေနဲ့ ကြိုးစားနေပါတယ်။

ကျွန်မတို့ကော်မတီအနေနဲ့ (Westminster Foundation for Democracy–WFD) နဲ့ ပူးပေါင်းပြီး ဥပဒေပြုပြီးနောက်မှာ ပြန်လည်စိစစ်ခြင်း Post–Legislative Scrutiny (PLS) ကို ဆောင်ရွက်နေပါတယ်။ အသေးစားငွေရေးကြေးရေးဥပဒေကို ကျွန်မတို့ တင်သွင်းနိုင်ခဲ့ပြီးဖြစ်တဲ့အတွက် မကြာခင်မှာ လွှတ်တော်က အသေးစား ငွေရေးကြေးရေးလုပ်ငန်းတွေကို ဘယ်လိုစီစဉ်ဆောင်ရွက်ကြမလဲ၊ ဘယ်လိုကြပ်မတ်ကြမလဲ၊ အသေးစားငွေချေးလုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ ဒီလိုအဖွဲ့အစည်းတွေကို ဒီဥပဒေနဲ့ ဘယ်လိုထိန်းကျောင်းမလဲ၊ ငွေချေးယူနေတဲ့ ပြည်သူလူထုတွေကို ဘယ်လိုသက်သာချောင်ချိအောင် ဆောင်ရွက်ပေးနိုင်မလဲ စတဲ့ အသေးစိတ်တွေပါဝင်တဲ့ ဥပဒေတစ်ခုကို ကျွန်မတို့ ပြဋ္ဌာန်းနိုင်တော့မှာ ဖြစ်ပါတယ်။

ဒီဥပဒေပြဋ္ဌာန်းပြီးသွားရင် အသေးစားငွေချေးလုပ်ငန်းတွေကို အမှီအခိုပြုနေရတဲ့ ပြည်သူလူထုတွေ ပိုပြီး ဥပဒေအကာအကွယ်ရလာမယ်။ နောက်တစ်ခုက ရင်းနှီးမြှုပ်နှံထားတဲ့ အသေးစားငွေရေးကြေးရေး လုပ်ငန်းကုမ္ပဏီတွေကလည်း ဥပဒေနဲ့အတူ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်လာမှာ ဖြစ်ပါတယ်။

နိုင်ငံခြားငွေကြေးစီမံခန့်ခွဲတဲ့ဥပဒေ ပြဋ္ဌာန်းနိုင်ရင် အခုဈေးကွက်အတွင်းမှာ ဒေါ်လာဈေး ကစားနေတာ၊ ရွှေဈေး ကစားနေတာတွေကို ဒီဥပဒေနဲ့ ထိထိရောက်ရောက်အရေးယူလာနိုင်မယ်။ အခုလောလောဆယ်ရှိနေတဲ့ ဥပဒေက စည်းနှောင်မှုအားနည်းတဲ့အတွက် အခုလို ဈေးကစားတဲ့သူတွေကို ကျွန်မတို့က ထိထိရောက်ရောက် အရေးမယူနိုင်ပါဘူး။ အဲဒါကြောင့် ထိထိရောက်ရောက် အရေးယူနိုင်တဲ့ ပုဒ်မတွေပါတဲ့ ဥပဒေတစ်ခုကို ပြဋ္ဌာန်းနိုင်ရင်တော့ အခုဖြစ်ပေါ်နေတဲ့ ငွေကြေးဈေးကွက်တွေ၊ ရွှေဈေး ကွက်တွေကို ဒီဥပဒေနဲ့ ထိန်းကျောင်းနိုင်လိမ့်မယ်၊ အရေးယူနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**အင်မတန်မှ အရေးကြီး**

ကျွန်မတို့ကော်မတီက ဆောင်ရွက်နေရတဲ့ လုပ်ငန်းတွေထဲမှာ အရေးအကြီးဆုံးက လွှတ်တော်သည် ဥပဒေပြုရေးကို ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကျွန်မတို့က ဥပဒေလည်းပြုရသလို မြန်မာနိုင်ငံငွေရေးကြေးရေး ဖြစ်တဲ့ ဘတ်ဂျက်တွေ စိစစ်တဲ့နေရာမှာလည်း နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ရတာတွေ ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အနယ်နယ်အရပ်ရပ်က ရလာတဲ့ငွေတွေကို တိုင်းပြည်အတွက် ပြန်လည်သုံးစွဲရတဲ့အပိုင်းမှာ ဘတ်ဂျက်က အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ကော်မတီအနေနဲ့ နှစ်စဉ် ဘတ်ဂျက်စိစစ်တဲ့အခါ ဘတ်ဂျက်စိစစ်ရေး ပူးပေါင်းအဖွဲ့ (၆) မှာ ကျွန်မက ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်ရတာ ရှိပါတယ်။

၂၀၁၅ ခုနှစ်ကစတင်ပြီး နှစ်စဉ်ဆက်တိုက် ဘတ်ဂျက်တွေစစ်လာရတယ်။ နိုင်ငံတော်ရဲ့စီမံကိန်းတွေ၊ အရ၊ အသုံးတွေ စစ်ရတယ်။ အဲဒီလိုစိစစ်ရတဲ့အခါ ဒီနှစ်တော့ ကျွန်မတို့ကော်မတီက ဘတ်ဂျက်ရဲ့ အသုံးတင်မဟုတ်ဘူး၊ အရပိုင်းဆိုင်ရာတွေကိုပါရရှိအောင်၊ နိုင်ငံတော်ရဲ့ ရငွေပိုင်းကိုပါ တိုးတက်အောင် ဆောင်ရွက်ရတာတွေ ရှိပါတယ်။ ကျွန်မတို့ဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ဆက်သွယ်ဆောင်ရွက်လိုက်တဲ့အတွက် ၂၀၂၀ ပြည့်နှစ်မတိုင်ခင်မှာ မြန်မာကျပ်ငွေ ဘီလီယံ ၁၀၀ လောက် ရရှိနိုင်ဖို့ကို မျှော်မှန်းဆောင်ရွက်နေပါတယ်။ အခုလောလောဆယ်မှာတော့ တံဆိပ်ခေါင်းရောင်းရငွေ ဘီလီယံ ၃၀ ရရှိနေပြီး ဒီနှစ်ရဲ့ဘတ်ဂျက်ထဲမှာ ဘီလီယံ ၁၀၀ လောက် ထည့်သွင်းလျာထားနိုင်ခဲ့ပါတယ်။



၃ -၆ - ၂၀၁၈ ရက်က ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင် ဦးဆောင်သောအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်၌ အသေးစားချေးငွေရယူသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**ကော်မတီအနေနဲ့ ဒီလိုဥပဒေတွေနဲ့ ထိထိရောက်ရောက် အရေးယူနိုင်ဖို့ကို ဥပဒေကောင်းတွေ ရေးဆွဲဖို့အတွက် ကျွန်မတို့မှာ တာဝန်ရှိပါတယ်။ အဲဒီအတွက် နိုင်ငံတော်ရဲ့ ရွှေဈေး၊ ငွေဈေး၊ ပြည်သူလူထုရဲ့ဘဏ်တွေနဲ့ပတ်သက်တဲ့ စိုးရိမ်ပူပန်မှုတွေကို လျှော့ချနိုင်ဖို့ ဥပဒေတွေ ကျွန်မတို့ ဆောင်ရွက်နေတာတွေ ရှိပါတယ်။ နိုင်ငံခြားငွေကြေးစီမံခန့်ခွဲတဲ့ ဥပဒေဟာလည်း တိုင်းပြည်အတွက် အခုအချိန်မှာ လိုအပ်နေတာဖြစ်**

**ဝမ်းသာဂုဏ်ယူရ**

လွှတ်တော်မှာ ဘတ်ဂျက်ကိုစစ်ဆေးတဲ့အခါ အသုံးတင်မဟုတ်ဘဲ နိုင်ငံတော်အတွက် ရနိုင်တဲ့နေရာတွေကလည်း အရကိုပါ ဘတ်ဂျက်စစ်ဆေးတဲ့ ကော်မတီအသီးသီးက စစ်ဆေးဆောင်ရွက်ဖို့လိုပါတယ်။ ဒီနှစ်အတွက် ကျွန်မတို့ကော်မတီအနေနဲ့ ဆောင်ရွက်ချက်အရ ကျွန်မတို့ တော်တော်လေးဝမ်းသာတယ်။ ဘာကြောင့်လဲဆိုတော့ အသုံးတွေများနေပြီး နှစ်စဉ်လိုငွေပြဘတ်ဂျက်ပဲ တိုင်းပြည်က ဖြစ်နေတဲ့အတွက် အရတွေရှိလာတာကိုတော့ အင်မတန်ဝမ်းသာဂုဏ်ယူရပါတယ်။ နောက်ထပ်လည်း ဆောင်ရွက်နိုင်တဲ့နေရာတွေက အခြားဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး နိုင်ငံတော်အတွက် ငွေကြေးတွေရနိုင်မယ့် လုပ်ငန်းတွေကို ဆက်လက်ပြီး ဆောင်ရွက်သွားဖို့လည်း ရည်ရွယ်ထားပါတယ်။

**မားမားမတ်မတ် ရပ်တည်**

ကျွန်မတို့တွေဟာ ပြည်သူလူထုတွေက ရွေးချယ်တင်မြှောက်လိုက်တဲ့အတွက် လွှတ်တော်အတွင်း ရောက်ရှိလာပြီး ပြည်သူလူထုရဲ့ကိုယ်စား တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတွေ မျှော်မှန်းတဲ့ ဒီမိုကရေစီပန်းတိုင်ကို သွားနိုင်ရေးအတွက်ကို စွမ်းစွမ်းတမံ ဆောင်ရွက်နေပါတယ်။ လိုအပ်ရင် လိုအပ်သလို ပြည်သူလူထုရဲ့ကိုယ်စား မားမားမတ်မတ် ရပ်တည်ပြီး လွှတ်တော်ကြီးထဲက ဆောင်ရွက်နေပါတယ်။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ အစိုးရနဲ့အတူ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍက ပူးပေါင်းဆောင်ရွက်နေတာဖြစ်တဲ့အတွက် ပြည်သူလူထုတွေကလည်း စိတ်ချယုံကြည်စေချင်တယ်ဆိုတာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေကိုရော၊ ကျွန်မရဲ့ မဲဆန္ဒနယ်က ပြည်သူတွေကိုရော သတင်းစကားပါးချင်ပါတယ်။

**ဦးတင်ထွန်းနိုင်**
**ဆိပ်ကြီးခနောင်တိုမြို့နယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး**

ကျွန်တော်တို့ကော်မတီက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတွေကို Focal Committee အနေနဲ့ ထိန်းကျောင်းစိစစ်ရပါတယ်။



၃ - ၆ -၂၀၁၈ ရက်က ကော်မတီအတွင်းရေးမှူး ဦးတင်ထွန်းနိုင် ဦးဆောင်သောအဖွဲ့ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အသေးစားချေးငွေရယူသူများ၏ တစ်နိုင်တစ်ပိုင် အိမ်တွင်းစီးပွားရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာစဉ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဆိုရင်လည်း ဗဟိုဘဏ်နဲ့ ပတ်သက်တဲ့ဆောင်ရွက်ချက်တွေ၊ ညှိနှိုင်းစရာရှိတဲ့ ကိစ္စရပ်တွေကို အချိန်နဲ့တစ်ပြေးညီ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ မကြာသေးခင်ကဖြစ်ခဲ့တဲ့ ဘဏ်များနဲ့ ပတ်သက်တဲ့ ကောလာဟလတွေ၊ ပြည်သူကြားထဲမှာဖြစ်ခဲ့တဲ့ စိုးရိမ်ကြောင့်ကြမှုတွေကို ပြေပျောက်ဖို့ ဗဟိုဘဏ်ဥက္ကဋ္ဌအပါအဝင် တာဝန်ရှိသူတွေနဲ့ သွားရောက်တွေ့ဆုံပြီး တိုင်ပင်ဆွေးနွေးအဖြေရှာဆောင်ရွက်ပါတယ်။

နောက်တစ်ခုကတော့ လွှတ်တော်က နှစ်စဉ်ပြဋ္ဌာန်းပေးနေတဲ့ ပြည်ထောင်စုရဲ့ဘဏ္ဍာငွေ အရ၊ အသုံးဆိုင်ရာ ဥပဒေကြမ်း၊ အများကတော့ ဘတ်ဂျက်ဥပဒေကြမ်းလို့ သိထားပါတယ်။ အဲဒီဥပဒေကြမ်းနဲ့ပတ်သက်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့ရဲ့ အသုံးစရိတ်နဲ့ ရငွေ၊ သုံးငွေတွေကို စိစစ်ရပါတယ်။ ဘတ်ဂျက်ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့က စနစ်လေးတစ်ခု ချမှတ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ အခုတာဝန်ယူရတဲ့ကာလမှာ မူဝါဒတွေကို နောင်ဆက်လက်တာဝန်ယူမယ့်သူတွေထံ လုပ်ထုံးလုပ်နည်း စံနှုန်းလေးတစ်ခု ချပေးခြင်းအားဖြင့် ၂၀၂၀ ပြည့်နှစ်နဲ့ ၂၀၂၅ ခုနှစ်မှာ ဒီကော်မတီကို တာဝန်ယူမယ့်သူတွေအနေနဲ့ ဒီမူဝါဒအပေါ်အခြေခံပြီး အလွယ်တကူ စိစစ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အခြေခံအုတ်မြစ်တည်ဆောက်ပေးခဲ့တဲ့ အနေအထားတစ်ခုပါ။

နောက်တစ်ခုက ကျွန်တော်တို့ကော်မတီက ပြင်ဆင်ပြောင်းလဲအသစ်ရေးဆွဲဖြည့်စွက်ဖို့ရှိတဲ့ ဥပဒေတွေထဲမှာ ၂၀၁၁ ခုနှစ်က ပြဋ္ဌာန်းထားတဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေဆိုတာပါတယ်။ ဒါက ခေတ်ကာလနဲ့လည်း မလျော်ညီတော့ဘူး။ အသေးစားငွေကြေးလုပ်ငန်းတွေက ကျွန်တော်တို့တိုင်းပြည်ထဲမှာ အတော်အရှိန်အဟုန်နဲ့ ဖြစ်ထွန်းပေါ်ပေါက်လာတာ သတိထားမိတယ်။ သူနဲ့ပတ်သက်တဲ့အသင်းဝင်တွေက အသေးစားငွေကြေးအဖွဲ့အစည်းတွေဆီက ချေးငွေရယူပြီး ဆောင်ရွက်နေတယ်။ အဲဒီဝင်ငွေနဲ့ရပ်တည်နေတဲ့ ကျွန်တော်တို့ပြည်သူလူထုတွေကလည်း အခုဆို နှစ်သန်းကျော် သုံးသန်းနီးပါး ရှိတယ်။ ဒီပြည်သူလူထုတွေအတွက် လိုအပ်တဲ့ ငွေပင်ငွေရင်းကို ဥပဒေပါကိစ္စရပ်တွေအတိုင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ ကော်မတီအနေနဲ့ ဒီဥပဒေကို ပြန်လည် လေ့လာဆန်းစစ်ဖို့ လိုအပ်လာတယ်။

ကျွန်တော်တို့အနေနဲ့ ပြောင်းလဲလာတဲ့အခြေအနေ၊ ဖြစ်ထွန်းပေါ်ပေါက်လာတဲ့ အနေအထားအပေါ်မူတည်ပြီး ဒီဥပဒေကို (WFD – Westminster Foundation for Democracy ) အဖွဲ့ရဲ့အကူအညီနဲ့ ဥပဒေပြုပြီးနောက် စိစစ်ခြင်းကို ဆောင်ရွက်တာဖြစ်ပါတယ်။ ဥပဒေကို ဒီအတိုင်းစိစစ်တာမဟုတ်ဘူး။ တည်ဆဲဥပဒေရဲ့ စည်းနှောင်မှုအားတွေ၊ တည်ဆဲဥပဒေတွေရဲ့ ခေတ်ကာလနဲ့လျော်ညီမှုတွေ၊ အားနည်းချက်၊ အားသာချက်တွေကို ကျွန်တော်တို့တွေက အရင်စိစစ်တယ်။ စိစစ်ပြီးတော့မှ အဲဒီအားနည်းချက်၊ အားသာချက်တွေ၊ ခေတ်ကာလ အခြေအနေတွေ၊ အသင်းဝင်တွေ၊ ပြည်သူလူထုတွေ၊ အဖွဲ့အစည်းတွေရဲ့အကြံပြုချက်တွေ၊ သူတို့ရဲ့စိန်ခေါ်မှုတွေကို ထည့်သွင်းစဉ်းစားသုံးသပ်ပြီး ဒီဥပဒေကို ဘယ်လိုဖြစ်သင့်တယ်ဆိုတာ စိစစ်ပြီးတော့မှ ပြင်ဖို့ ကြိုးစားတာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာတော့ ဒီလုပ်ငန်းစဉ်ကို ပထမဆုံးဆောင်ရွက်တဲ့ကော်မတီ ဖြစ်ပါတယ်။

ဥပဒေပြုပြီးနောက် စိစစ်ခြင်းဆိုတဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ကျွန်တော်တို့ လေ့လာတဲ့အခါ ကျွန်တော်တို့ကော်မတီဝင်တွေဟာ တောင်ငူ၊ မန္တလေး၊ ပုသိမ်၊ ရန်ကုန် စတဲ့မြို့ကြီးတွေမှာ အသင်းဝင်တွေနဲ့လည်းတွေ့တယ်။ အဖွဲ့အစည်းတွေက ပိုက်ဆံချေးယူပြီး လုပ်ငန်းလုပ်ကိုင်နေကြတဲ့ အသင်းဝင်တွေနဲ့လည်း ကျွန်တော်တို့ ရင်းရင်းနှီးနှီး လွတ်လွတ်လပ်လပ် တွေ့ဆုံဆွေးနွေးတယ်။ မေးမြန်းတယ်။ သူတို့ရဲ့ တင်ပြချက်တွေကို အသိအမှတ်ပြု နားထောင်တယ်။ တစ်ပြိုင်နက်တည်းမှာ ပါဝင်ပတ်သက်နေတဲ့ Stakeholders တွေ၊ ချေးငွေထုတ်ပေးတဲ့ အဖွဲ့အစည်းတွေနဲ့လည်း တွေ့ဆုံပါတယ်။ သူတို့ရဲ့အခက်အခဲတွေ၊ သူတို့ဖြစ်စေချင်တဲ့ အစိုးရပိုင်းဆိုင်ရာက မူဝါဒတွေ ဒါတွေအားလုံးကို ကျွန်တော်တို့ စုစည်းပါတယ်။

စာမျက်နှာ ၂၀ သို့ ❖

## ပြည်သူ့အရေး လွှတ်တော်ဖော်ဆောင်ပေး

❖ စာမျက်နှာ ၁၉ မှ

နောက်ပြီး ဒီဥပဒေကို ကိုင်တွယ်စီမံခန့်ခွဲနေတဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းပိုင်း ကြီးကြပ်စိစစ်ရေးဦးစီးအဖွဲ့တွေနဲ့လည်း ကျွန်တော်တို့ တွေ့တယ်။ ပညာရှင်တွေရဲ့အကူအညီကို ယူပါတယ်။ နိုင်ငံတကာမှာ အလားတူဥပဒေတွေ ကျင့်သုံးဆောင်ရွက်နေတာတွေကိုလည်း ထည့်သွင်းစဉ်းစားပြီး ၂၀၁၁ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို အသစ်ရေးဆွဲပြီး လွှတ်တော်ကို တင်ပြနိုင်ခဲ့ပါတယ်။

နောက်ပြီး နိုင်ငံတကာက လွှတ်တော်နဲ့ အစိုးရကို ပံ့ပိုးကူညီနေတဲ့အဖွဲ့အစည်းတွေဖြစ်တဲ့ ဂျာမနီနိုင်ငံက GIZ၊ အင်္ဂလန်နိုင်ငံက WFD ဆိုတဲ့ အဖွဲ့အစည်းတွေက လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ ကျွန်တော်တို့ကော်မတီကို လိုအပ်တဲ့ ဥပဒေပြုရေးကိစ္စရပ်တွေမှာ အကူအညီတွေ ပေးတယ်။ ဝန်ထမ်းတွေ၊ ကော်မတီဝင်တွေ အရည်အသွေးမြှင့်တင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဖိုရမ်တွေ စီစဉ်ဆောင်ရွက်နေတာတွေလည်း ရှိပါတယ်။

ဂျာမနီနိုင်ငံက GIZ အကူအညီနဲ့ မြန်မာ့အာမခံဥပဒေကိုလည်း လေ့လာနေပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ အဓိကအာမခံကုမ္ပဏီတွေ ရှိပါတယ်။ ပြည်တွင်းက အစိုးရရဲ့ မြန်မာ့အာမခံပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကအာမခံကုမ္ပဏီတွေပဲဖြစ်ဖြစ် တိုင်းပြည်မှာ တကယ်လိုအပ်နေတဲ့ ကောက်ပဲသီးနှံအာမခံဟာ အခုထိ မကျင့်သုံးနိုင်သေးဘူး။ စိန်ခေါ်မှုတွေလည်း မျိုးစုံရှိနေပါတယ်။ သို့သော် ကျွန်တော်တို့တိုင်းပြည်ဟာ အခုနှစ်ပိုင်းတွေမှာ သဘာဝဘေးဒဏ်ကို ပိုပိုပြီးခံစားလာရတယ်။ သဘာဝဘေးဒဏ်အန္တရာယ်ကို တောင်သူလယ်သမားတော်တော်များများက ဒီအတိုင်း လည်စင်းခံနေရတဲ့သဘော ဖြစ်နေတယ်။

သဘာဝဘေးဒဏ်ကိုတော့ မကျရောက်အောင် ကျွန်တော်တို့ မတားဆီးနိုင်ဘူး။ သို့သော်လည်း တောင်သူတွေအနေနဲ့ သဘာဝဘေးဒဏ်ကြုံလာခဲ့ရင် ကောက်ပဲသီးနှံတွေကို အာမခံထားခြင်းအားဖြင့် သက်သာရာရနိုင်ပြီး ကြီးမားတဲ့ အထောက်အပံ့ဖြစ်လိမ့်မယ်လို့ ယုံကြည်တယ်။ ကျွန်တော်တို့ကော်မတီဝင်တစ်ယောက်က သီးနှံအာမခံထားရေးအဆိုကို လွှတ်တော်ကို တင်ပါတယ်။ အဆိုကလည်း အတည်ဖြစ်တဲ့အတွက် လက်ရှိအာမခံထားတဲ့ ကဏ္ဍတွေကို ပိုမိုဖွံ့ဖြိုးလာအောင် ဥပဒေပိုင်းဆိုင်ရာက ချဉ်းကပ်ပြီး ဆောင်ရွက်ဖို့ ကြိုးစားနေပါတယ်။ GIZ နဲ့ တိုင်ပင်ပြီး နိုင်ငံတကာက ကျွမ်းကျင်တဲ့ပညာရှင် ခေါ်ယူပါတယ်။



၂ – ၆ –၂၀၁၈ ရက်က ကော်မတီအတွင်းရေးမှူး ဦးတင်ထွန်းနိုင် ဦးဆောင်သောအဖွဲ့ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအား ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရောရွှေဝါခန်းမ၌ တွေ့ဆုံစဉ်။

ဥပဒေပိုင်းဆိုင်ရာ အကြံဉာဏ်၊ စီးပွားရေးရာ အကြံဉာဏ် ရယူဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့တိုင်းပြည်ရဲ့ ဒီမိုကရေစီအကူးအပြောင်းက အခုမှ စခါစပဲရှိပါသေးတယ်။ ဒီအခြေအနေမှာတော့ ပြည်သူလူထုသာမက လွှတ်တော်ကိုယ်စားလှယ်တွေ၊ အစိုးရနဲ့ တိုင်းပြည်မှာ နေထိုင်ကြတဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းက ကိုယ်ကျရာအခန်းကဏ္ဍကို တာဝန်သိ စိတ်နဲ့ ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင် ကြိုးစားဖို့ လိုအပ်တယ်လို့ ကျွန်တော်ကတော့ ခံယူပါတယ်။ အရှိန်အဟုန်တစ်ခုနဲ့ ဒီမိုကရေစီအမြစ်တွယ် ရှင်သန်သွားရေးအတွက် ကြိုးစားဖို့ လိုအပ်နေတဲ့အချိန်ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ပြည်သူလူထုက ယုံကြည်စွာ အပ်နှင်းလိုက်တဲ့ တာဝန်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ထမ်းဆောင်နေပါတယ်။ ပြည်သူတွေကလည်း ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ ။

> ဒီဥပဒေကို ကိုင်တွယ်စီမံခန့်ခွဲနေတဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းပိုင်း ကြီးကြပ်စိစစ်ရေးဦးစီးအဖွဲ့တွေနဲ့လည်း ကျွန်တော်တို့ တွေ့တယ်။ ပညာရှင်တွေရဲ့အကူအညီကို ယူပါတယ်။ နိုင်ငံတကာမှာ အလားတူဥပဒေတွေ ကျင့်သုံးဆောင်ရွက်နေတာတွေကိုလည်း ထည့်သွင်းစဉ်းစားပြီး ၂၀၁၁ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကို အသစ်ရေးဆွဲပြီး လွှတ်တော်ကို တင်ပြနိုင်ခဲ့

# ဘလွန်းဒီအောဆုအတွက် ပဏာမကစားသမား ၃၀ စာရင်းတွင် စီရိုနယ်လ်ဒို၊ မက်ဆီနဲ့ ဗန်ဒိုက်တို့ ပါဝင်လာ

၂၀၁၉ ခုနှစ် ဘလွန်းဒီအောဆုအတွက် ပဏာမရွေးချယ်ထားတဲ့ ကစားသမား ၃၀ စာရင်းထဲမှာ ဗန်ဒိုက်၊ စီရိုနယ်လ်ဒိုနဲ့ မက်ဆီတို့ ပါဝင်လာခဲ့ပြီး လီဗာပူးအသင်းကတော့ ဗန်ဒိုက်အပါအဝင် ကစားသမား ခုနစ်ဦးအထိ ပါဝင်လာတာ ဖြစ်ပါတယ်။

လီဗာပူးအသင်း ကစားသမားတွေကတော့ မိုဟာမက်ဆာလာ၊ ဆာဒီယိုမာနေး၊ ရောဘတ်တိုဖာမီနို၊ အလက်ဇန်းဒါးအာနိုး၊ ဝစ်ဂျ်နယ်လ်ဒမ်၊ အလဲဆင်နဲ့ ဗန်ဒိုက်တို့ပဲ ဖြစ်ပါတယ်။ မန်စီးတီးအသင်းကတော့ ကစားသမားငါးဦးအထိ ပါဝင်လာခဲ့ပြီး စတာလင်၊ မာရက်ဇ်၊ ဒီဘရိုင်း၊ ဘာနာဒိုဆေးလ်ဗား၊ ဆာဂျီယိုအဂူရိုတို့ပဲ ဖြစ်ပါတယ်။

စပါးအသင်းကတော့ ဂိုးသမား ဟူဂိုလိုရစ်၊ တိုက်စစ်မှူး ဟယ်ရီကိန်း၊ ဆွန်ဟောင်မင်တို့ ပါဝင်လာတာ ဖြစ်ပါတယ်။ ဘလွန်းဒီအောဆုကို ငါးကြိမ်စီ ရယူထားနိုင်ခဲ့တဲ့ စီရိုနယ်လ်ဒိုနဲ့ မက်ဆီတို့ကလည်း ဘလွန်းဒီအောဆုအတွက် ကစားသမား ၃၀ စာရင်းထဲမှာ အပြိုင်ရေပန်းစားနေတဲ့ ကစားသမားတွေ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းက ဘရာဇီးတိုက်စစ်မှူး နေမာ၊ မန်ယူအသင်းက ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာတို့လည်း ပါဝင်လာခဲ့ပြီး ဘာစီလိုနာအသင်းကတော့ မက်ဆီ၊ ဖရန်ကီဒီဂျောင်၊ တာစတီဂန်နဲ့ ဂရစ်ဇ်မန်းတို့ ပါဝင်လာတာ ဖြစ်ပါတယ်။ ဒ့ါပြင် အာဆင်နယ်တိုက်စစ်မှူး အူဘာမေယန်နဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့သွားတဲ့ ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဟာဇက်လည်း ပါဝင်လာပါတယ်။

၂၀၁၉ ခုနှစ် ဘလွန်းဒီအောဆုရှင်ကို ဒီဇင်ဘာ ၂ ရက်မှာ ပြင်သစ်နိုင်ငံ ပါရီမြို့မှာ တရားဝင်ထုတ်ဖော်ကြေညာသွားမှာဖြစ်ပြီး ၂၀၁၈ ခုနှစ် ဘလွန်းဒီအောဆုကိုတော့ လူကာမိုဒရစ်ကရရှိခဲ့ကာ မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့ရဲ့ ခုနစ်နှစ်ကြာ လွှမ်းမိုးထားမှုကို အဆုံးသတ်စေခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးနောက်တန်းကစားသမား ဗန်ဒိုက်ဟာ ဩဂုတ်လအတွင်းက ယူအီးအက်ဖ်အေ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု ရရှိခဲ့ပြီးနောက် ဘလွန်းဒီအောဆုကို ရရှိလိမ့်မယ်လို့ ရေပန်းစားနေတာ ဖြစ်ပါတယ်။






## အမျိုးသမီး ဘလွန်းဒီအောဆု ပဏာမစာရင်းတွင် ဘရွန်းဇ်နဲ့ အီလန်ဝှိုက်တို့ ပါဝင်လာ

အင်္ဂလန်အမျိုးသမီးဘောလုံးအသင်းရဲ့ အကောင်းဆုံးကစားသမားတွေဖြစ်တဲ့ လူစီဘရွန်းဇ်နဲ့ အီလန်ဝှိုက်တို့ဟာ ၂၀၁၉ ခုနှစ် အမျိုးသမီး ဘလွန်းဒီအောဆုအတွက် ပဏာမရွေးချယ်ထားတဲ့ စာရင်းထဲမှာ ပါဝင်လာတာ ဖြစ်ပါတယ်။

မန်စီးတီးအမျိုးသမီးအသင်းတိုက်စစ်မှူး အီလန်ဝှိုက်နဲ့ လိုင်ယွန်နောက်တန်းကစားသမား လူစီဘရွန်းဇ်တို့ဟာ ဇူလိုင်လအတွင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်အမျိုးသမီးအသင်းကို ဆီမီးဖိုင်နယ်အဆင့် ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူတွေလည်း ဖြစ်ပါတယ်။

အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲမှာ အခုနှစ်မှ စတင်တာဖြစ်လို့ ဘလွန်းဒီအောဆုအတွက် ကစားသမားအတော်များများကို ရွေးချယ်ထားပါတယ်။ အမေရိကန်အမျိုးသမီးအသင်း ပူးတွဲအသင်းခေါင်းဆောင်နှစ်ဦးဖြစ်တဲ့ အဲလက်မော်ဂန်နဲ့ ရာပီနိုးတို့ဟာ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခြောက်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ဘလွန်းဒီအောဆု ပဏာမစာရင်းမှာ ပါဝင်လာပါတယ်။ ဘရာဇီးအသင်းမှ မာတာ၊ နယ်သာလန်ဂိုးသမား ဆာရီဗန်ဗီးနန်ဒယ်နဲ့ ပြင်သစ်နောက်တန်းကစားသမား ရီနာ့ဒ်တို့လည်း ပါဝင်လာပါတယ်။

ငွေကြယ် – ရေးသားသည်

# အသိပေးကြေညာခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)အသင်းအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် တရားဝင်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ဟိန္ဒူဘာသာရေးအသင်းအဖွဲ့ကြီးအဖြစ် ၁၇-၉-၂၀၁၉ရက်စွဲပါစာဖြင့် အသိအမှတ်ပြုချက်နှင့်အညီ ဤအသင်းမှ ဘာသာရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အလားတူ ဟိန္ဒူဘာသာရေးအသင်းအဖွဲ့ကြီးဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ ချုပ်နှင့်အတူ ညှိနှိုင်းတိုင်ပင် ဆွေးနွေး ပူးပေါင်း လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်အဖွဲ့ဝင်များ(ကိုယ်စား)**

**ဦးသိန်းလွင်** — **ဦးချစ်ဝင်း**

**ဥက္ကဋ္ဌ** — **အထွေထွေအတွင်းရေးမှူး**

**မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**


## ☸ စိုင်းခွန်နောင် ကုမ္ပဏီ မှ

**မြို့နယ်စုံမှ လုပ်ငန်းလုပ်ရန်ကောင်းသော မြေညီထပ်များနှင့်အမှတ်(၂)/(၃)လမ်းမပေါ်ရှိ မြေကွက်ကျယ်ကျယ်များအမြန်ဝယ်လိုသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ် အပ်နှံရန် ဖိတ်ခေါ်အပ်ပါသည်။**

Ph: 01-860 4442, 01-860 3566,
09 4431 65656, 09 250 373716

E.mail : saikhungnoung1995@gmail.com


### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သန်းဝင်းကို[၈/မလန(နိုင်)၁၂၂၆၁၂]၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၆၁၄၅၈၉

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ကျော့ဝေလင်း[၈/တတက(နိုင်)၂၀၃၄၂၆]၏နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၇၆၂၀၅၁

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သက်နိုင်ဦး[၈/မလန(နိုင်)၁၁၈၄၀၈]၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၇၈၁၆၁၄၅၈၉

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သိန်းဇော်[၈/မလန(နိုင်)၀၈၅၉၈၃]၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၆၁၄၅၈၉

### ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးဇော်[၈/တတက (နိုင်) ၁၄၆၄၉၉]၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၇၆၂၀၅၁


G E S C တရုတ်စကားပြောသင်တန်းတွင် (၆)လကြိုတင်သင်တန်းတက်ပြီး ကျောင်းမှမိုးသက်လေးနှင့် အလုပ်ရသွားသည် ကျောင်းသူကျောင်းသားများ




ဖုန်း- ၀၉၅၀-၆၃၃၆၉၊ ၀၉၅၄-၁၀၅၉၂ ရန်ကုန်တွင်လုပ်ရမည်။ လစာ(၃သိန်းမှ၆သိန်းကြား)




ဦးသာရင် ၏ ဆေးလိပ်ကုမ္ပဏီ
လေငန်းလိမ်းဆေးမှုန့်
ကိုယ်ရည်သွေးဆေးမှတ်ပုံတင်အမှတ် – TMR 002767 (0519)
လေငန်းထပ်၍ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ဖြစ်လျှင်လိမ်းနိုင်ပါသည်။
SGS Certificate TH09/3125
SGS UKAS Certificate TH06/3966
ISO 9001:2015 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက်

METRO
IT & Japanese Language Centre

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက်
IT Engineer တစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် မြှင့်တင်ပေးနေသည်
Only One School in Myanmar
Japan Style Career Education



IT Course Seminar
27 . October . 2019 (Sun)
1:00 pm - 3:00 pm
Metro ( Yangon )
IT & Japanese Language Centre
09-262007800
09-262007900

- System Creator Course ( 2 years )
- Web Engineer Course ( 2 years )

2019 December Intake
တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ

- ဂျပန်နိုင်ငံ Nagasaki မြို့ရှိ Metro IT Business College မှတိုက်ရိုက်ချမှတ်ပေးသည့် IT ဘာသာရပ် သင်ရိုးညွှန်းတမ်းများအတိုင်း မြန်မာနိုင်ငံတွင် ပညာသင်စရိတ်သက်သာစွာဖြင့် သင်ကြားပေးနေသော သင်တန်းကျောင်း
- ဂျပန်နိုင်ငံမှ IT ပညာရှင်ဆရာများက ဦးစီး၍ အတွေ့အကြုံရှိ IT ပညာရှင် မြန်မာလူမျိုးဆရာ၊ ဆရာမများက IT ဘာသာရပ်များကို သင်ကြားပေးပြီး ဂျပန်ဘာသာရပ်နှင့် English ဘာသာရပ်များတွင်လည်း သင်ကြားရေးအသိအမှတ်ပြုလက်မှတ်ရ ဂျပန်လူမျိုး Native ဆရာများနှင့် အတွေ့အကြုံရှိ မြန်မာလူမျိုး ဆရာ၊ ဆရာမများက နေ့စဉ်တကျ သင်ကြားပေးနေသောသင်တန်းကျောင်း
- English ဘာသာဖြင့် သင်ကြားပို့ချပေးသည့် IT ပညာရပ်များကို လေ့လာရာတွင် အခက်အခဲမရှိစေရန် English ဘာသာရပ်ကိုလည်း စာသင်ချိန်များတွင် ထွဲဖက်၍ သင်ကြားပေးနေသော သင်တန်းကျောင်း
- ဂျပန်နိုင်ငံ၏ IT ကုမ္ပဏီများတွင် IT Engineer များအဖြစ် အလုပ်အကိုင် ဝင်ရောက်နိုင်ရန်နှင့် ဂျပန်ကုမ္ပဏီများတွင် IT နှင့်ဆက်စပ်နေသော မီဒီတိုဒါသနာပါရာ အလုပ်အကိုင်များကို လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ဂျပန်ဘာသာရပ်ကိုလည်း ကျွမ်းကျင်စွာတတ်မြောက်သည်အထိ အခမဲ့ ထွဲဖက်သင်ကြားပေးနေသော သင်တန်းကျောင်း
- ကျောင်းသားကျောင်းသူတစ်ဦးချင်းစီအား Continuous Assessments System ဖြင့်သင်ကြားအကဲဖြတ်ပေးပြီး သင်တန်းကာလအတွင်း ကျောင်းသား၏ Level နှင့်ကိုက်ညီသော IT Course များကို ပြောင်းလဲလေ့လာသင်ယူနိုင်ရန် စီမံထားသည့် သင်တန်းကျောင်း
- သင်တန်းကာလ ၂နှစ်တာပြီးမြောက်ချိန်တွင် ဂျပန်နိုင်ငံ Metro IT Business College မှ အသိအမှတ်ပြု Diploma အောင်လက်မှတ်ကို ရရှိနိုင်မည့်အပြင် ဂျပန်နိုင်ငံ၏ National Exam တစ်ခုဖြစ်သော ITPEC Exam ၏ IT အရည်အချင်းစစ် အင်ဂျင်နီယာအောင်လက်မှတ်များ (IP,FE) နှင့် ထွဲဖက်သင်ကြားပေးသော ဂျပန်ဘာသာရပ်တွင်လည်း ဂျပန်နိုင်ငံအသိအမှတ်ပြု ဂျပန်ဘာသာ အရည်အချင်းစစ် (N5,N4,N3) Level အသီးသီးအောင်လက်မှတ်များ ရရှိနိုင်ဆိုင်နိုင်အောင် လေ့ကျင့်သင်ကြားပေးနေသောကျောင်း
- သင်တန်းကာလပြီးမြောက်ချိန်တွင် ကျောင်းသားများ၏ အရည်အချင်းအလိုက် အလုပ်အကိုင်လမ်းညွှန်မှု ( Job Guidance) နှင့် လုပ်ငန်းခွင်များသို့ အလုပ်အကိုင်ဝင်ရောက်စေရန် အလုပ်မိတ်ဆက်ပေးခြင်း (Job Intoduction ) များကို ဆောင်ရွက်ပေးနေသောကျောင်း

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo,Pansodan Street (middle), Kyauktada Township, Yangon. :metrogroupmyanmar

## ဒေါ်ကျင်ဖိုး
### အသက်(၉၁)နှစ်
မော့ကနင်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၁၃)၊ လေးလွှာနေ (ဦးစစ်ဝိုး)၏ ဇနီး၊ ဦးတင်ထွဋ်၊ ဘုရင့်နောင် ဦးသိန်းထွန်း-ဒေါ်စန်းစန်း(သစ္စာမဏ္ဍိုင်ပွဲရုံ)၊ ဒေါက်တာတင်အောင်-ဒေါ်သန်းသန်းမြင့်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၂-၁၀-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၉၈)၊ (၁၂)လမ်း၊ မြေညီထပ်၊ လမ်းမတော်မြို့နယ်၊ စံပြရုပ်ရှင်ရုံဘေးလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြသောင်း (ကျိုက်ထော်)
### အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ကျိုက်ထော်(မ)ကျေးရွာနေ (ဦးထွန်းအောင်-ဒေါ်လှတင်)တို့၏ သားကြီး၊ (ဒေါ်အေးကြူ)၏ မောင်၊ ရန်ကုန်မြို့နေ ဦးတင်ဝင်း-ဒေါ်ခင်ခင်ဝင်း၊ (ဦးလှ)-ဒေါ်ခင်သိန်းတို့၏ အစ်ကိုကြီး၊ အမှတ်(၄၅)၊ (၅၅)လမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်သန်းရွှေ (အောင်စတိုး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲလွင်ဦး-ဒေါ်ဟေမာသင်း၊ မအိမွန်သန့်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်မြတ်ထူးဟန်၊ မအေးသီရိမွန် (ထ-၅၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၁-၁၀-၂၀၁၉ ရက် နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း (ပိန်းကန်)
ကုန်းလမ်းပို့ဆောင်ရေးဌာန(အင်းစိန်ဌာနခွဲ-ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၁)လမ်းတောင်၊ အမှတ်(၂၉၁)နေ (ဦးလှမောင်-ဒေါ်ချစ်)တို့၏ သား၊ (ဦးတင်လှ-ဒေါ်သန်းမြ)တို့၏ သားသမက်၊ ဒေါ်အေးအေး၏ ခင်ပွန်း၊ (ဦးလှထွန်း-ဒေါ်မာလာမြင့်)၊ ဦးသန်းနိုင်၊ ဦးထွန်းထွန်း-ဒေါ်သန္တာမြင့်၊ ဦးအေးသိန်း-ဒေါ်ကေသီမြင့်၊ ဦးဝင်းလွင်မြင့် (ရောဂဗေဒဘဏ်)-ဒေါ်သန်းသန်းစိုး၊ ဦးမောင်ကြီး-ဒေါ်သီတာမြင့်၊ ဦးတေဇာမြင့်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးမြင့်သိန်းသည် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း (ပိန်းကန်)
ကုန်းလမ်းပို့ဆောင်ရေးဌာန(အင်းစိန်ဌာနခွဲ-ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ (၁)လမ်းတောင်၊ အမှတ်(၂၉၁)နေ (ဦးလှမောင်-ဒေါ်ချစ်)တို့၏ သား၊ ဒေါ်အေးအေး၏ ခင်ပွန်း၊ ဦးစောထွန်း-ဒေါ်ရီ၊ (ဦးခင်မောင်-ဒေါ်ရင်နု)၊ (ဦးထွန်းကြည်-ဒေါ်အေးလှိုင်)၊ (ဦးနီ-ဒေါ်ခင်ဥ)၊ (ဦးထွန်းရီ)-ဒေါ်မြင့်မြင့်၊ (ဦးတင်မောင်)-ဒေါ်ခင်ညွန့်၊ (ဦးမြင့်စိန်)-ဒေါ်ခင်ရွှေ၊ ဦးဝင်းနိုင်-ဒေါ်ယဉ်မေတို့၏ ညီ/မောင်၊ ဦးတင်ဦး၊ (ဒေါ်မြစိန်)တို့၏ အစ်ကို ဦးမြင့်သိန်းသည် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့)နံနက် ၄:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၉ (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဇော်ဝင်း
B.Sc., H.G.P.,R.L.
သမဝါယမဌာနမှူး-ငြိမ်း၊ ဖာပွန်မြို့
တရားလွှတ်တော်ရှေ့နေ
### အသက်(၇၃)နှစ်

မုံရွာမြို့၊ သာစည်လမ်းနေ (ဒေါ်နွဲ့)၏ မြေး၊ (ဦးသာငွေး-ဒေါ်စန်းမြိုင်)တို့၏ သား၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မြလမ်း၊ အမှတ်(၃၃)၊ သုံးလွှာနေ ဒေါ်ငွေးငွေးကြွယ်၏ ခင်ပွန်း၊ ကိုဝေဖြိုးမောင်-မအေးမြင့်မြင့်ဝန်း(ခ)ခေမာသော်တို့၏ မွေးသဖခင် ဦးဇော်ဝင်းသည် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်သင်
B.Com (1980)
ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း)
စက်မှုဝန်ကြီးဌာန
ယခင် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ စက်မှု(၁)
### အသက်(၆၄)နှစ်

(ဗိုလ်ကြီးသာညွန့်-ဒေါ်ခင်မကြီး)တို့၏ သား၊ (ဦးကျော်သိန်း-ဒေါ်ကြည်အေး)တို့၏ သားသမက်၊ (ဒေါ်မော်မော်ကြည်)၏ ခင်ပွန်း၊ ဗိုလ်ကြီးသူဇော်သင်-ဒေါ်စောမြတ်သန္တာကျော် (ဦးစီးအရာရှိ၊ ခုတင်-၂၀၀၊ ပြည်သူ့ဆေးရုံ၊ပျဉ်းမနား)၊ ဗိုလ်ကြီးကျော်သန်းဦး-ဒေါ်မို့မို့ဇော်သင်တို့၏ ဖခင်၊ မောင်ဖြိုးစစ်သင်ကျော်၏ အဘိုးသည် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့)နံနက် ၉ နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (၁၀ မိုင်ကုန်း၊ တိုက်-၉၊ အခန်း-၄ နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စိန် (စစ်ကွင်း)
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ စက်မှုရိပ်သာ၊ တိုက်အမှတ်(၂၅)၊ အခန်းအမှတ်(၁၇)နေ (ဦးသန်းရွှေ-ဒေါ်တိုး)တို့၏ သမီး၊ [ဦးသာညွန့် (မြန်မာ့မီးရထား-ငြိမ်း)]၏ဇနီး၊ (ဦးဇော်လင်း)-ဒေါ်နွယ်နွယ်၊ ဒေါ်စန်းစန်းဝေ (လ/ထ စက်ရုံမှူး-ငြိမ်း၊ ဆပ်ပြာစက်ရုံ)၊ ဦးတင်အေး-ဒေါ်နွယ်နွယ်အေး (MIP)၊ ဒေါ်အိအိခင်(လ/ထ မန်နေဂျာ-ငြိမ်း၊ မြန်မာ့မီးရထား)၊ ဒေါ်လဲ့လဲ့ထွေး (လ/ထ ညွှန်မှူး၊ PP စိုက်ပျိုးရေး)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ရဲဝင့်ဇင်-မမြတ်ကေခိုင်(MIP)၊ မောင်ထက်အောင်၊ မသက်ထားဆွေတို့၏အဘွားသည် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း ဒါယကာကြီး
## ဦးထွန်းကြွေ (BA.,BL) (တောင်သာ)
(လူဝင်မှုကြီးကြပ်ရေးဝန်ထောက်-ငြိမ်း)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၁၈၀)နေ (ဦးမောင်ဥ-ဒေါ်မယ်သ)တို့၏ သားကြီး၊ [ဒေါ်ညိုညိုအေး (အထက်တန်းပြဆရာမ ထ-၅၊ ဗိုလ်တထောင်-ငြိမ်း)]၏ ခင်ပွန်း၊ ဦးဟိန်းဟိန်း (EX C/E MTMSM)-ဒေါ်လဲ့လဲ့ဦး (Ocean Pearl Inn)၊ အမေရိကန်နိုင်ငံ၊ LA မြို့နေ MR.Daniel Vanderpyl-ဒေါ်ခင်မမပြုံး၊ (ကိုထူးထူးအောင်)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မဖူးကလျာခိုင်(SONIC AIR SYSTEMS INC)၊ (ခေတ္တ-USA)၊ မောင်မင်းသူရှိန်ခန့် (3rd Year Business၊ ခေတ္တ-USA)တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂:၅၈ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား ဒါယကာကြီး
## ဦးသောင်းချစ်
ကုန်သွယ်လယ်ယာ၊ ဒိုင်မှူး (ငြိမ်း)
### အသက် (၈၈) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ ဘုရားလမ်းနေ (ဦးစိန်လှိုင်-ဒေါ်အုန်းစိန်)တို့၏ သား၊ (ဦးအောင်ငြိမ်း-ဒေါ်နှင်းညွန့်)တို့၏သားသမက်၊ (ဒေါ်တင်လှ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှသိန်း - ဒေါ်အေးမိမော် (မေဘရဏီ ပျိုးဥယျာဉ်)၊ ဒေါ်ဝါဝါခိုင် (မေဘရဏီစတိုး)၊ (ဦးဇော်ဝင်းထွန်း)-ဒေါ်ချိုချိုမြင့် ( အ.ထ.က၊ ဘုရားကြီး)၊ ဒေါ်စန္ဒာတင်၊ ဒေါ်နန်းမြင့်လှိုင် (အ.ထ.က ဘုရားကြီး)၊ ဦးကျော်ဝင်းထွန်း၊ (ဦးမိုးမင်းထွန်း)တို့၏မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၁.၁၀.၂၀၁၉ (တနင်္လာနေ့) နံနက် ၀၀:၁၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃.၁၀.၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ဘုရားကြီးမြို့၊ ထန်းပင်ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇.၁၀.၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် ဘုရားကြီးမြို့၊ ဘုရားလမ်း၊ P-6 မေဘရဏီနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်လွင်(ခ)ဦးခီဆောင်
(ငါးသိုင်းချောင်းမြို့)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၁၅)၊ ပထမထပ်နေ ဒေါ်အေးအေးနိုင်၏ ခင်ပွန်း၊ ကိုပြည့်ဖြိုးအောင်၊ ကိုသော်ဖြိုးအောင်၊ မဖြူနှင်းလွင်တို့၏ ဖခင်၊ ဦးဝင်းသိန်း-ဒေါ်ကျင်ရှန်၊ (ရဲမှူးအောင်လွင်)-ဒေါ်ဒေစီ၊ ဦးသန်းနိုင်(သချ်ာသန်းနိုင်)-နန်းတိုးတိုးအေး၊ ဒေါ်တင်တင်အေး-ဦးမင်းလွင်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်တင်တင်ထွေးတို့၏ အစ်ကိုကြီးသည် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁:၄၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်သောင်း
(Supervisor) မြန်မာ့စီးပွားရေးဘဏ်(စာရင်းရုံး)-ငြိမ်း
### အသက် (၆၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖ.ဆ.ပ.လ ရပ်ကွက်၊ တိုက်ဟောင်း(၁)၊ အခန်းအမှတ် (၆)နေ (ဦးသောင်း-ဒေါ်လှကြည်)တို့၏ သမီး၊ ဦးညွန့်ရီ၊ ဒေါ်ခင်သန်းဝင်း (Account Manager C.N.C)တို့၏ ညီမ၊ ဦးမျိုးညွန့် (တရားလွှတ်တော်ရှေ့နေ)တို့၏အစ်မ ဒေါ်မြင့်မြင့်သောင်းသည် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဟန်တင့်
အထက-၂၊ ပုဇွန်တောင် ကျောင်းသားဟောင်း
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ်(၄၂၂)နေ (ဦးအောင်တင့်-ဒေါ်စန်းရီ)တို့၏ သား၊ ဦးဉာဏ်လင်း(UK)-ဒေါ်နုနုရီ(UK)၊ ဒေါ်ငွေးငွေးလှ(UK)၊ ဒေါ်ရီရီလှ(ဇီဝိတဒါနသံဃာ့ဆေးရုံ)တို့၏ ညီ/မောင်၊ ဦးမျိုးမြတ်တင့်၏ အစ်ကို၊ မောင်ကောင်းစံလင်း(UK)၏ ဦးလေးသည် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၂:၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

မြိတ်မြို့နယ် အသင်း(ရန်ကုန်)
## ဒေါ်အေးပို (မြိတ်)
### အသက်(၇၄)နှစ်
အသင်းဝင်အမှတ်(၁၄၀၉)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်းတို၊ အမှတ်(၁၁၂)၊ လေးလွှာနေ (ဦးကျော်ရှိန်)၏ဇနီးသည် ၂၁-၁၀-၂၀၁၉ ရက်တွင်ပင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးပါကြောင်း။

အမှုဆောင်အဖွဲ့

ခရမ်းမြို့နယ် အသင်း(ရန်ကုန်)
## ဦးသန်းအေး
(ဒုအရာခံဗိုလ်၊ ရေတပ်-ငြိမ်း) (ခရမ်း)
### အသက် (၆၆)နှစ်
အသင်းဝင်အမှတ်-၁၃၁၁

ခရမ်းမြို့နေ (ဦးလှခိုင်-ဒေါ်စိန်တင်)တို့၏ သား၊ လှည်းကူးမြို့နယ်၊ ဆားတလင်းကျေးရွာနေ ဦးချစ်လှိုင်-(ဒေါ်သိန်းမြ)တို့၏ သားသမက်၊ ကိုသက်မှူးအောင်-မသိမ့်သိမ့်လှိုင်၊ မရွှေစင်အေး၊ ကျင်းပေါင်(ခ)မောင်ထွန်းသန့်ဇော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ လှည်းကူးမြို့နယ်၊ ဆားတလင်းကျေးရွာနေ ဒေါ်စိန်မြင့်၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းအေးသည် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဆားတလင်းကျေးရွာသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ
## ဦးဟန်ကိုကို
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ မြခွာညိုလမ်း၊ အမှတ်(၁)နေ ဦးဟန်တင့်-ဒေါ်ခင်ခင်ဖြူတို့၏ သားကြီး၊ ဒေါ်အေးမိစံ၏ တူ/သား၊ ကိုတိုးသူဟန်(ခ)ကိုကျင်တိုး၊ မမေနွယ်စော၊ ကိုဇေယျာထွန်း-မသန်းသန်းခိုင်၊ ကိုညီညီစိုး-မချောကလျာ၊ မဇင်သီမာပွင့်လှိုင်တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ တူ/တူမငါးယောက်တို့၏ ဘကြီး၊ မြေးတစ်ယောက်၏အဘိုး၊ ဒေါ်မြင့်မြင့်စန်း၏ ချစ်လှစွာသောခင်ပွန်း၊ မချမ်းမြေ့နှင်း၏ မွေးသဖခင်ကျေးဇူးရှင် ဦးဟန်ကိုကိုသည် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၄ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်းရီ (ရွှေဘို)
### အသက်(၇၂)နှစ်
B.Com(AA) 64/68
ဒုတိယတိုင်းစာရင်းစစ်အရာရှိ(ငြိမ်း)၊ ရန်ကုန်တိုင်းစာရင်းရုံး
Khin Win Yi & Associate Audit Firm

ရွှေဘိုမြို့၊ အနောက်ဈေးရပ်နေ [ဦးဇော်(သစ်တော)-ဒေါ်အေးရင်]တို့၏ သမီး၊ ဒေါ်ခင်စိန်၏ ညီမ၊ ဒေါက်တာမြင့်နိုင်(စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်)-ဒေါ်ချူးချူး(ခ)ဒေါ်တင့်တင့်၊ ဦးမျိုးမြင့်-ဒေါ်ခင်နှင်းဆီ၊ ဒေါ်သင်းသင်းကြူတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေမိုးကောင်းကွန်ဒို၊ အမှတ်(၁၁၂)၊ C-၂၁၀ နေ ဦးရဲထွဋ် (လုပ်သားပြည်သူ့နေ့စဉ်-ငြိမ်း)၏ ဇနီး၊ ဒေါ်ခင်ဇာနည်ထွဋ်(Fisc)၊ ဦးအာကာထွဋ်တို့၏မိခင် ဒေါ်ခင်ဝင်းရီသည် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) ထိုင်းနိုင်ငံဒေသစံတော်ချိန် နံနက် ၁၀:၅၉ နာရီတွင် ဘန်ကောက်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့၊ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဟသ်ာတအသင်း
## ဒေါ်ခင်ဝင်းရီ (ရွှေဘို) (၇၂)နှစ်
B.Com(AA) 64/68
ဒုတိယတိုင်းစာရင်းစစ်အရာရှိ(ငြိမ်း)၊ ရန်ကုန်တိုင်းစာရင်းရုံး
Khin Win Yi & Associate Audit Firm

ရွှေဘိုမြို့၊ အနောက်ဈေးရပ်နေ [ဦးဇော်(သစ်တော)-ဒေါ်အေးရင်]တို့၏ သမီး၊ ဒေါ်ခင်စိန်၏ ညီမ၊ ဒေါက်တာမြင့်နိုင်(စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်)-ဒေါ်ချူးချူး(ခ)ဒေါ်တင့်တင့်၊ ဦးမျိုးမြင့်-ဒေါ်ခင်နှင်းဆီ၊ ဒေါ်သင်းသင်းကြူတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေမိုးကောင်းကွန်ဒို၊ အမှတ်(၁၁၂)၊ C-၂၁၀ နေ ဟသ်ာတအသင်း တွဲဖက်အတွင်းရေးမှူး ဦးရဲထွဋ်၏ ဇနီး၊ ဒေါ်ခင်ဇာနည်ထွဋ်(Fisc)၊ ဦးအာကာထွဋ်တို့၏မိခင် ဒေါ်ခင်ဝင်းရီသည် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) ထိုင်းနိုင်ငံဒေသစံတော်ချိန် နံနက် ၁၀:၅၉ နာရီတွင် ဘန်ကောက်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့၊ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ် ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (အသင်းတိုက်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့
ဟသ်ာတအသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှလှဝင်း
စာရင်းကိုင်(ငြိမ်း)၊ လေကြောင်းဦးစီးဌာန
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ (၁၆၁)လမ်း၊ တိုက်အမှတ်(၃)၊ ဒု-ထပ်(ယာ)နေ (ဦးဘဟန်-ဒေါ်ခင်တင့်)တို့၏ သမီးကြီး၊ ဦးမောင်မောင်၊ ဦးသန်းငွေး၊ ဦးတင်နွယ်-(ဒေါ်သန်းကြင်)၊ ဒေါ်ခင်စန်းဝင်း၊ (ဦးမျိုးသန့်)-ဒေါ်ဆွေဆွေ၊ ဦးသိန်းဟံ-ဒေါ်သင်းသင်းကျော်၊ ဦးရဲဝင်းအောင်-ဒေါ်ခင်ခင်လေး၊ ဒေါ်ခင်ခင်ထွေးတို့၏ ချစ်လှစွာသောအစ်မကြီး၊ တူ/တူမ ခြောက်ယောက်တို့၏ ကြီးဒေါ်ကြီး၊ မြေးတစ်ယောက်၏ ဘွားဘွားကြီး ဒေါ်လှလှဝင်းသည် ၂၂-၁၀-၂၀၁၉ ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးဝင်း(ခ)ဒေါ်နုနုဝင်း
မြန်မာ့အာမခံလုပ်ငန်း(ငြိမ်း)
### အသက်(၆၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဦးရွှေဝွန်းလမ်း၊ အမှတ်(၃၂)၊ ပထမထပ်နေ (ဦးမောင်ငွေ-ဒေါ်ကြည်)တို့၏ သမီး၊ (ဦးလှမောင်-ဒေါ်ရင်ကြည်)တို့၏ သမီးချွေးမ၊ ဦးမြင့်ထူး၏ဇနီး၊ ဦးမျိုးဝင်း-(ဒေါ်စန်းစန်း)၊ ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့်သန်းတို့၏ ညီမ၊ ဒေါ်လှလှဝင်း(SME-Development Bank)၊ (ဦးသန်းထွန်း)-ဒေါ်ခင်သီတာဝင်း၊ (ဦးအောင်ကျော်မိုး)၊ ဦးမျိုးသန့်အောင်(Fortune Co.,Ltd)-ဒေါ်တင်မျိုးသူ (မြန်မာ့အာမခံလုပ်ငန်း-ငြိမ်း)တို့၏ အစ်မ၊ ကိုရာဇာဖြိုး-မအေးမြတ်မွန်၊ မမေမြတ်ထူးတို့၏ ချစ်လှစွာသောမိခင်သည် ၂၂-၁၀-၂၀၁၉ရက် နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၇:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဇော်မြင့် (ပ/၃၀၁၇)
### အသက် (၆၅)နှစ်
အောင်ဆန်း (၁၁)
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ရန်ကုန်မြို့တော် စည်ပင်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဟေမာလမ်း၊ အမှတ်(၅၀)နေ (ဦးလှဘော်-ဒေါ်ခင်ထား)တို့၏ သား၊ မောင်အောင်ချမ်းမြေ့-မသန်းသန်း၊ မကြော့ယမင်းတို့၏ ဖခင်၊ ဒေါ်ချိုချိုငြိမ်း (အောင်ဆန်း-၁၁၊ ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ ထွေ၊အုပ်)၏ခင်ပွန်း ဦးဇော်မြင့်သည် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသူငယ်ချင်းများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အောင်ဆန်း(၁၁) သူငယ်ချင်းမိတ်ဆွေများ

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈)ဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement– NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါကြောင်း၊ ဆက်လက်၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၂)ဖွဲ့သည် NCA စာချုပ်တွင် ထပ်မံပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ۞

## အာဆီယံဖူဆယ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း ဆီမီးဖိုင်နယ် တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၂၂**

၂၀၁၉ အာဆီယံဖူဆယ်ပြိုင်ပွဲ အုပ်စု ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင်အသင်းသည် နှစ်ပွဲဆက် ဂိုးပြတ်နိုင်ပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

**ဂိုးပြတ်အနိုင်ရ**

မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းကို ၁၃ ဂိုး–သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းကို ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးပွဲမတိုင်မီ ထိုင်းအသင်းနှင့်အတူ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၈၊ ၂၇၊ ၂၈ မိနစ်တွင် အောင်ဇင်ဦးက သုံးဂိုး၊ ၁၃၊ ၁၄ မိနစ်တွင် ပြည့်ဖြိုးမောင်–(၃)၊ ၁၃၊ ၂၄ မိနစ်တွင် ကိုကိုလွင်၊ ၂၁၊ ၄၀ မိနစ်တွင် လှိုင်မင်းထွန်းတို့က နှစ်ဂိုးစီ သွင်းယူပြီး ကျန်အနိုင်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖



မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ကမ္ဘာ့ဖလားခြေစစ်ပွဲ နှစ်ပွဲနှင့် နိုင်ငံတကာခြေစမ်းပွဲ တစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်း

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ် အန်တွမ်နီပေးသည် နိုဝင်ဘာလတွင် ကစားမည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲအုပ်စုနှစ်ပွဲနှင့် နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားရန် ကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ် အန်တွမ်နီပေးသည် ကစားသမားများ၏ ခြေစွမ်းကို စောင့်ကြည့်လိုသောကြောင့် ပဏာမကစားသမား ၃၅ ဦးအထိ ရွေးချယ် ခဲ့ခြင်းဖြစ်ပြီး ၎င်းဖွဲ့စည်းသည့် လူစာရင်းတွင် မျက်နှာသစ်ကစားသမားအချို့နှင့် လက်ရွေးစင်အသင်းနှင့် ကာလအတန်ကြာ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❒

### ကြေးမုံ ယနေ့ ဖတ်စရာ


ထိုင်း–ဂျပန် ဖက်စပ်ကုမ္ပဏီက မြန်မာနိုင်ငံ၌ ဘတ်သန်း ၅၀၀ တန် အိမ်သုတ်ဆေးစက်ရုံ တည်ဆောက်မည်
စာမျက်နှာ » ၇

နန့်မွန်–ချောင်းဝ–ညောင်ပင် ကွန်ကရစ်လမ်းပြီးစီးပါက အင်းတော်ကြီး ကန်တစ်ပတ် အဆင်ပြေစွာ သွားလာနိုင်တော့မည်
စာမျက်နှာ » ၈

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ပြိုင်ဘက်ဟောင်းအား ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်
စာမျက်နှာ » ၁၂

ထိုင်းနိုင်ငံတွင် ရေပြတ်လပ်နိုင်မှုကြောင့် ချွေတာသုံးစွဲကြရန် အစိုးရ သတိပေး
စာမျက်နှာ » ၁၃



